

# သစ်တောကြေးမုံ

၂၀၂၀ ပြည့်နှစ် မတ်လ



"စာတွေ့ပိုင်၍ လက်တွေ့နိုင်သည့် မြန်မာနိုင်ငံသစ်တောကျောင်း"







# မာတိကာ


| | |
|---|---|
| ➤ စာတွေ့ပိုင်၍ လက်တွေ့နိုင်သည့် မြန်မာနိုင်ငံသစ်တောကျောင်း | မျက်နှာဖုံး |
| ➤ သမိုင်းအစဉ်အလာကြီးမားခဲ့သည့် မြန်မာနိုင်ငံသစ်တောကျောင်း **(ခေါင်းကြီး)** | ၁ |
| ➤ သတင်းများကဏ္ဍ | ၂–၆ |
| ➤ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ဖမ်းဆီးရမိသတင်းများ | ၇–၈ |
| ➤ ရေနံချောင်းမြို့နယ် အထူးစိမ်းလန်းစိုပြည်ရေးဖုန်စီမံကိန်း **- အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန** | ၉–၁၁ |
| ➤ သစ်ပင်တို့၏ ရန်ကြွေး..... (ကဗျာ) **- စိုပြေ(ကောမှူး)** | ၁၁ |
| ➤ ကျွန်တော်တွေးမိတဲ့ရောက်တတ်ရာရာအတွေးစများ **- ဒေါက်တာ သောင်းနိုင်ဦး** | ၁၂–၁၄ |
| ➤ မအိုမဟောင်းသစ်တောကျောင်း(ကဗျာ) **- သန်းမောင်(အကြီးတန်း)** | ၁၄ |
| ➤ ကမ္ဘာ့ရေဝပ်ဒေသများနေ့ ၂၀၂၀ **- ဒေါက်တာသိန်းအောင်** | ၁၅–၁၇ |
| ➤ ကိုယ့်ကိုယ်ကိုယ် နှင့် ကုက္ကိုကို **- ကျော်သူရ(သိပ္ပံဘွဲ့သစ်တော)** | ၁၈–၂၁၊၂၄ |
| ➤ အရည်အသွေးမြင့်မားရေးရည်မှန်းချက်ဖြင့် ပြုပြင်ပြောင်းလဲမည့် မြန်မာနိုင်ငံသစ်တောကျောင်း **- ၂၀၁၇နိုဝင်ဘာလသစ်တောကြေးမုံ** | ၂၂–၂၄ |
| ➤ ပလတ်စတစ်ညစ်ညမ်းမှု ကာကွယ်ရေးအသုံးပြုမှု လျှော့ချပေး(၂) **- ဒေါ်ခင်စန်းလှိုင်(ဦးစီးအရာရှိ)** | ၂၅–၂၇၊၃၃ |
| ➤ မြကျွန်းမြိုင်မဟူရာဘုံ(၆) **- မြတ်သင်း** | ၂၈–၃၃ |
| ➤ ကမ္ဘာ့ရေဝပ်ဒေသများနေ့တွင် မြန်မာနိုင်ငံမှ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား .... **- မောင်သဘာဝ** | ၃၄–၃၅ |
| ➤ မင်းစုံတောင်မှာ ၂ ပတ်တာ(၃) **- ကိုငြိမ်း(တောင်သာ)** | ၃၆–၃၉ |
| ➤ ဂေဟဗေဒစည်းမျဉ်းကို ဖောက်ဖျက်ကာ သမားရိုးကျမဟုတ်သောနည်းလမ်းများဖြင့် .... **- မေဇင်မြင့်(တောအုပ်ကြီး)** | ၄၀ |
| ➤ ဒီရေရောက်သစ်တောများနှင့်ဒေသခံများ **- စိန်ဝင်း(လက်ထောက်ညွှန်ကြားရေးမှူး)** | ၄၁–၄၃ |
| ➤ Adaptation Programme and Project to Climate Change in Myanmar **- U Sein Thet, Director (Rtd)** | ၄၄–၄၆ |
| ➤ ကျီရီးယန်းသစ္စာ **- အုန်းလွင်လေး** | ၄၇–၄၉ |
| ➤ ကာတွန်းကဏ္ဍ **- အော်ပီကျယ်** | ၄၉ |
| ➤ ကမ္ဘာ့ရေဝပ်ဒေသများနေ့(၂–၂–၂၀၂၀) အထိမ်းအမှတ်အခမ်းအနားကျင်းပခြင်း | နောက်ကျောဖုံး |



**စာတည်းချုပ်နှင့် ထုတ်ဝေသူ**

ဦးစိုးမြင့်သိန်း
ညွှန်ကြားရေးမှူး တိုးချဲ့ပညာပေးရေးဌာန

ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် - (မြ-၀၀၄၀၀)

**စာတည်း**

ဦးထွန်းလတ် - လက်ထောက်ညွှန်ကြားရေးမှူး

**ဆက်သွယ်ရန် - ၀၆၇-၃၄၀၅၃၉၄**
extension@forest.gov.mm



**သစ်တောဦးစီးဌာနက လစဉ်ထုတ်ဝေလျက်ရှိသော 'သစ်တောကြေးမုံ' တွင် ဖော်ပြပါရှိသည့် စာမူများမှာ 'စာမူရှင်' ၏ 'မူပိုင်' ဖြစ်သည်။ အခြားနေရာတွင် ဖော်ပြလိုပါက/ အသုံးပြုလိုပါက 'စာမူရှင်' ၏ ခွင့်ပြုချက်ကို စာဖြင့်တောင်းခံရန် မေတ္တာရပ်ခံအပ်ပါသည်။**



**စာတည်းအဖွဲ့ဝင်များ**

ဒေါက်တာဇာခြည်ဝင်း ဦးစီးအရာရှိ(English Editor)
မေဇင်မြင့် တောအုပ်ကြီး(English Editor)

**ပုံနှိပ်သူ**

ဦးမြင့်ထွန်း(မြ-၀၀၆၆၀)
မဇ္ဈိမပုံနှိပ်တိုက်၊ အမှတ်(၂၄၄/ဘီ)၊ လမ်း(၄၀)၊ (၉)ရပ်ကွက်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

# သမိုင်းအစဉ်အလာကြီးမားခဲ့သည့် မြန်မာနိုင်ငံသစ်တောကျောင်း

မြန်မာနိုင်ငံတွင် သစ်တောသယံဇာတများ၊ ဇီဝမျိုးစုံမျိုးကွဲများစွာရှိသော သစ်တောများအား ကာကွယ်ထိန်းသိမ်းရန်နှင့် ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် သစ်တောဦးစီးဌာန၏ အမာခံကျောရိုးများဖြစ်သော တောအုပ်ဝန်ထမ်းကောင်းများ လိုအပ်လျက်ရှိပေသည်။ တောအုပ်ဝန်ထမ်းများသည် အထက်မှပေးအပ်သော ဌာနတာဝန်များကို အောက်ခြေလုပ်ငန်းနေရာများသို့ ကိုယ်တိုင်သွားရောက်၍ အကောင်အထည်ဖော်လက်တွေ့ဆောင်ရွက်ရသောဝန်ထမ်းများ ဖြစ်ပါသည်။ သစ်တောများကို စီမံခန့်ခွဲအုပ်ချုပ်ကြရာတွင် အခြေခံသစ်တောလုပ်ငန်း အတတ်ပညာများကို စာတွေ့ လက်တွေ့သင်ကြား တတ်မြောက်ပြီး၊ လုပ်ငန်းနယ်ပယ် အသီးသီးတွင် လုပ်ကိုင်ဆောင်ရွက်နိုင်ကြမှသာ သဘာဝသယံဇာတများကို စဉ်ဆက်မပြတ် ထောက်ပံ့ပေးနေသည့် သစ်တောကြီးများရေရှည်တည်တံ့စေမည်ဖြစ်ပါသည်။

ဝန်ကြီးဌာနအနေဖြင့် ဌာနအတွက် အားကိုးအားထားပြုရမည့် လူ့စွမ်းအားအရင်းအမြစ်ကျွမ်းကျင်ဝန်ထမ်းများကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပေသည်။ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ၊ မြန်မာနိုင်ငံ သစ်တောကျောင်းနှင့် ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာန(CFDTC) သင်တန်းကျောင်းများတွင် နိုင်ငံတော်နှင့်ဝန်ကြီးဌာနအတွက် လုပ်ငန်းများထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အရည်အသွေးမြင့်ဝန်ထမ်းများဖြစ်လာစေရန် လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံသစ်တောကျောင်းကို ၁၈၉၈ ခုနှစ်မှစတင်၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့တွင် တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၁၁ ခုနှစ်တွင် ပျဉ်းမနားသို့လည်းကောင်း၊ ၁၉၅၀ ခုနှစ်တွင် ပျဉ်းမနားမှ အင်းစိန်သို့လည်းကောင်း ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး၊ ၁၉၅၃ ခုနှစ်မှစတင်၍ ပြင်ဦးလွင်သို့ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ရာ ယနေ့ထက်တိုင်ဖြစ်ပါသည်။ မြန်မာနိုင်ငံသစ်တောကျောင်းကို 'လေးမည်ရသစ်တောကျောင်း'ဟူ၍ ၁၈၉၈ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ 'မြမ္မာပြည်သစ်တောကျောင်း' ဟုလည်းကောင်း၊ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးအချိန်တွင် 'မြန်မာနိုင်ငံတော်သစ်တောကျောင်း' ဟုလည်းကောင်း၊ ၁၉၈၃ ခုနှစ်မှ ၁၉၈၆ ခုနှစ်အတွင်းတွင် 'သစ်တောလုပ်ငန်းအတတ်သင်ကျောင်း'ဟု လည်းကောင်း၊ ၁၉၉၇ ခုနှစ်တွင် ယခုခေါ်ဝေါ်သုံးစွဲနေသည့် 'မြန်မာနိုင်ငံသစ်တောကျောင်း' ဟုလည်းကောင်းခေါ်ဝေါ်ခဲ့ပါသည်။ မြန်မာနိုင်ငံသစ်တောကျောင်း တည်ထောင် ဖွင့်လှစ်ခဲ့သည်မှာ နှစ်ပေါင်း (၁၂၂)နှစ်ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံသစ်တောကျောင်း တည်ထောင်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များမှာ တိုင်းပြည်အတွက် သစ်တောလုပ်ငန်းများတွင် လက်တွေ့အသုံးချနိုင်မည့် လုပ်ငန်းကျွမ်းကျင်သူများဖြစ်လာစေရန်၊ ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်လိုစိတ်နှင့် ပြည်သူ့အကျိုးကို သယ်ပိုးလိုစိတ်ရှိသော ဝန်ထမ်းကောင်းများ ဖြစ်လာစေရန်၊ နိုင်ငံတော်မှ ချမှတ်ထားသည့် လူမှုရေး၊ စီးပွားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး စသည့်စီမံကိန်းနှင့်တာဝန်များကို ပြည်သူလူထုနှင့်ပူးပေါင်း၍ စီမံကိန်းများအောင်မြင်သည်အထိ စည်းရုံး ဆောင်ရွက်သွားရန်၊ အမျိုးသားစီးပွားရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အင်တိုက်အားတိုက်ပါဝင်လှုပ်ရှားမည့်ဝန်ထမ်းကောင်းများဖြစ်လာစေရန် ဝန်ထမ်းများ စိတ်ဓါတ်၊ စည်းကမ်းနှင့် အကျင့်စာရိတ္တများတိုးတက် ကောင်းမွန်လာစေရန်တို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံသစ်တောကျောင်းမှ မွေးထုတ်ပေးလိုက်သော ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ ကျေးဇူးသစ္စာကိုစောင့်သိ၍ ကောင်းမွန်သော ဝန်ထမ်းကောင်းများဖြစ်အောင် ထိန်းသိမ်းကျင့်ကြံနေထိုင်ရန်၊ ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီလုပ်ကိုင်ဆောင်ရွက်နိုင်သည့် စွမ်းဆောင်ရည်မြင့်မားသောဝန်ထမ်းများဖြစ်အောင် စဉ်ဆက်မပြတ် လေ့လာသင်ယူရန်၊ အကျင့်စာရိတ္တတွင် စံနမူနာပြဖြစ်အောင် ကျင့်ကြံနေထိုင်ကာ ပြည်သူအကျိုးသယ်ပိုးပြီး ယုံကြည်မှုကိုရယူရန်၊ နိုင်ငံတော်၏ သစ်တောသယံဇာတများနှင့် ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်အခြေအနေကို နောင်သားစဉ်မြေးဆက်အထိ လက်ဆင့်ကမ်း အမွေပေးနိုင်ရေးအတွက် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ကြရမည် ဖြစ်ပါသည်။

FOREST

## သစ်တောမူဝါဒ

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်များမျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများ ချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ ခုနှစ် မြန်မာ့သစ်တော မူဝါဒသဘောထား ကြေညာချက်တွင် အမျိုးသားရည်မှန်းချက်ပန်းတိုင်များအား ပြည့်မီစွာဖော်ဆောင်နိုင်ရန်အတွက် ပဓာနကျသောအချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) **ကာကွယ်ခြင်း**
ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(၂) **ထာဝစဉ်တည်တံ့စေခြင်း**
သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန်၊ သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(၃) **အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း**
ပြည်သူလူထုအတွက် လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးရမည်။

(၄) **စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း**
သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချရန် စီမံရမည်။

(၅) **ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း**
သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန်ဆောင်ရွက်သွားရမည်။

(၆) **ပြည်သူအတွင်း နိုးကြားတက်ကြွသည့် အသိရှင်သန်နေစေခြင်း**
နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း အသိရှင်သန်စေရန် လှုံ့ဆော်သွားရမည်။

နောက်ကျောဖုံးသတင်း






ထိုသို့ အမှာစကားပြောကြားရာ၌ ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနား (World Wetlands Day)ကို မြန်မာနိုင်ငံမှာ ၂၀၁၂ ခုနှစ်က စတင်ပြီး နှစ်စဉ်ကျင်းပခဲ့ပြီး၊ ယခု၂၀၂၀ပြည့်နှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့ ဆောင်ပုဒ်သည် "Wetlands and Biodiversity" 'ဇီဝမျိုးစုံမျိုးကွဲ အခွန့်ရှည်ဖို့ ရေဝပ်ဒေသတွေ ထိန်းသိမ်းစို့' ဖြစ်ပါကြောင်း၊ ရေဝပ်ဒေသများတည်တံ့မှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ အသက်ရှင်ရပ်တည်မှုတို့သည် အပြန်အလှန်အမှီသဟဲပြုနေပြီး၊ ရေဝပ်ဒေသများစဉ်ဆက်မပြတ်မပျက်မစီးတည်ရှိနေမှသာ ရေဝပ်ဒေသများတွင် နေထိုင်ကျက်စားကြသော ဇီဝမျိုးစုံမျိုးကွဲသယံဇာတအရင်းအမြစ်များနှင့်ဆက်စပ်ဂေဟစနစ်၏ ဝန်ဆောင်မှုတန်ဖိုးများကို ရေရှည်တည်မြဲနိုင်ရန်အတွက် ထင်ဟပ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်နိုင်ငံအဆင့် အခမ်းအနားများကို ၂၀၁၂ ခုနှစ်က စတင်ပြီး နေပြည်တော်၊ မိုးယွန်းကြီးအင်းနှင့် အင်းလေးကန်တို့တွင် တစ်လှည့်စီကျင်းပခဲ့ပြီး မိုးယွန်းကြီးအင်းဘေးမဲ့တောတွင် ကျင်းပခဲ့သည်မှာလေးကြိမ်မြောက်ကျင်းပခြင်းဖြစ်ကြောင်း၊

ယခုကဲ့သို့ ကမ္ဘာ့ရေဝပ်ဒေသများနေ့အထိမ်းအမှတ်အခမ်းအနားများကျင်းပသည့်အတွက် ရေဝပ်ဒေသများအနေဖြင့် လူသားတို့အပေါ် အကျိုးပြုမှုများကို သိမြင်နိုးကြားလာပြီး ဆက်စပ်ပတ်သက်သူများအနေဖြင့် ရေဝပ်ဒေသထိန်းသိမ်းကာကွယ်ခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် အကျိုးရှိစွာအသုံးချခြင်းစသည်တို့တွင် ပူးပေါင်းပါဝင်မှု အားကောင်းလာစေရန်ရည်ရွယ်ပါကြောင်း၊ ရေဝပ်ဒေသများသည် ဇီဝမျိုးစုံမျိုးကွဲတွေအတွက်သာမက ရေသယံဇာတအရင်းအမြစ်များနှင့် ဆက်စပ်ဂေဟစနစ်များ ရေရှည်တည်မြဲစေရေးထိန်းညှိပေးခြင်း၊ ရှားပါးမျိုးစိတ်များနှင့်ဒေသရင်းမျိုးစိတ်များအတွက် အဓိကကျက်စားရာဒေသများဖြစ်ခြင်း၊ ရာသီဥတုပြောင်းလဲမှုလျှော့ချခြင်းစသည်ဖြင့် လူ့အဖွဲ့အစည်းကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန် အရေးပါသော ဂေဟစနစ်ဝန်ဆောင်မှုများအား ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့်ခရီးသွားလုပ်ငန်းစသည့် လူမှုစီးပွားဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးကျေးဇူးများကိုလည်း ရေဝပ်ဒေသများက အထောက်အကူပြုလျက်ရှိပါကြောင်း၊

မြန်မာနိုင်ငံသည် ရမ်ဆာကွန်ဗင်းရှင်းကို ၂၀၀၅ ခုနှစ်၊ မတ်လ (၁၇) ရက်တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး သစ်တောဦးစီးဌာနက ရမ်ဆာကွန်ဗင်းရှင်း၏ မြန်မာနိုင်ငံ၏ စီမံအုပ်ချုပ်မှုအဖွဲ့အစည်းအဖြစ် ရေဝပ်ဒေသထိန်းသိမ်းရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာ့အဆင့်အရေးပါသည့် ရေဝပ်ဒေသထိန်းသိမ်းရေးနယ်မြေများအဖြစ် ၂၀၀၄ ခုနှစ်တွင် မိုးယွန်းကြီးအင်း၊ ၂၀၁၆ ခုနှစ်တွင် အင်းတော်ကြီး၊ ၂၀၁၇ ခုနှစ်တွင် မိန်းမလှကျွန်းနှင့် မွန်ပြည်နယ်အတွင်းရှိ မုတ္တမပင်လယ်ကွေ့ဒေသ၊ ၂၀၁၈ ခုနှစ်တွင် အင်းလေးကန်တို့ကို ရမ်ဆာရေဝပ်ဒေသ ငါးနေရာအဖြစ် သတ်မှတ်ပြီးဖြစ်ကြောင်း၊ ရေဝပ်ဒေသများကို ထိန်းသိမ်းခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် အကျိုးရှိစွာအသုံးပြုခြင်း၌ ဆက်စပ်ပတ်သက်သည့် ဌာနများအကြား ပေါင်းစပ်ညှိနှိုင်းမှုကို မြှင့်တင်နိုင်ဖို့အတွက် ရေဝပ်ဒေသ ထိန်းသိမ်းစီမံအုပ်ချုပ်ခြင်းဆိုင်ရာ အမျိုးသားအဆင့်ကော်မတီကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ(၃၀) ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ ကော်မတီအနေဖြင့် အမျိုးသားရေဝပ်ဒေသမူဝါဒနှင့်မဟာဗျူဟာလုပ်ငန်းများကို ပြုစုရေးဆွဲခဲ့ပြီး အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိပါကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုလျော့နည်းသက်သာရေးနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော သဘာဝဘေးတွေကို ကြံ့



ကြုံခံနိုင်ရန် သဘာဝကိုအခြေခံသည့်ဖြေရှင်းမှုများနှင့် သဘာဝကိုအခြေခံသည့်ရာသီဥတုဖြေရှင်းမှုများကို ဦးစားပေး ဆောင်ရွက်ကြရာတွင် ရေဝပ်ဒေသများသည် အရေးကြီးတဲ့အခန်းကဏ္ဍမှာပါဝင်နေသည့်အတွက် ရေဝပ်ဒေသများကို ထိန်းသိမ်းကာကွယ်ရာ၌ ပူးပေါင်းပါဝင်ပေးရန်လိုအပ်ကြောင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် နော်ဝေနိုင်ငံပတ်ဝန်းကျင်ရေးရာအေဂျင်စီမှ Assistant Director General, Mr. Ivar Myklebust တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် 'ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ ဖို့ရေဝပ်ဒေသတွေ ထိန်းသိမ်းစို့' ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် မိုးယွန်းကြီး ဒေသရှိ စာသင်ကျောင်းများမှ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် ကျောင်းသား၊ကျောင်းသူ(၁၂)ဦးနှင့် မိုးယွန်းကြီးအင်းဘေးမဲ့တောထိန်းသိမ်းရေးတွင် ပူးပေါင်းပါဝင်ခဲ့သည့် ဒေသခံ ကိုယ်စားလှယ်သုံးဦးတို့ကို ဆုချီးမြှင့်ပေးအပ်ခဲ့ပါသည်။ ၎င်းနောက် မုတ္တမပင်လယ်ကွေ့(တိုးချဲ့) (ပဲခူးတိုင်းဒေသကြီးအပိုင်းနှင့် မွန်ပြည်နယ်အပိုင်း)ကို ရမ်ဆာရေဝပ်ဒေသအဖြစ် အသိအမှတ်ပြုလက်မှတ်အား သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့လွှဲပြောင်းပေးအပ်သည်။ မွန်းလွဲပိုင်းတွင် ရေဝပ်ဒေသ ထိန်းသိမ်းစီမံအုပ်ချုပ်ခြင်းဆိုင်ရာ အမျိုးသားအဆင့် ကော်မတီအစည်းအဝေး(၁/၂၀၂၀)ကိုကျင်းပခဲ့ပြီး၊ မြန်မာနိုင်ငံအတွင်း ရေဝပ်ဒေသထိန်းသိမ်းစီမံအုပ်ချုပ်ခြင်းလုပ်ငန်းများနှင့် အမျိုးသားရေဝပ်ဒေသမူဝါဒနှင့် မဟာဗျူဟာလုပ်ငန်းများ ထိရောက်စွာ တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

## ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြူးကွန်း(၁)ကြိုးပြင်ကာကွယ်တောအတွင်း ပုဂ္ဂလိကသစ်မာမျိုးစုံ စိုက်ခင်းဧက (၁၀၀)အား ကြည့်ရှုစစ်ဆေးခြင်း



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် (၁-၂-၂၀၂၀)ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ် (၁၁၇)အနီး ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင် ဖြူးမြို့နယ် ဖြူးကွန်း(၁) ကြိုးပြင်ကာကွယ်တောအတွင်း စိုက်ပျိုးတည်ထောင်ထားသော ပုဂ္ဂလိကသစ်မာမျိုးစုံစိုက်ခင်း (၁၀၀)ဧကသို့ ရောက်ရှိစစ်ဆေးသည်

ရှေးဦးစွာ စိုက်ခင်းစခန်း နားနေဆောင်တွင် ပုဂ္ဂလိကသစ်မျိုးစုံစိုက်ခင်း စိုက်ပျိုးတည်ထောင်သူ ဦးသက်စိုးက စိုက်ခင်းဧက၁၀၀အတွင်း သစ်တော သစ်ပင်များ၊ အလှပန်းပွင့်ပင်များနှင့် သစ်ခွမျိုးစိတ်များ၊ ဝါးမျိုးစိတ်များအား အကွက်အလိုက် ခွဲခြားသတ်မှတ်၍ ရုက္ခဗေဒဥယျာဉ်တစ်ခုတည်ထောင်နိုင်ရန် စနစ်တကျစိုက်ပျိုးထားရှိမှုများအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ထပ်မံဖြည့်စွက်စိုက်ပျိုးရန် နေရာရွေးချယ်မှုများနှင့် စပ်လျဉ်း၍ အကြံပြုပြောကြားပြီး စိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ စိုက်ခင်းအောင်မြင်ရေးအတွက် လိုအပ်သည်များကို အကြံပြုဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ် (၁၀၅) အနီး၊ ကျောက်တံခါးမြို့နယ် အိုင်တုံကွန်းကြိုးဝိုင်း အကွက်အမှတ် (၁၃) အတွင်းရှိ မြန်မာ့သစ်လုပ်ငန်းပိုင် မှော်ယောကြီးဆင်စခန်းသို့ရောက်ရှိပြီး ဆင်စခန်းအနီးရှိ ၂၀၁၈ခုနှစ် မိုးရွာသီတွင် စိုက်ပျိုးတည်ထောင်ထားသည့် မြန်မာ့သစ်လုပ်ငန်းပိုင် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၅၀ အောင်မြင်ရှင်သန်မှုအား ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မှော်ယောကြီး ဆင်သမားကျေးရွာနှင့် ဆင်ထိန်းသိမ်းရေးစခန်းသို့ရောက်ရှိပြီး ဆင်စခန်းရှင်းလင်းဆောင်တွင် တာဝန်ရှိသူများမှ ဆင်စခန်းဆိုင်ရာ အချက်အလက်များအားလည်းကောင်း၊ ၂၀၂၀မိုးရာသီတွင် စိုက်ပျိုးမည့် ကျွန်းစိုက်ခင်းဧက ၅၀အတွက် တောတွင်းလုပ်ငန်းများနှင့် ပျိုးဥယျာဉ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စခန်းရှိဆင်များအား ကြည့်ရှုစစ်ဆေးကာအစာကျွေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ်(၅၀/၅) အနီး ပဲခူးမြို့နယ် စလူကြိုးဝိုင်း အကွက်အမှတ်(၂၆၄)အတွင်း စိုက်ပျိုးတည်ထောင်ထားသော ပုဂ္ဂလိကဝါးမျိုးစုံစိုက်ခင်း ဧက၁၀၀အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ပါသည်။

## ပထမ (၁၀)နှစ် အင်းလေးကန်ရေဝေရေလဲ ထိန်းသိမ်းရေးဘက်စုံစီမံကိန်းရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း



ပထမ(၁၀)နှစ် အင်းလေးကန်ရေဝေရေလဲ ထိန်းသိမ်းရေးဘက်စုံစီမံကိန်းရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးကို (၂၂-၂-၂၀၂၀)ရက်နေ့၊ နံနက် (၁၀) နာရီအချိန်တွင် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းတက်ရောက်၍ အမှာစကားပြောကြားခဲ့ပါသည်။

အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတ၏ ရှမ်းပြည်နယ်ခရီးစဉ်တွင်လိုက်ပါခဲ့စဉ် အင်းလေးကန်ရေဝေရေလဲဧရိယာရှိ သစ်တောများပျက်စီးပြုန်းတီးမှု လွန်စွာများပြားလျက်ရှိသည်ကို တွေ့မြင်ခဲ့ရကြောင်း၊ အင်းလေးကန်ရေဝေရေလဲထိန်းသိမ်းရေးအတွက် ဆောင်ရွက်လိုသောကြောင့် ပထမ(၁၀)နှစ် အင်းလေးကန် ရေဝေရေလဲထိန်းသိမ်းရေးဘက်စုံစီမံကိန်းရေးဆွဲလိုကြောင်း၊ စီမံကိန်းကာလအား ရေရှည်စီမံကိန်းအဖြစ် နှစ်(၃၀)ရည်မှန်းဆောင်ရွက်သွားစေလိုကြောင်းနှင့် ပထမ(၁၀)နှစ်အဖြစ် ၂၀၂၀-၂၁ ခုနှစ် မှ ၂၀၂၉-၃၀ ခုနှစ်အထိ ရေးဆွဲစေလိုကြောင်း၊ အဆိုပါ စီမံကိန်းလုပ်ငန်းများတွင် သစ်တောဦးစီးဌာနမှ ရေးဆွဲဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း (MRRP) လုပ်ငန်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသောစီမံကိန်းလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှု အခြေအနေများ ထည့်သွင်းရေးဆွဲသွားရန်၊ စီမံကိန်းအကောင်အထည်ဖော်ရာတွင် လိုအပ်မည့်ရန်ပုံငွေ၊ ဝန်ထမ်းအင်အားနှင့် အဆောက်အဦ အစရှိသည်တို့ကို ထည့်သွင်းရေးဆွဲသွားနိုင်ရေးနှင့် ယခင်ဆောင်ရွက်ခဲ့သည့် စီမံကိန်းများ၏အားနည်းချက်၊ အားသာချက်များကိုပါ ထည့်သွင်းစဉ်းစားရေးဆွဲရေး လမ်းညွှန်မှာကြားခဲ့ပြီး အစည်းအဝေးတက်ရောက်လာသူများမှ ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပါသည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဦးဘကောင်းမှ အပူပိုင်းဒေသစိမ်းလန်း စိုပြည်ရေးဦးစီးဌာနအား ရေဝေရေလဲဒေသနှင့် မြေယာထိန်းသိမ်းရေးဦးစီးဌာနအဖြစ် တိုးချဲ့ဖွဲ့စည်းနိုင်ရေးနှင့်ပတ်သက်၍ တင်ပြဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းမှ နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို မွန်းလွဲ(၁၂း၃၀)တွင် ရုပ်သိမ်းခဲ့ပါသည်။

• • • • • • • • • • • • • • • • • •

## သစ်တောဆိုင်ရာ လုပ်ပိုင်ခွင့်များ ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းများ (Forest Tenure Assessment) ဆောင်ရွက်ရန်အတွက် အကျိုးဆက်စပ်သူများပါဝင်သည့် အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း



သစ်တောဆိုင်ရာလုပ်ပိုင်ခွင့်များ ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းများ( Forest Tenure Assessment) ဆောင်ရွက်ရန်အတွက် အကျိုးဆက်စပ်သူများပါဝင်သည့် အမျိုးသားအဆင့်အလုပ်ရုံ ဆွေးနွေးပွဲကို (၁၈-၂-၂၀၂၀) ရက် (အင်္ဂါနေ့)၊ နံနက်(၉)နာရီတွင် Kempinski Hotel၊ နေပြည်တော်တွင်ကျင်းပပြုလုပ်ရာ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က အဖွင့်အမှာစကားပြောကြားပါသည်။

မြန်မာနိုင်ငံတွင် သစ်တောမူဝါဒ၊ သစ်တောဥပဒေ၊ ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်အစရှိသည့် သစ်တောမြေလုပ်ပိုင်ခွင့်နှင့်ဆက်စပ်သည့်မူဝါဒ၊ ဥပဒေနှင့်ညွှန်ကြားချက်များကို ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါကြောင်း၊ အလားတူ သစ်တောမြေ ပြင်ပမှာရှိသည့် မြေများနဲ့ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊

နည်းဥပဒေနှင့်လုပ်ထုံးလုပ်နည်းများလည်းရှိပြီးဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများအတွက် သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲခွင့်၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခွင့်၊ ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခွင့်၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်ခွင့်၊ သဘာဝ တောများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကို ဓလေ့ ထုံးတမ်းအရထိန်းသိမ်းခွင့်အစရှိသည့် သစ်တောဆိုင်ရာ လုပ်ပိုင်ခွင့်များနှင့်ပတ်သက်ပြီး ဥပဒေနှင့်အညီ ဆောင်ရွက် ပေးနိုင်ရန် အခွင့်အလမ်းများရှိပြီးဖြစ်ပါကြောင်း၊

၁၉၉၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် သစ်တော မူဝါဒတွင် သစ်တောများပြုစုထိန်းသိမ်းရေးနှင့်သစ်တော သယံဇာတများအသုံးချရေးဆိုင်ရာ လုပ်ငန်းတို့တွင် ပြည်သူ များပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရမည်ဟု ဖော်ပြထားပါကြောင်း၊ သစ်တောဦးစီးဌာနအနေနှင့် ကမ္ဘာ့ ဘဏ်ဖြင့်ပူးပေါင်းပြီး ရေရှည်တည်တံ့စေမည့် သစ်တောစီမံ အုပ်ချုပ်မှုကိုအထောက်အကူဖြစ်စေရန် ဓလေ့ထုံးတမ်း ဆိုင်ရာသစ်တောလုပ်ပိုင်ခွင့်များ ပိုမိုခိုင်မာလာစေရန် အ တွက် သစ်တောဆိုင်ရာလုပ်ပိုင်ခွင့်များဆန်းစစ် အကဲဖြတ် ခြင်းလုပ်ငန်းကို ၂၀၁၉ခုနှစ်၊ စက်တင်ဘာလမှ စတင်ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊

သစ်တောဆိုင်ရာ လုပ်ပိုင်ခွင့်များဆန်းစစ် အကဲ ဖြတ်ခြင်းနှင့် ပတ်သက်၍ဆန်းစစ်အကဲဖြတ်ခြင်းနည်းလမ်း များနှင့်အကဲဖြတ်ရမည့်အချက်များကို ချပြရှင်းလင်းပြီး အကြံဉာဏ်များရယူနိုင်ရန် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ လ(၂၃)ရက်နေ့တွင် နေပြည်တော်၊ဟိုတယ်အမရာ၌အကျိုး ဆက်စပ်ပတ်သက်သူများပါဝင်သည့် နည်းပညာဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ပထမဆုံးကျင်းပခဲ့ပါကြောင်း၊ အဆိုပါအစည်းအဝေး၏ အကြံပြုချက်များနှင့်အညီ မြန်မာ နိုင်ငံ၏အခြေအနေနှင့် ကိုက်ညီစေမည့်သစ်တောဆိုင်ရာ လုပ်ပိုင်ခွင့်များဆန်းစစ်အကဲဖြတ်ခြင်းမူဘောင်ကို ပင်မ ခေါင်းစဉ်(၆)ခုဖြင့် ပြုစုနိုင်ခဲ့ပါကြောင်း၊

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလနှင့်ဒီဇင်ဘာလအတွင်း အထက်မြန်မာပြည်ကိုယ်စားပြု၊ အောက်မြန်မာပြည် ကိုယ် စားပြုတို့ဖြင့်တိုင်းဒေသကြီးအဆင့် အလုပ်ရုံဆွေးနွေးပွဲတို့ကို မန္တလေးမြို့နှင့်ပဲခူးမြို့တို့တွင်ကျင်းပခဲ့ပါကြောင်း၊ ထိုအလုပ် ရုံဆွေးနွေးပွဲများတွင် ဌာနအဖွဲ့အစည်းအသီးသီးမှ ကိုယ် စားလှယ်များက သစ်တောဆိုင်ရာလုပ်ပိုင်ခွင့်များ ဆန်းစစ် အကဲဖြတ်ခြင်းမူဘောင်၏ပင်မခေါင်းစဉ်များ၊ ဆန်းစစ် မေးခွန်းများနှင့်ပတ်သက်ပြီး အင်တိုက်အားတိုက်အကြံပြု ဆွေးနွေးပေးခဲ့ပါကြောင်း၊

ဆက်စပ်ပတ်သက်သူများနှင့် ရရှိနိုင်သည့်သတင်း အချက်အလက်များအပေါ်အခြေခံပြီး သစ်တောဆိုင်ရာ လုပ်ပိုင်ခွင့်များဆန်းစစ်အကဲဖြတ်ခြင်းမှ ကနဦးလေ့လာ တွေ့ရှိချက်များအစီရင်ခံစာ(မူကြမ်း)အဖြစ်ပြုစုခဲ့ပါကြောင်း၊ ယခု(၂)ရက်တာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲတွင် ပြုစုထားပြီးဖြစ်သည့် ကနဦးလေ့လာတွေ့ရှိချက်များပါဝင် သည့် အစီရင်ခံစာ(မူကြမ်း)အပေါ်တွင် ဝိုင်းဝန်းဆွေးနွေးပြီး ဖြည့်စွက်အကြံပြုပေးကြရန် ပြောကြားခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ရေးရာကော်မတီဝင်များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့်ဆက်စပ်ဌာနများမှ အရာရှိကြီးများ၊ ကမ္ဘာ့ဘဏ်(World Bank)၊ မြေယာမဏ္ဍိုင်အဖွဲ့(Land Core Group)နှင့် NGO၊ INGO များ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်ဖိတ်ကြားထား သူများအားလုံးတက်ရောက်ကြပါသည်။

**အာရှဒေသအဆင့် သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း(AFoCO RETC) သစ်တောများ ပြန်လည်တည်ထောင်ခြင်းနှင့် ပြည်သူလူထုပူးပေါင်းပါဝင်ခြင်းသင်တန်း (Reforestation and Community Participation)သင်တန်းဖွင့်လှစ်ခြင်း**




ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်ရှိ (AFoCO RETC)သင်တန်းကျောင်းတွင် အာရှ ဒေသ သစ်တောပူးပေါင်းဆောင်ရွက်မှုအဖွဲ့အ စည်း(AFoCO)၏ အဖွဲ့ဝင်နိုင်ငံများအတွက် သင်တန်းများဖွင့်လှစ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲ များကျင်းပခြင်း စသည့်လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်သည့်လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ သစ်တောများပြန်လည်တည်ထောင်ခြင်းနှင့် ပြည်သူလူထုပူးပေါင်းပါဝင်ခြင်းသင်တန်း(AFoCO Regular Training Course on Reforestation and Community Participation) သင်တန်းကို (၂၄-၂-၂၀၂၀) ရက်နေ့ နံနက်(၉) နာရီတွင် ဖွင့်လှစ်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနားသို့ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်မှ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အမှာစကားပြောကြားရာတွင် သင်တန်းအား (၁)အာရှဒေသတွင်းနိုင်ငံများတွင်ဆောင်ရွက်နေသည့် သစ်တောများ ပြန်လည်တည်ထောင်ရေးဆိုင်ရာမူဝါဒနှင့် လုပ်ငန်းများအတွက် ပိုမိုကောင်းမွန်သောသစ်တောစီမံအုပ်ချုပ်စနစ်များဖြစ်ပေါ်လာစေရေး နည်းလမ်းများကိုမျှဝေရန် (၂)ယခင်ဆောင်ရွက်ခဲ့သော သစ်တောပြန်လည်တည်ထောင်ရေးဆိုင်ရာ အတွေ့အကြုံများနှင့် စိန်ခေါ်မှုများအား ဆွေးနွေး၍ အာရှဒေသနိုင်ငံများ၏ ဆောင်ရွက်ဆဲနှင့်ရှေ့ဆက်ဆောင်ရွက်မည့် သစ်တောပြန်လည်တည်ထောင်ရေး အားထုတ်ဆောင်ရွက်မှုများကို ကောင်းမွန်သော လမ်းညွှန်မှုများပေးနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါသင်တန်းသို့ ကမ္ဘောဒီးယားနိုင်ငံမှ (၂)ဦး၊ အင်ဒိုနီးရှားနိုင်ငံမှ (၄)ဦး၊ လာအိုနိုင်ငံမှ (၂)ဦး၊ မြန်မာနိုင်ငံမှ(၄)ဦး၊ ဖိလစ်ပိုင်နိုင်ငံမှ (၂)ဦး၊ ထိုင်းနိုင်ငံမှ (၂)ဦး၊ တီမောလက်စ်တေနိုင်ငံမှ (၂)ဦးနှင့် ဗီယက်နမ်နိုင်ငံမှ (၄)ဦး၊ စုစုပေါင်း သင်တန်းသား(၂၂)ဦး တက်ရောက်လျက်ရှိကာ သင်တန်းဆရာများအဖြစ် ကိုရီးယားနိုင်ငံမှ(၁)ဦး၊ မြန်မာနိုင်ငံမှ (၂)ဦး၊ အင်္ဂလန်နိုင်ငံမှ (၁)ဦး၊ အင်ဒိုနီးရှားနိုင်ငံမှ(၁)ဦးနှင့် အီတလီနိုင်ငံမှ (၁)ဦး၊ စုစုပေါင်း (၆)ဦးတို့မှ ပို့ချကာ သင်တန်းအား ၂၄-၂-၂၀၂၀ ရက်နေ့မှ ၂၈-၂-၂၀၂၀ ရက်နေ့အထိ(၅)ရက်တာ ဖွင့်လှစ်ပို့ချသွားခဲ့ပါသည်။

## သမီးလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ထိန်းသိမ်းကာကွယ်မှုမြှင့်တင်ခြင်းဆိုင်ရာ အကြံပြုဆွေးနွေးပွဲ ကျင်းပခြင်း



နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် သမီးလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောထိန်းသိမ်းကာကွယ်မှုမြှင့်တင်ခြင်းဆိုင်ရာ အကြံပြုဆွေးနွေးပွဲကို ၉-၂-၂၀၂၀ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့၌ ကျင်းပနိုင်ရေး သစ်တောဦးစီးဌာနမှစီစဉ်ဆောင်ရွက်ခဲ့ပါသည်။

ယင်း အစည်းအဝေး မကျင်းပမီ အဆိုပါ နေ့ရက် နံနက် (၀၆း၃၀) နာရီတွင် ဖိတ်ကြားထားသော ဧည့်သည်တော်များသည် ဟိုင်းကြီးကျွန်းမှတဆင့် စက်လှေဖြင့် သမီးလှကျွန်းသို့သွားရောက်၍ ကွင်းဆင်းလေ့လာခြင်း၊ ငါးလုပ်ငန်းဦးစီးဌာန၏ ပင်လယ်လိပ်မျိုးထိန်းသိမ်းရေးစခန်းရှိ ဝန်ထမ်းများနှင့်တွေ့ဆုံခြင်း၊ ပြင်သာလိပ်သားပေါက် (၁၁၅) ကောင်အားစေလွှတ်ခြင်းနှင့် ကမ်းခြေတစ်လျှောက် အမှိုက်ကောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ထို့နောက် သမီးလှကျွန်းမှ စက်လှေဖြင့် ထွက်ခွာခဲ့ရာ ဟိုင်းကြီးကျွန်းသို့ နံနက် (၁၁း၃၀) နာရီတွင် ပြန်လည်ရောက်ရှိခဲ့ပြီး၊ အစည်းအဝေးခန်းမ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟိုင်းကြီးကျွန်းမြို့၌ အစည်းအဝေးကို (၁၂) နာရီတွင် ကျင်းပခဲ့ပါသည်။ အစည်းအဝေးသို့ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပမ္မဝတီရေတပ်စခန်းဌာနချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တက္ကသိုလ်၊ နော်ဝေနိုင်ငံသံရုံး၊ နော်ဝေနိုင်ငံ ပတ်ဝန်းကျင်ရေးရာအေဂျင်စီ(NEA)၊ ရမ်ဆာရေဝပ်ဒေသကျွမ်းကျင်ပညာရှင်နှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS) တို့မှ ကိုယ်စားလှယ်စုစုပေါင်း(၂၅)ဦးခန့်တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာန၊ NEA၊ ရမ်ဆာရေဝပ်ဒေသကျွမ်းကျင်ပညာရှင်နှင့် သစ်တောဦးစီးဌာနသဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနတို့မှ ကိုယ်စားလှယ်များက သမီးလှကျွန်းနှင့်ပတ်သက်၍ ကဏ္ဍအလိုက်အသီးသီးရှင်းလင်းတင်ပြခဲ့ပါသည်။

အစည်းအဝေးတွင် သမီးလှကျွန်းဘေးမဲ့တောအားရေစစ်မျဉ်းမှ ပင်လယ်ထဲသို့(၂) မိုင် တိုးချဲ့၍ သတ်မှတ်နိုင်ရေးအထက်အဆင့်ဆင့်သို့ တင်ပြဆောင်ရွက်ရေး၊ သမီးလှကျွန်းတွင်ပလတ်စတစ်နှင့် စွန့်ပစ်ပစ္စည်းများအား(၃)လတစ်ကြိမ် ကောက်ယူသိမ်းဆည်းနိုင်ရေး၊ ဘေးမဲ့တောအားရမ်ဆာရေဝပ်ဒေသအဖြစ် အဆိုပြုနိုင်ရေး Ramsar Information Sheet (RIS) ကို သစ်တောဦးစီးဌာနနှင့် ရမ်ဆာရေဝပ်ဒေသ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းပြုစုနိုင်ရေး၊ သမီးလှကျွန်းပေါ်တွင် ထိန်းသိမ်းရေးစခန်း ဆောက်လုပ်နိုင်ရေးနှင့် အမြဲတမ်းဝန်ထမ်းမထားရှိနိုင်မီ နေ့စားဝန်ထမ်း (၂)ဦးခန့်ထားနိုင်ရေး၊ ငါးဖမ်းလှေများအနေဖြင့် ပလတ်စတစ်နှင့်စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်စေရေး၊ လိပ်ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ သိမြင်နိုးကြားမှု မြှင့်တင်ရေး၊ ဘေးမဲ့တောနှင့်ဆက်စပ်ရေပြင်တွင် ဇီဝမျိုးစုံမျိုးကွဲစာရင်းကောက်ယူရေး၊ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းအစီအစဉ်ရေးဆွဲနိုင်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပြီး၊ အစည်းအဝေးကို နေ့လယ်(၁၃း၃၀)နာရီတွင် ပြီးစီးခဲ့ပါသည်။

## ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်(Community Monitoring and Reporting System-CMRS)ဖြင့် သတင်းပေးပို့ချက်အရ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်း သတင်းကဏ္ဍ

### စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေ



(၂-၂-၂၀၂၀)ရက်နေ့မှ (၃-၂-၂၀၂၀)ရက်နေ့တို့တွင် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမီးသတ်တပ်ဖွဲ့ဝင်များ၊ လမ်းဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် **စစ်ကိုင်းတိုင်းဒေသကြီး**၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ နန်းဘရန်းကြိုးဝိုင်းအကွက်အမှတ် (၇၄၊ ၉၂၊ ၉၄)အတွင်း ဝူလင်း(၂၂)ကောင်အင်ဂျင်(၁)လုံးပါ သစ်စက် ဆက်စပ်ပစ္စည်းများနှင့်အတူ တရားမဝင်ကျွန်း/ပျဉ်းကတိုး/အင်ကြင်းသစ်/ခွဲသား(၅၀၁)လုံး/ချောင်း (၂၉.၄၂၈၄)တန်အားလည်းကောင်း၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ ရုံးပင်ကျေးရွာ တောင်ဘက်(၅)ဖာလုံခန့်အကွာတွင် တရားမဝင်ကျွန်းသစ်/လုံးပတ်(၃)ပေအောက် ကျွန်းသစ်/ပျဉ်းကတိုးသစ်(၆၁)လုံး (၈.၉၆၄၂)တန်အားလည်းကောင်း၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်၊ ကပြင်းလွင်ကြိုးပြင်ကာကွယ်တောအတွင်း ဂျင်ဒေါင်အင်ဂျင်(၁)လုံးပါ သစ်စက်ဆက်စပ်ပစ္စည်းများနှင့်အတူ တရားမဝင်ကျွန်းသစ်(၃၀)လုံး (၈.၉၈၄၀)တန်အားလည်းကောင်း၊ **ချင်းပြည်နယ်**၊မင်းတပ်ခရိုင်၊ကန်ပက်လက်မြို့နယ်၊(ချင်း)လက်မွန်ကျေးရွာအနီးတွင် တရားမဝင် အင်ကြင်းခွဲသား(၂၂)ချောင်း (၃.၇၃၇၄)တန်အားလည်းကောင်း၊ **နေပြည်တော်ကောင်စီနယ်မြေ**၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ ရန်ကုန်-မန္တလေး(အမြန်လမ်း)၊ မိုင်တိုင်အမှတ်(၂၃၂/၀)နှင့်(၂၃၂/၁)ကြားနေရာ၌ မော်တော်ယာဉ်အမှတ်(4I/6596) တပ်ဆင်ထားသော LIFAN Faw(၆)ဘီး(အနီရောင်)ယာဉ်ပေါ်မှ တရားမဝင် သစ်ပုတ်/ရုံး/သတီခွဲသား(၃၆)ချောင်း (၅.၇၇၄၈) တန်အား ဖမ်းဆီးရမိခဲ့ပါသည်။

---

### ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး



(၇-၂-၂၀၂၀)ရက်နေ့မှ (၉-၂-၂၀၂၀)ရက်နေ့တို့အတွင်း သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ တြိဂံတိုင်းဒေသစစ်ဌာနချုပ်နည်းဗျူဟာ(၃)မှအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ ရှေ့တန်းခမရ(၅၂၀)မှ တပ်မတော်သားများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် **ရှမ်းပြည်နယ်**(အရှေ့)၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်၊တာပင်းအုပ်စု၊ဝမ်ပုံကျေးရွာအနီးမှ တရားမဝင် ကျွန်းခွဲသားဆိုဒ်စုံ(၉၅)ချောင်း (၅.၃၂၉၀) တန်၊ တရုတ်နိုင်ငံလုပ် ချိန်းဆော(၄)လက်တို့အားလည်းကောင်း၊ **ရန်ကုန်တိုင်းဒေသကြီး**၊ မြောက်ပိုင်းခရိုင်၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြောက်(၁)နယ်မြေ၊ ရန်ကုန်-ပြည်ကားလမ်းမိုင်တိုင် အမှတ်(၆၈/၀)နေရာ၌ တိမ်းမှောက်နေသော မော်တော်ယာဉ်အမှတ်(MDY 1P/1097)တပ်ဆင်ထားသော NISSAN UD Counter(၆)ဘီး(အဖြူရောင်)ယာဉ်ပေါ်မှ တရားမဝင်ကျွန်းခွဲသား(၂၈၀)ချောင်း၊ (၅.၃၀၈၂)တန်အားလည်းကောင်း၊ **စစ်ကိုင်းတိုင်းဒေသကြီး**၊ ကလေးခရိုင်၊ မင်းကင်းမြို့နယ်၊ မောက္ကတောအဆိုပြု ကြိုးပြင်ကာကွယ်တောအတွင်း တာယာဘီးတပ်လှည်း(၄)စီးပေါ်မှ တရားမဝင် အင်သစ်(၂၀)လုံး၊(၁၀.၈၇၆၀)တန်တို့အားလည်းကောင်း ဖမ်းဆီးရမိခဲ့ပါသည်။ ထို့အပြင် **မန္တလေးတိုင်းဒေသကြီး**၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ တူးကုန်းကျေးရွာ၏ အရှေ့ဘက်(၁)မိုင်ခန့်အကွာနေရာ၌ မော်တော်ယာဉ်အမှတ် (NPW-7P/9747)တပ်ဆင်ထားသော Forland (အပြာရောင်)ယာဉ်ပေါ်မှ တရားမဝင် မျောက်ငိုသစ်/ခြမ်း/စိတ် (၁၀)လုံး/ခြမ်း/စိတ်၊ (၂.၁၄၄၂)တန်နှင့် တရားခံ(၂)ဦးအားလည်းကောင်း၊ **ရှမ်းပြည်နယ်**၊ ကျိုင်းတောင်းမြို့၏ အရှေ့တောင်ဘက်(၂၅)မိုင်ခန့်အကွာ၊ နားပေါ့ကြိုးဝိုင်းအတွင်း ဆင်(၁)ကောင်အား ဆင်ထိန်း(၂)ဦးပါ တရားခံ(၅)ဦးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး



(၁၂-၂-၂၀၂၀)ရက်နေ့မှ (၁၅-၂-၂၀၂၀)ရက်နေ့တို့တွင် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၁၀၅)တပ်နှင့် မစခ(၉၀၄)တပ်တို့မှတပ်မတော်သားများ၊ ကျေးရွာနှင့်ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် **စစ်ကိုင်းတိုင်းဒေသကြီး**၊ မော်လိုက်ခရိုင်၊ ဖောင်းပြင်မြို့နယ်၊ စန္ဒာကြိုးပြင်ခုတ်ကွက်ကြီး(XXXII)အတွင်း တရားမဝင်အင်ကြင်း/အင်ခွဲသား(၅၀၆)ချောင်း (၁၄.၀)တန်နှင့် သစ်စက်ပစ္စည်းများအားလည်းကောင်း၊ ရွှေဘိုခရိုင်၊ ကျွန်းလှမြို့နယ်၊ မိုင်းဝန်းကြိုးဝိုင်းအကွက်အမှတ်(၁၂၅၊ ၁၂၇)တို့အတွင်း တရားမဝင် ကျွန်း/ပျဉ်းကတိုး/အင်ကြင်း/သစ်ယာသစ်/ခွဲသား(၁၁၈)လုံး/ချောင်း(၁၈. ၈၉၈)တန်နှင့် ချန်ချိုင်း(၂၅)ကောင် အင်ဂျင်(၁)လုံး သစ်စက်ဆက်စပ်ပစ္စည်းများအားလည်းကောင်း၊ **ပဲခူးတိုင်းဒေသကြီး**၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ စလူကြိုးဝိုင်း အကွက်အမှတ်(၁၈၁)အတွင်းမှ တရားမဝင်ကျွန်းခွဲသား (၆၁)ချောင်း(၇. ၄၈၈၂)တန်အားလည်းကောင်း၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ သရက်ကုန်းကျေးရွာ အရှေ့တောင်ဘက်(၃)ဖာလုံခန့်အကွာ ခပေါင်းဆည်ဘောင်အနီးတွင် တရားမဝင်ကျွန်းခွဲသား(၂၃၁)ချောင်း (၉.၀၃၅၄)တန်အား လည်းကောင်း၊ **ကချင်ပြည်နယ်**၊ မိုးညှင်းမြို့နယ်၊ လုံးတုံမြို့ တောင်းတန်းသာရပ်ကွက်အတွင်းရှိ နေအိမ်ခြံဝင်းအတွင်းနှင့် ဟဲပန်ကျေးရွာ၏အနောက်ဘက်(၃)မိုင်ခန့်အကွာ ဟဲပန်ကျေးရွာနှင့်မိုင်းပုတ်ကျေးရွာသွား ကားလမ်း၏တောင်ဘက်(၆)ဖာလုံခန့်အကွာ၊ နန့်ရင်းခါကြိုးပြင်ကာကွယ်တောအတွင်းနေရာများ၌ တရားမဝင်သစ်စက် ဆက်စပ်ပစ္စည်းများနှင့် တရားမဝင် ကျွန်း/စကားဝါ/မအူ/ကြေးလံ/ကညင်/ယမနေခွဲသား/ခြမ်း(၃၁၆)ချောင်း/ခြမ်း(၁၃.၆၂၅)တန်အားလည်းကောင်း၊ မြစ်ကြီးနားခရိုင်၊ မိုးညှင်းမြို့နယ်၊ ညောင်းကိုင်းကျေးရွာအရှေ့မြောက်ဘက်(၂. ၅)ကီလိုမီတာခန့်အကွာ ရွှေဘို-မြစ်ကြီးနားပြည်ထောင်စုလမ်းမကြီးဘေးတွင် မော်တော် ယာဉ်(၂)စီးပေါ်မှ တရားမဝင် ကညင်/စကားဝါသစ်(၁၆)လုံး (၁၁.၄၈၀၀)တန်အား ဖမ်းဆီးရမိခဲ့ပါသည်။ ထို့ပြင် **ရှမ်းပြည်နယ်** (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ နောင်လေကျေးရွာအုပ်စု၊ ကန်လောင်းကျေးရွာလမ်းဆုံတွင် မော်တော်ယာဉ်အမှတ်(YGN 4K/5862)တပ်ဆင်ထားသော NISSAN Diesel (၁၂)ဘီးယာဉ်ပေါ်မှ တရားမဝင်အင်ခွဲသား (၄၄၂) ချောင်း(၉. ၃၅၁၇)တန်နှင့်အတူ တရားခံ(၁)ဦးအားလည်းကောင်း၊ **တနင်္သာရီတိုင်းဒေသကြီး**၊ မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်၊ သိန်ခွန်းကျေးရွာအုပ်စု၊ ဝင်္ကတိုးချဲ့(၁)ကြိုးဝိုင်း၊ သဲဖြူကျေးရွာ၏တောင်ဘက်(၃)မိုင်ခန့်အကွာ၊ သိန်ခွန်းချောင်းအတွင်းမှ တရားမဝင် ကညင်/လေသရက်/သင်ပုန်းခွဲသား(၁၅၀)ချောင်း (၁၈.၃၇၈၂)တန်၊ ကျွဲ(၅)ကောင်၊ လက်ကိုင်စက်လွှ(၂)လုံးနှင့်အတူ တရားခံ(၁၁)ဦးတို့အား ဖမ်းဆီးရမိခဲ့ပါသည်။

### တိုင်းဒေသကြီးနှင့်ပြည်နယ်၊သစ်တောဦးစီးဌာနများ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် အောက်တိုဘာလမှ ဖေဖော်ဝါရီလအထိ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိ ပြည်ထောင်စုစာရင်းချုပ်

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျွန်း | တန် | ၄၄၁၅.၄၅၉၃ | |
| ၂ | သစ်မာ | တန် | ၃၂၄၇.၇၄၅၃ | |
| ၃ | အခြား | တန် | ၈၀၃၂.၂၂၇၀ | |
| | စုစုပေါင်း | တန် | ၁၅၆၉၅.၄၃၁၆ | |
| ၄ | မီးသွေး | တန် | ၂၂၃၀.၉၈၃၉ | |
| ၅ | ကား | စီး | ၆၀၀ | |
| ၆ | မြေတူးစက်/မြေကော်စက်/ ကရိန်း | စီး | ၄ | |
| ၇ | ထော်လာဂျီ/ ဒိန်းဒေါင်း/ ထွန်စက် | စီး | ၄၇ | |
| ၈ | ဆိုင်ကယ်/ ဆိုက်တွဲယာဉ်/ နောက်တွဲယာဉ် | စီး | ၂၈၆ | |
| ၉ | စက်လှေ/ ပဲ့ထောင်/ရေယာဉ် | စီး | ၁၀၂ | |
| | စုစုပေါင်း | စီး | ၁၀၃၉ | စဉ် (၅) မှ (၉)၊ ယာဉ်/ ယန္တရား |
| ၁၀ | သစ်စက်/ အင်ဂျင် | လုံး | ၂၇၆ | |

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ

# "ရေနံချောင်းမြို့နယ် အထူးစိမ်းလန်းစိုပြည်ရေးဇုန်စီမံကိန်း (Greening Complex Zone)"

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသဟု ဆိုသည် နှင့် အများပြည်သူတို့၏ စိတ်တွင် ဖုန်ထူထူ သဲလမ်းများ၊ ဆိတ်အုပ် နွားအုပ်များ၊ ကြည့်လေရာ အရပ်တိုင်းတွင်တစ်မျှော်တစ်ခေါ်တွေ့မြင်ရသော ယာပြင်များ၊ဆောင်းရာသီကပင် ရေခမ်းခြောက်လျက်ရှိသည့် သဲချောင်းများ၊ တိမ်ကောလျက်သောရေကန်များကိုသာ မြင်ယောင်မိကြမည်ဖြစ်ပါသည်။ မိုးခေါင်ခြင်း၊ ရေရှားခြင်း၊ အပူချိန်လွန်ကဲခြင်း စသည်တို့သည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ၏ ဝိသေသလက္ခဏာများပင်ဖြစ်သည်။ ရခိုင်ရိုးမ တောင်တန်းကြီးမှ ကာဆီးထားသောကြောင့် Rain Shadow Effect ရရှိပြီး နှစ်စဉ် ပျမ်းမျှမိုးရေချိန် အလွန်နည်းပါးသောဒေသဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရရှိခဲ့သည့် အချက်အလက်များအရ အပူပိုင်းဒေသတွင် နိုင်ငံ လူဦးရေစုစုပေါင်း၏ (၄)ပုံ(၁)ပုံခန့် မှီတင်းနေထိုင်လျက်ရှိပြီး လူမှုစီးပွားအညွှန်းကိန်း နိမ့်ကျလျက်ရှိသောဒေသတစ်ခုဖြစ်ပါသည်။ အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်နေပြီး ဒေသပြင်ပသို့ပြောင်းရွှေ့အလုပ်လုပ်ကိုင်သည့် လူဦးရေအများဆုံးဖြစ်ပါသည်။



မြေပြုပြင်ခြင်း ဆောင်ရွက်ထားမှု မှတ်တမ်းဓာတ်ပုံ

အထက်ပါအခက်အခဲများနှင့် စိန်ခေါ်မှုများစွာရှိသော မြန်မာနိုင်ငံအလယ်ပိုင်းခြောက်သွေ့ပူပြင်းဇုန် ဧရိယာအား အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအား အစဉ်တစိုက်အကောင်အထည်ဖေါ်ဆောင်ရွက်ခဲ့သည်မှာ နှစ်ပေါင်း(၂၀)ကျော်ကာလသို့ တိုင်ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ ယနေ့အချိန်တွင် အပူပိုင်း ဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအား ယခင်ကာလများစွာကထက် ပိုမိုထိရောက်သောနည်းလမ်းများ ထုတ်ဖော်၍ ဌာနမှ ဆောင်ရွက်လျက်ရှိပြီး သိသာထင်ရှားသော ရလဒ်များ ရရှိနိုင်စေရန် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အထူးစိမ်းလန်းစိုပြည်ရေးစီမံကိန်းကြီး (၃)ခုမှာ (၁)ဗောဓိတစ်ထောင်အထူးစိမ်းလန်းစိုပြည်ရေးစီမံကိန်း (စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်)၊ (၂)တန့်ကြည့်တောင် အထူးစိမ်းလန်းစိုပြည်ရေးစီမံကိန်း (မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်)နှင့် (၃)ရေနံချောင်းမြို့နယ် အထူးစိမ်းလန်းစိုပြည်ရေးဇုန်စီမံကိန်း (Greening Complex Zone)တို့ဖြစ်ပါသည်။ အဆိုပါအထူးစီမံကိန်းကြီး (၃)ခုအနက်မှ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ရေနံချောင်းမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသည့် ရေနံချောင်းမြို့နယ် အထူးစိမ်းလန်းစိုပြည်ရေးဇုန်စီမံကိန်းဖြင့် ဒေသတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများအား ယခု ဆောင်းပါးဖြင့် ဖော်ပြသွားမည်ဖြစ်ပါသည်။

**စီမံကိန်းတည်နေရာ**

ရေနံချောင်းမြို့နယ် အထူးစိမ်းလန်းစိုပြည်ရေးဇုန်စီမံကိန်းအားမကွေးတိုင်းဒေသကြီး၊မကွေးခရိုင်၊ရေနံချောင်းမြို့နယ်၊ ရေနံချောင်းမြို့ရှောင်လမ်း၏ မိုင်တိုင်အမှတ် (၁/၇) မှ (၈/၀)အတွင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရေနံချောင်းမြို့နယ် အထူးစိမ်းလန်းစိုပြည်ရေးဇုန်စီမံကိန်းကို စီမံကိန်းကာလအဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ(၅)နှစ် ဆက်တိုက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။



စီမံကိန်းမှ အကောင်အထည်ဖေါ် ဆောင်ရွက်မည့် လုပ်ငန်းများ

စီမံကိန်းကာလအတွင်း အဓိကလုပ်ငန်းကြီးနှစ်ရပ်အနေဖြင့် အထူးစိမ်းသစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့် သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းပတ်ဝန်းကျင်ဒေသအတွင်းတွင် ရေရရှိရေးအကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်အသိပညာပေးဟောပြောပွဲ

အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**(၁) အထူးစိမ်းလန်းစိုပြည်ရေး စိုက်ပျိုးခြင်း နှင့် စဉ်ဆက်မပြတ်ပြုစု ထိန်းသိမ်းခြင်း**

အထူးစိမ်းလန်းစိုပြည်ရေး သစ်တောစိုက်ခင်းများကို ရေနံချောင်းမြို့ မြို့ရှောင်လမ်းမိုင်တိုင်အမှတ်(၆/၁)နှင့် (၆/၅)အတွင်း လမ်ဘေးဝဲ/ယာတွင် ဖြည့်စွက်စိုက်ခင်း တည်ထောင်ခြင်းအား တစ်နှစ်လျှင် (၁၂၀၀၀)ပင်နှုန်း ဖြင့် (၅)နှစ်အတွင်း စုစုပေါင်း(၆၀၀၀၀)ပင် စိုက်ပျိုး သွားမည်ဖြစ်ပြီး၊ သဘာဝတောကျန်ထိန်းသိမ်းကာကွယ် ခြင်းဆောင်ရွက်သည့်ဧရိယာအတွင်းရှိ ကွက်လပ်များ တွင် ကွက်လပ်ဖြည့်စိုက်ပျိုးခြင်းကို နှစ်စဉ်(၃၅၀၀)ပင် နှုန်းဖြင့် (၅)နှစ်တွင်း စုစုပေါင်း(၁၇၅၀၀)ပင်စိုက်ပျိုးသွား မည်ဖြစ်ပါသည်။ စီမံကိန်းအကောင်အထည်ဖော် ဆောင် ရွက်မည့်ဧရိယာ၏ မြေအမျိုးအစားမှာ သဲမြေအမျိုးအ စားဖြစ်၍ အာဟာရဓာတ်လွန်စွာ ချို့တဲ့ခြင်း၊ရေစုပ်ယူ မှု ကောင်းမွန်သော်လည်း ရေထိန်းသိမ်းနိုင်မှု ညံ့ဖျင်း ခြင်းတို့ကြောင့်သစ်တောစိုက်ခင်းများရှင်သန်ကြီးထွား အောင်မြင်နိုင်ရေးအတွက် မြစ်နုန်းမြေအား(Borrow soil)အဖြစ် ထည့်သွင်းစိုက်ပျိုးသွားမည် ဖြစ်ပါသည်။



စိုက်ပျိုးစဉ်ကပင် အမြင့်(၃)ပေ အထက်ရှိသော အောင်လုံသန်စွမ်းသည့် ပျိုးပင်ကြီးများဖြင့် စိုက်ပျိုး မှသာ ဆက်လက်ရှင်သန်ကြီးထွားရန် စိတ်ချရသည့် အခြေအနေဖြစ်ပြီး ဒေသ၏မြေဆီလွှာအရည်အသွေး ရာသီဥတုတို့နှင့်ကိုက်ညီသောသစ်မျိုးများ ရွေးချယ်စိုက် ပျိုးနိုင်ရန်လည်း အရေးကြီးလှပါသည်။ စီမံကိန်း ပထမနှစ်တွင် စိုက်ပျိုးရန်အတွက် လိုအပ်သောအထူး စိမ်းပျိုးပင်များအား အသင့်စုဆောင်းပြီး ဖြစ်သကဲ့သို့ ကျန်ရှိသည့် စီမံကိန်းကာလ (၄) နှစ်တွင် စိုက်ပျိုးရန် အတွက် အောင်လုံသန်စွမ်းသောပျိုးပင်များ ရရှိနိုင်ရန် ပျိုးပင်တစ်သိန်းအား ဖန်းခါးစမ်းအမြဲတမ်းပျိုးဥယျာဉ် တွင် စီမံကိန်းပထမနှစ်မှစတင်၍ ပျိုးထောင်လျက်ရှိ ပါသည်။ နှစ်အလိုက်လိုအပ်သည့် ပျိုးပင်အရွယ် အစားရရှိစေရန်အတွက် စီမံကိန်းဒုတိယနှစ်တွင် ပျိုး အိတ်ကြီး ကူးပြောင်းပျိုးထောင်ခြင်းဆောင်ရွက်သွား မည်ဖြစ်ပါသည်။

**(၂) ရေရရှိရေးဆောင်ရွက်ခြင်းနှင့် ရေလောင်းပြုစုခြင်း**

အထူးစိမ်းလန်းစိုပြည်ရေး စိုက်ခင်းများရှိ စိုက်ပင်များ အတွက်ရေလုံလောက်စွာ ထောက်ပံ့နိုင်ရန်အတွက် ရေဝေရေယာများ၍ ရေဝပ်နိုင်သည့်နေရာများတွင် တစ်နှစ်လျှင် တစ်ဖက်ရပ်ဆည်(၁)ခု၊ (၅)နှစ်စာ စုစု ပေါင်း (၅)ခုနှင့် မြေအောက်ရေ(အဝီစိတွင်း)တစ်တွင်း တူးဖော်ခြင်းဆောင်ရွက်သွားမည်ဖြစ်ပြီး (၅)နှစ် ဆက် တိုက်ဆောင်ရွက်မည့် အထူးစိမ်းဖြည့်စွက်စိုက်ခင်း (၅)ခု ကို လွှမ်းခြုံရေပေးဝေရန် ဆောင်ရွက်သွားမည်ဖြစ်ပါ သည်။ နှစ်စဉ်အုတ်ရေကန်များ တည်ဆောက်ခြင်း နှင့် ရေပိုက်လိုင်းများသွယ်တန်း၍ ရေလောင်းပြုစုခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**(၃) မြေဆီလွှာထိန်းသိမ်းခြင်းလုပ်ငန်း**

မြေဆီလွှာထိန်းသိမ်းခြင်းလုပ်ငန်းများအနေဖြင့်ကျောက် စီ နုန်းထိန်းတမံငယ်တည်ဆောက်ခြင်းကို စိုက်ခင်းများ အတွင်းနှင့် သဘာဝတောထိန်းဧရိယာအတွင်း စီမံကိန်း ကာလ (၅)နှစ်အတွင်း (၁)နှစ်လျှင် (၈)ခုနှုန်းဖြင့်(၄၀)ခု အား လိုအပ်သည့်နေရာတွင် တည်ဆောက်သွားပြီး ကျောက်စီနုန်းထိန်းတမံငယ်၏ အထက်ဘက်တွင် သစ်ကိုင်းဖျားသုံးနုန်း ထိန်းတမံငယ် ( Brushwood Small Check Dam)များအား တွဲဖက်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။ ကွန်တိုဘောင်များဖြင့် သစ်ပင် စိုက်ပျိုးသောတောင်ကြောဒေသများတွင် မြေဆီလွှာ တိုက်စားမှု ကာကွယ်နိုင်စေရန် စီမံကိန်းပထမနှစ် တွင် ဗာတီဗာမြက်(၅၀၀၀)ပင်အား စိုက်ပျိုးသွားမည် ဖြစ်ပါသည်။

**(၄) သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း**

စီမံကိန်းတည်နေရာအတွင်း လူဦးရေတိုးတက်များပြား လာခြင်းကြောင့် သဘာဝတောများအပေါ် ဝင်ငွေရလမ်း အတွက် မှီခိုမှုများပြားလာခြင်းသည်လည်း အပူပိုင်း တောများပျက်စီးခြင်း၏ အဓိကအကြောင်းအရင်း တစ်ရပ်ဖြစ်လာပြီး အပြန်အလှန်အနေဖြင့် ဒေသတွင်း ရာသီဥတုထိန်းညှိခြင်းပျက်ပြား၍ ပို၍ဆိုးရွားသော ရလဒ်များသာ ထွက်ပေါ်လာနိုင်မည်ဖြစ်ပါသည်။အဆို ပါ အခြေအနေအားထိန်းသိမ်းနိုင်ရန်အတွက် အပူပိုင်း ဒေသ၏ လက်ကျန်သဘာဝတောများအား အချိန်မီ ထိန်းသိမ်းခြင်းဆောင်ရွက်နိုင်ရန် အရေးတကြီးလိုအပ် လျက်ရှိသည့်အတွက် သဘာဝတောကျန်များ ထိန်း သိမ်းကာကွယ်ခြင်းလုပ်ငန်းစဉ်အား အရေးပါသောလုပ် ငန်းစဉ်တစ်ရပ်အနေဖြင့် အကောင်အထည်ဖော်ဆောင် ရွက်သွားမည်ဖြစ်ပါသည်။ နတ်ကန်ဦးကြိုးပြင်ကာ ကွယ်တောနှင့် ယင်းမချောင်းကြိုးပြင် ကာကွယ်တော အတွင်း အကျယ်အဝန်းအားဖြင့်(၂၀၀၀)ကေတွင်

(၅)နှစ်ဆက်တိုက် ထိန်းသိမ်းကာကွယ်ခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

**(၅)အသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်းနှင့် စွမ်းအားမြင့်မီးဖိုဖြန့်ဝေခြင်း**

အထူးစိမ်းလန်းစိုပြည်ရေး စီမံကိန်းကြီးဖြစ်သည့်အားလျော်စွာ စီမံကိန်းဧရိယာအတွင်းရှိ ဒေသခံပြည်သူများ၏ပူးပေါင်းဆောင်ရွက်မှု တိုးတက်ကောင်းမွန်စေရန် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်သကဲ့သို့ စီမံကိန်းဧရိယာအနီးရှိ ကျေးရွာများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများအားပြုလုပ်ခြင်းနှင့် စွမ်းအားမြင့်မီးဖိုများဖြန့်ဝေခြင်းဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် စီမံကိန်းဒေသခံများ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိစိတ်ဓာတ်များ တိုးပွားစေခြင်း၊ စွမ်းအားမြင့်မီးဖိုများ ဖြန့်ဝေသုံးစွဲစေခြင်းဖြင့် သဘာဝတောကျန်များမှ ထင်းလောင်စာခုတ်ယူသုံးစွဲမှု လျော့နည်းစေခြင်းစသည့် အကျိုးကျေးဇူးများ ခံစားရမည်မှာ အသေအချာပင်ဖြစ်ပါသည်။

**(၆)ယာဉ်ယန္တရားနှင့် အခြေခံအဆောက်အဦများ ဖြည့်တင်းခြင်း**

စီမံကိန်းအားအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် လိုအပ်သောယာဉ်ယန္တရားနှင့် စက်ပစ္စည်းများဝယ်ယူဖြည့်တင်းခြင်း၊ အခြေခံအဆောက်အဦများဖြစ်သည့် ရှင်းလင်းဆောင်များ၊ ဝန်ထမ်းနေအိမ်များအား တည်ဆောက်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများမှ အနီးကပ်ကြီးကြပ်၍ အကောင်အထည် ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**နိဂုံး**

အချုပ်အားဖြင့်ဆိုသော်ရေနံချောင်းမြို့နယ် အထူးစိမ်းလန်းစိုပြည်ရေးဇုန်စီမံကိန်း(Greening Complex Zone)သည် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး၏ အထူးစီမံကိန်းကြီး(၃)ခုအနက်မှ တစ်ခုဖြစ်သည့်အတွက် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းစဉ်များ၏အကျိုးရလဒ်နှင့် ထင်သာမြင်သာသောပြောင်းလဲမှုများရရှိစေရန် အထူးအလေးထားဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ဒေသတွင်း ရာသီဥတုပြောင်းလဲမှုများအပေါ် လိုက်လျောညီထွေဖြစ်စေနိုင်သည့်နည်းလမ်းများအား ရှာဖွေဖော်ထုတ်မျှဝေနိုင်ရေး၊ သစ်တောသစ်ပင်များ၏တန်ဖိုးနှင့်အသုံးဝင်မှုများအား ဒေသခံပြည်သူလူထုမှ အချိန်တိုကာလအတွင်း မျက်ဝါးထင်ထင်တွေ့မြင်ခံစား၍ ပူးပေါင်းပါဝင်မှုတိုးတက်စေရေး၊ အနာဂတ်တွင် သဲကန္တာရဖြစ်ထွန်းမှုအန္တရာယ် ကာကွယ်တားဆီးခြင်းစသည့်အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်သည့်အတွက် စီမံကိန်းလုပ်ငန်းကြီးအောင်မြင်စေရန် အထူးအလေးထား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။



## သစ်ပင်တို့၏ရန်သူကြီး (သို့) ကျုပ်ရဲ့ ကျိန်စာ



အပြစ်ကင်းလှ
ကျွန်ုပ်ဘဝကို
သင်ကဖျက်ဆီး
လောဘမီးကြောင့်
မြည်ဟီး ကမ္ဘာ
ပျက်စီးရာရင်း
ကျိန်စာသင့်ထံ လာတော့မည်။

✦ ကျွန်ုပ်တို့ မျိုးဆက်
သင် သတ်ဖြတ်စဉ်
ရက်စက်ကျိန်စာ
သင့်ထံလာရင်း
ပြာယာဘဝ
ပိုင်ဆိုင်ရဖို့
ကျုပ်က ကျိန်စာတိုက်နေမည်။

✦ ကျုပ်တို့ကို သတ်
သင့် မနက်က
ဆက်လက်သောက
ကြုံတွေ့ရရင်း
ဒုက္ခပေါင်းဖော်
သင့်ထံပျော်လို့ နေလိမ့်မည်။

✦ လောဘအတွက်
သင် သတ်ဖြတ်စဉ်
မပျက် ကျိန်စာ
သင့် ထံလာရင်း
ချိန်ခါဒုက္ခ
ခံစားရကာ
ဘဝမွဲတေ
သောကတွေက ကြုံရမည်။

✦ ကျုပ်တို့ကို သတ်
စီးပွားတက်လဲ (လည်း)
မပျက်ဒုက္ခ
ပြန်ခံရရေး
ကျုပ်ကတွေးလို့ ပျော်မိသည် ---

စိုးပြေ (ကောမှူး)
လားရှိုး-သစ်တော

ယခင်လမှအဆက်

# ကျွန်တော်တွေးမိတဲ့ ရောက်တတ်ရာရာ အတွေးစများ

ဒေါက်တာသောင်းနိုင်ဦး(သစ်တောသုတေသန)

**ဘယ်လိုမူဝါဒနဲ့ လုပ်ငန်းစဉ်များ ဖော်ဆောင်မလဲ**

REDD+ ဟာ နိုင်ငံအဆင့် မူဝါဒရေးရာလုပ်ငန်းစဉ်ဖြစ်တာကြောင့် နိုင်ငံအဆင့် REDD+ မဟာဗျူဟာမှာတော့ သစ်တောပြုန်းတီးမှုလျှော့ချဖို့၊ ရပ်တန့်စေဖို့ မူဝါဒနဲ့လုပ်ငန်းစဉ်များ (Policies and Measures-PaM) ၄၄ ခု ကိုဖော်ထုတ်ထားပါတယ်။ ဆက်စပ်ပတ်သက်သူတွေနဲ့ အကြောင်းအရာများစွာကို အကြိမ်များစွာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အနှံ့မှာ သွားရောက်ဆွေးနွေးဖော်ထုတ်ထားတာဆိုတော့ အတော်ကိုစုံလင်တယ်လို့ပြောနိုင်ပါတယ်။ သစ်ထုတ်မှု၊ ထင်းလိုအပ်ချက်မြင့်မားမှု၊ ရွှေ့ပြောင်းတောင်ယာ၊ မြေအသုံးချမှု၊ တရားမဝင်သစ်ခိုးမှု အစရှိသဖြင့် အများသိရှိပြီး အကြောင်းအရာတွေ အတော်များများပါဝင်ပါတယ်။ အတည်တော့ မပြုရသေးပါဘူး။ ဒီဆောင်းပါးမှာ အများသိပြီးဖြစ်တဲ့အကြောင်းအရာတွေကို အသေးစိတ်မဖော်ပြတော့ပဲ အစပြုဆောင်ရွက်သင့်တယ်လို့စဉ်းစားသင့်တဲ့၊ အခြားဝန်ကြီးဌာနတွေနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရမယ့် ကိစ္စရပ်တချို့ကို ထုတ်နုတ်ဆွေးနွေးလိုပါတယ်။ တကယ်ဆောင်ရွက်နိုင်မလား၊ တကယ်ရောထိရောက်မလား၊ သူများတွေနိုင်ငံမှာ အလုပ်ဖြစ်ပေမယ့် ကိုယ့်နိုင်ငံအခြေအနေနဲ့ဆို အလုပ်ရော ဖြစ်ပါ့မလားဆိုတာတော့ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်တဲ့အပေါ်မှာ မူတည်ပါတယ်။

ဥပမာတစ်ခုကတော့ စိုက်ပျိုးမြေတွေ ချဲ့ထွင်ခြင်းဟာ သစ်တောပြုန်းတီးခြင်းရဲ့ အဓိကအကြောင်းအရင်းများအနက် တစ်ခုအပါအဝင်ဆိုပါစို့။ အဲဒါကြောင့် နောင်မှာ စိုက်ပျိုးမြေတိုးချဲ့ခြင်းကြောင့် သစ်တောပြုန်းတီးမှု မဖြစ်အောင် စိုက်ပျိုးမြေဧရိယာကို အတိုင်းအတာတစ်ခုထိကန့်သတ်ပြီး လက်ရှိစိုက်ပျိုးနေတဲ့မြေမှာပဲ စိုက်ပျိုးရေးထုတ်ကုန်တွေအထွက်နှုန်း တိုးတက်လာစေရန် ရင်းနှီးမြှုပ်နှံဆောင်ရွက်စေမယ့် လုပ်ငန်းစဉ်မျိုးကို ဖော်ဆောင်ဖို့ဖြစ်ပါတယ်။ မိမိတို့ချည်းဆောင်ရွက်လို့မရပါဘူး။ စိုက်ပျိုးရေးဝန်ကြီးဌာနက သစ်တောတွေရဲ့အခန်းကဏ္ဍကို ပြည့်ပြည့်ဝဝ နားလည်လက်ခံပြီး သစ်တောပြုန်းတီးမှုမရှိတဲ့ စိုက်ပျိုးကုန်ထုတ်လုပ်ရေး မူဝါဒမျိုးချမှတ် အကောင်အထည်ဖော်ဖို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်ဖြစ်ပါတယ်။ ဒါ့အပြင် ရာဘာ၊ ဆီအုန်း၊ ကြံစတဲ့ စက်မှုသီးနှံစိုက်ပျိုးတဲ့ကုမ္ပဏီ၊ လုပ်ငန်းရှင်၊ တောင်သူတွေကို ဈေးငွေချေးတဲ့အခါ သစ်တောပြုန်းတီးမှုမရှိစေရဆိုတဲ့ သတ်မှတ်ချက်မျိုးထားပြီး ချေးငွေလုပ်ငန်းတွေဆောင်ရွက်မယ်ဆိုရင် သစ်တောထိန်းသိမ်းရေးကို အလွန်အထောက်အကူပြုနိုင်ပါမယ်။

နောက်ထပ် ထိထိရောက်ရောက်ညှိနှိုင်းဆောင်ရွက်ရမှာက မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေအရ ခွင့်ပြုပေးနိုင်တဲ့ မြေနေရာတွေမှာ သစ်တောဖုံးလွှမ်းမှုကောင်းတယ်ဆိုရင် အဲဒီနေရာတွေကို မြေအသုံးချမှုပြောင်းမသွားအောင်ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ သစ်တောတွေ ခုတ်ထွင်ရှင်းလင်းပြီး စိုက်ပျိုးရေးအခြေခံစီးပွားရေး ရင်းနှီးမြှုပ်နှံမှုအတွက်ခွင့်မပြုဖို့၊ တားဆီးရပ်တန့်ဖို့ဖြစ်ပါတယ်။ လက်ရှိသစ်တောတွေဆက်လက်မပြုန်းတီးဖို့ ဒီအချက်ဟာအလွန်အရေးကြီးပါတယ်။

နောက်တစ်ချက်က သစ်တောပြုန်းတီးမှုတွေကို လေ့လာကြည့်ရင် အမြဲတမ်း သစ်တောနယ်မြေတွေထက် ပြင်ပက သစ်တောတွေပြုန်းတီးမှုက ပိုပါတယ်။ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောတွေမှာလည်း ကျူးကျော်စိုက်ပျိုးလုပ်ကိုင်တာတွေရှိနေတော့ လယ်မြေတွေ၊ ရွာမြေတွေကို ပယ်ဖျက်ပေးတာတွေ၊ ယာမြေတွေကို ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်တာတွေ ဆောင်ရွက်ပေးနေပါတယ်။ ဒါကြောင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေမှာပါဝင်နေတဲ့ သစ်တောဖုံးလွှမ်းမှု ကောင်းမွန်တဲ့နေရာတွေကို ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအဖြစ် အမြန်ဆုံးပြောင်းလဲဖွဲ့စည်းပြီး စီမံအုပ်ချုပ်လုပ်ကိုင်နိုင်မယ်ဆိုရင် အလွန်ကောင်းမွန်ပါတယ်။ ဝန်ကြီးဌာန(၂)ခု (သို့မဟုတ်) ဆက်စပ်နေတဲ့ ဝန်ကြီးဌာနများညှိနှိုင်းပြီး ဆောင်ရွက်မယ်ဆိုရင် win-win အခြေအနေကို ရနိုင်မှာဖြစ်ပါတယ်။ တစ်ခုပဲအရေးကြီးတာက မိမိတို့ရဲ့ကြေးတိုင်လုပ်ငန်းစဉ်အဆင့်ဆင့်ကို ယခုထက် ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်

မယ့်နည်းလမ်းတွေကို စဉ်းစားရှာကြံ အသုံးချနိုင်ရင်ပို ကောင်းမယ်ထင်ပါတယ်။ ဒါမှမဟုတ်ရင် ပေးကားပေး၏ –မရ ဆိုတာလိုဖြစ်နိုင်ပါတယ်။

နောက်ထပ် စဉ်းစားသင့်တာတစ်ခုက သစ်တော နဲ့ဆက်နွယ်ပြီး ဆောင်ရွက်နေတဲ့ သစ်ခွဲစက်၊ စက္ကူ၊ ပျော့ဖတ်၊ အထပ်သားစတဲ့စက်ရုံ၊ လုပ်ငန်းတွေ၊ သစ်ကိုကုန် ကြမ်းအဖြစ်အသုံးပြုနေတဲ့ စီးပွားရေးလုပ်ငန်းတွေကို သစ် တောပြုန်းတီးမှု အခွန် Deforestation Tax မျိုးထည့် သွင်းကောက်ခံမယ်ဆိုရင် သစ်အသုံးပြုမှု လျော့ကျနိုင်မ လားစဉ်းစားသင့်ပါတယ်။ တချို့နိုင်ငံတွေမှာတော့ ဆောင် ရွက်လျက်ရှိပါတယ်။ သစ်တောပြုန်းတီးမှု လျှော့ချရေးလုပ် ငန်းကို အထိုက်အလျောက် အထောက်အကူပြုနိုင်မယ်လို့ ထင်ပါတယ်။ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုပေးချေ ခြင်း(Payment for Ecosystem Services-PES) ကဲ့သို့ လုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ မလွယ်ကူသော်လည်း မဖြစ်နိုင် တဲ့ကိစ္စရပ်များတော့ မဟုတ်ပါ။

တစ်စပ်တည်းမှာ စဉ်းစားသင့်တာက ပြည်နယ် နဲ့တိုင်းဒေသကြီးအတွက် နှစ်စဉ်ရန်ပုံငွေတွေကို လျာထား တဲ့အခါ သစ်တောဖုံးလွှမ်းမှုကောင်းတဲ့ ပြည်နယ်၊တိုင်း ဒေသကြီး၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းတွေ ပိုမိုရင်း နှီးမြှုပ်နှံလုပ်ကိုင်လိုတဲ့ ပြည်နယ်နဲ့တိုင်းဒေသကြီးတွေကို ရန်ပုံငွေပိုမိုခွဲဝေပေးနိုင်ရေးအတွက် စဉ်းစားဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ဆိုလိုတာက ပြည်နယ်နဲ့တိုင်းဒေသကြီးတွေ ကို ရန်ပုံငွေခွဲဝေချထားတဲ့အခါ သစ်တောများသည် အရေး ကြီးတဲ့ စံသတ်မှတ်ချက်တစ်ခုအဖြစ် ထည့်သွင်းစဉ်းစား ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒါဆို ပြည်နယ်နဲ့တိုင်းဒေသ ကြီးအသီးသီးက ကိုယ့်သစ်တောတွေ ကိုယ်ပိုမိုဂရုစိုက် ထိန်းသိမ်းလာနိုင်ပါတယ်။ ဒါကတော့ ပြည်ထောင်စုအ ဆင့်ဆောင်ရွက်ရတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေက စဉ်း စားဆောင်ရွက်မှသာ အဆင်ပြေနိုင်မှာဖြစ်ပါတယ်။

အခြားနိုင်ငံတွေမှာ ကျယ်ကျယ်ပြန့်ပြန့် ဆောင် ရွက်နေတာက သစ်တောပြုန်းတီးမှုမရှိစေဖို့ စနစ်တကျ စဉ်ဆက်မပြတ်စီမံအုပ်ချုပ်တဲ့ သစ်တောကနေထွက်လာတဲ့ သစ်နဲ့ အဲဒီသစ်ကရတဲ့တန်ဖိုးမြှင့်ပစ္စည်းတွေကိုပဲ သုံးစွဲကြဖို့ ဆောင်ရွက်တာဖြစ်ပါတယ်။ ဒါကြောင့်လည်း မိမိတို့နိုင်ငံ မှာ စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင် ဆောင်ရွက်နေတဲ့ သစ်တောရေိယာ ကေဘယ်လောက်ရှိသလဲဆိုတာ ပြန် လည်ဆန်းစစ်ဖို့လိုပါတယ်။ နှစ်စဉ်တောထွက်ကို သတ် မှတ်ထုတ်ယူနေရုံသာမက သစ်တောပြုစုထိန်းသိမ်းခြင်း လုပ်ငန်းတွေကိုပါ စနစ်တကျဆောင်ရွက်တဲ့တောမျိုးကို ဆိုလိုတာဖြစ်ပါတယ်။ သစ်တောစိုက်ခင်းတွေကပဲ သစ် ထုတ်တော့မယ်ဆိုရင်လည်း စနစ်ကျတဲ့ sustainable plantation forestry ကို မဟာဗျူဟာ ချမှတ်ဆောင်ရွက်ကြဖို့ လိုပါမယ်။ ဒါမှသာထိန်းသိမ်းရေး(သစ်တောဖုံးလွှမ်းမှု)နဲ့ စီးပွားရေးဟန်ချက်ညီမှာ ဖြစ်ပါတယ်။

စိုက်ပျိုးရေးကဲ့သို့ အလားတူကိစ္စရပ်များဖြစ်တဲ့ သတ္တုကျောက်တူးတဲ့ကိစ္စ၊ ရေအားလျှပ်စစ်၊ ဆည်တာတမံ တည်ဆောက်တဲ့ကိစ္စ၊ လမ်းဖောက်တဲ့ကိစ္စတွေဟာ သစ် တောပြုန်းတီးမှုကို ဖြစ်စေတာကြောင့် သူတို့ရဲ့လုပ်ငန်းစဉ် တွေမှာ သစ်တောတွေမပျက်စီးရေး၊ ပျက်စီးမှုအနည်းဆုံး ဖြစ်စေရေး၊ သစ်တောထိန်းသိမ်းရေးတွေကို သူတို့ရဲ့မူဝါဒ လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းတွေမှာ ကွဲကူးရေပါ ဆောင်ရွက်သွားနိုင်ဖို့ ညှိနှိုင်းဆောင်ရွက်သွားနိုင်ဖို့လိုပါ တယ်။ EIA/SIA တွေကို တိတိကျကျလိုက်နာဖို့၊ပျက်စီးမှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုအတွက် ငွေကြေးပေးဆောင်စေ ခြင်း(Polluter Pay System) စနစ်အသုံးပြုခြင်း၊ သစ်တော ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်စေခြင်း စသည်တို့ ကို ထည့်သွင်းဆောင်ရွက်သွားဖို့ မိမိတို့ကအစပြု ဆောင် ရွက်ဖို့လိုပါတယ်။

သဘာဝတောအများစုဟာ ဝေးလံတဲ့နေရာဒေသ တွေ၊ တောင်တန်းဒေသတွေမှာ ရှိနေတာကြောင့် သားစဉ် မြေးဆက်တည်ရှိစေဖို့ စနစ်တကျစီမံအုပ်ချုပ်ဖို့ဆိုတာ တကယ့်ကို ကြီးမားတဲ့စိန်ခေါ်မှုပါ။ ဒေသခံပြည်သူတွေ၊ ဓလေ့ထုံးတမ်းနဲ့အညီ မိရိုးဖလာ အစဉ်အဆက် ထိန်းသိမ်း စောင့်ရှောက်လာတဲ့ သစ်တောတွေရှိနေမှာ ဖြစ်ပါတယ်။ ပြည်သူအစုအဖွဲ့ သဘာဝနယ်မြေတွေ Community Protected Area (CPA)တွေ၊ ဒေသခံပြည်သူအစုအဖွဲ့ ပိုင်သစ်တောလုပ်ငန်းတွေအစရှိသဖြင့် ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် စနစ်တကျဆောင်ရွက်နိုင်မယ်၊ ပြည် သူဗဟိုပြု သစ်တောစီမံအုပ်ချုပ်မှုပုံစံကို ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်နိုင်မယ့် လုပ်ငန်းစဉ်တွေကို ဆောင် ရွက်နိုင်မယ်ဆိုရင်လည်း သစ်တောပြုန်းတီးမှုလျှော့ချရေး အတွက် အကျိုးဖြစ်ထွန်းနိုင်မှာဖြစ်တယ်လို့ ယုံကြည်ပါ တယ်။ အခြေအနေကောင်းတွေလည်း အများကြီးရှိနေပြီဖြစ် ပါတယ်။

ပုံမှန်လုပ်ရိုးလုပ်စဉ်လုပ်ငန်းတွေက ခွဲထွက်ပြီး အစ ပြုစမ်းသပ်ဆောင်ရွက်သင့်တဲ့ လုပ်ငန်းတွေကတော့ အတော် များများရှိနေမှာပါပဲ။ အခက်အခဲက မိမိတို့သစ်တောဦးစီး ဌာန၊ ဝန်ကြီးဌာနတစ်ခုတည်းက လုပ်လို့မရတာဖြစ်ပါတယ်။ ဆက်စပ်နေတဲ့ဝန်ကြီးဌာနနဲ့ အကြေအလည်ညှိနှိုင်းမယ်၊ ဆွေးနွေးမယ်၊ အဖြေရှာမယ်ဆိုရင် ဖြစ်နိုင်ပါတယ်။

### ဘယ်လိုနည်းနဲ့ ပြောင်းလဲကြမလဲ

အစပိုင်းမှာပြောခဲ့သလိုပဲ ကျွန်တော်အပါအဝင် အများစုဟာ လုပ်ရိုးလုပ်စဉ်တွေကိုပဲ စိတ်ချလက်ချလုပ် ချင်ကြတယ်။ Comfort Zone ထဲမှာပဲ နေချင်ကြတယ်။ စွန့်စားမှု စိန်ခေါ်မှုတွေနဲ့ပတ်သက်ရင် စဉ်းစဉ်းစားစားလေး လုပ်တတ်ကြတယ်၊တွေဝေကြတယ်ပေါ့။ အခြေအနေ

ကလည်း လုပ်ရိုးလုပ်စဉ်ကနေ ဖောက်ထွက်မှပဲ၊ အပြောင်းအလဲတွေလုပ်မှပဲ ဆုံးရှုံးမှုကိုကာကွယ်နိုင်မယ်၊ ကိုယ်မြင်တွေ့ချင်တဲ့ရလဒ်၊ ကိုယ်လိုချင်တဲ့ အကျိုးအမြတ်ရမယ့် အခြေအနေမှာ ဖြစ်နေတယ်ဆိုပါတော့။

အဲဒါဆိုရင်တော့ ပြောင်းလဲမှုကတော့ လုပ်ကိုလုပ်ရတော့မယ်။ လုပ်ရိုးလုပ်စဉ်ကနေ ဖောက်ထွက်တဲ့ အတွေးအခေါ်တွေ၊ နည်းစနစ်တွေ၊ အလုပ်တွေကိုလုပ်ရတော့မှာဖြစ်ပါတယ်။ အဲဒါဆို ဘယ်လိုနည်းနဲ့ပြောင်းလဲကြမလဲ။ ဘယ်နေရာက စတင်ပြောင်းလဲမှာလဲ၊ ဘယ်သူတွေက ဘယ်လိုလုပ်ငန်းတွေမှာ ပြောင်းလဲမှုကိုစတင်မှာလဲ။ ရုတ်ချည်း နေ့ချင်းညချင်းပြောင်းလဲမှုကို ဆောင်ရွက်မလား၊ စနစ်တကျနဲ့ အသွင်သဏ္ဍာန်အနှစ်သာရ ပေါင်းစပ်ကူးပြောင်းမှုပုံစံ Transformative Change ပုံစံနဲ့ဖြေးဖြေးမှန်မှန် ကူးပြောင်းကြမလား၊ ပြောင်းလဲမှုနောက်လူတိုင်း၊ ဆက်စပ်ဌာနတိုင်း လိုက်ပါပြောင်းလဲအောင် ဘယ်လိုလုပ်ကြမလဲ။ ကျွန်တော်တို့ အမြဲမပြတ်စဉ်းစားနေကြရမှာဖြစ်ပါတယ်။ နည်းလည်းရှာကြံနေကြရမှာဖြစ်ပါတယ်။

**ပျက်ကွက်ခြင်းမရှိစေဖို့**

**စဉ်းစားဖို့ပျက်ကွက်ခြင်း၊ စီမံဖို့ပျက်ကွက်ခြင်း၊ အကောင်အထည်ဖော်ဖို့ပျက်ကွက်ခြင်း၊ ကြီးကြပ်ဖို့ပျက်ကွက်ခြင်းဆိုတဲ့ ပျက်ကွက်ခြင်းတွေ မရှိစေဖို့ တစ်ဦးချင်း တစ်ယောက်ချင်းစီကနေ တာဝန်သိသိ၊ သစ္စာရှိရှိ၊ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ကိုယ့်ကျွမ်းကျင်မှုအလိုက်၊ နေရာဒေသအလိုက်၊ ရာထူးအဆင့်အလိုက် စဉ်းစားလိုက်ကြပါစို့။ တွေးတောကြံဆကြပါစို့။ နည်းလမ်းတွေ ရှာကြံလိုက်ကြပါစို့။ စီမံခန့်ခွဲကြပါစို့။ အကောင်အထည်ဖော်ကြပါစို့။ ကြီးကြပ်ကြပါစို့။ သစ်တောပြုန်းတီးမှု လျော့ချနိုင်ဖို့ လုပ်ရိုးလုပ်စဉ်ကနေ ပုံစံခွက်ထဲကနေဖောက်ထွက်ပြီး တက်ညီလက်ညီနဲ့ အရွေ့တစ်ခုကိုရွေ့နိုင်ဖို့ အစပျိုးလိုက်ကြပါစို့။ တစ်ဦးနဲ့တစ်ဦး လက်တွဲကူရင်း ကျွန်တော်တို့ရေးနေတဲ့ သစ်တောသမိုင်းကို အလှဆုံးဖြစ်သွားအောင် အလုပ်နဲ့သက်သေပြကြပါစို့။**



လုံခြုံဘေးကင်းတဲ့ ကမ္ဘာကြီးဖြစ်စေဖို့
ပိုင်းဝန်းကြိုးပမ်းကြပါစို့ ။

## မအိုမပျောင်းသစ်တောကျောင်း

- သယံဇာတ၊ ပေါကြွယ်ဝလျက်
လုပသာယာ၊ ပြည်မြန်မာသည်
ကမ္ဘာတစ်လွှား၊ ဂုဏ်ထင်ရှား၍
ကျော်ကြားသတင်း မွှေးထုံသင်း၏။
- သယံဇာတ၊ မြန်မာ့ဓန
အဝဝတွင်၊ တောသစ်ပင်တို့
ငွေဝင်တိုးလျက်၊ ဝန်းကျင်တွက်လည်း
စဉ်ဆက်မပြတ် ကောင်းစေတတ်၏။
မြန်မာ့သစ်တော၊ ကျယ်ပြန့်ပြောလျက်
စုံပေါသစ်မျိုး၊ ဇီဝမျိုးတို့
ခိုကိုးနေရာ၊ ဤဂေဟာသည်
ချမ်းသာကောင်းကျိုး၊ အစဉ်တိုး၏။
- ကောင်းကျိုးများစွာ၊ ဖြစ်စေရသည့်
မြန်မာ့သစ်တော၊ မပျက်ကောအောင်
သစ်တောပညာ၊ အဖြာဖြာနှင့်
ဆောင်တာလုပ်ငန်း၊ အတတ်ကျွမ်းကျင်
ပြည့်စွမ်းအင်အား၊ဝန်ထမ်းများကို
သင်ကြားပေးရာ၊ ကျောင်းမဟာသည်
ကြီးစွာမြတ်လှ၊ ဝိသေသဖြင့်
နာမတော်ကောင်း၊ သစ်တောကျောင်းတည်း။
- ဤသစ်တောကျောင်း၊ မဟာကျောင်းသည်
နှစ်ပေါင်းတစ်ရာ၊ တည်ခဲ့ပါလည်း
စဉ်သာနုပျို၊ စွမ်းရည်ပိုကာ
မအိုမပျောင်း၊ အားသစ်လောင်းလျက်
သားကောင်းများစွာ၊ မွေးထုတ်ပါ၍
ပညာနို့ချို၊ တိုက်ကျွေးပိုသည်
ထိုထိုကျေးဇူး၊ မြတ်ဂုဏ်ထူးကြောင့်
ကြည်နူးသဒ္ဓါ၊ ဆုဝေဖြာသည်
ကမ္ဘာတည်သရွေ့ တည်စေသော်ဝ်။

သန်းမောင်
အကြီးတန်း



မြန်မာနိုင်ငံသစ်တောကျောင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်စာစောင်မှ ပြန်လည်ထုတ်နုတ်ဖော်ပြသည်။

# ကမ္ဘာ့ရေဝပ်ဒေသများနေ့ ၂၀၂၀

ဒေါက်တာသိန်းအောင်၊ ဥက္ကဋ္ဌ၊ မြန်မာ့ငှက်နှင့် သဘာဝထိန်းသိမ်းရေးအသင်း










နှစ်စဉ် ဖေဖေါ်ဝါရီလ ၂ ရက်နေ့ကို ကမ္ဘာ့ရေဝပ်ဒေသများနေ့အဖြစ်သတ်မှတ်ကာ ကမ္ဘာတစ်ဝှမ်း ရေဝပ်ဒေသထိန်းသိမ်းရေး လူထု လှုပ်ရှားမှုအနေဖြင့် တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။ ယခုနှစ်တွင်လည်း နှစ်စဉ်ကျင်းပမြဲ ကမ္ဘာ့ရေဝပ်ဒေသများနေ့ ၂၀၂၀ အထိမ်းအမှတ်ပွဲကို ‘ဇီဝမျိုးစုံမျိုးကွဲအဝွန်ရှည်ဖို့ ရေဝပ်ဒေသတွေထိန်းသိမ်းစို့’ ‘Wetlands and Biodiversity” ဆောင်ပုဒ်အဖြစ် သတ်မှတ်ကြေညာကာ ကမ္ဘာသူကမ္ဘာသားအားလုံး ဇီဝမျိုးစုံမျိုးကွဲမျိုးသုဉ်းမှုကာကွယ်ရေး၊ ရေရှည်တည်တံ့စေရေးအတွက် ရေဝပ်ဒေသအရေးပါပုံနှင့် ရေရှည်တည်တံ့စွာ ထိန်းသိမ်းရေးတို့ကို ပိုမိုအလေးအနက်ထားစေမည့် လူထုလှုပ်ရှားမှုအသိပညာပေး အစီအစဉ်ကိုတိုးမြှင့်လုပ်ဆောင်နေပါသည်။ ရေသည် သက်ရှိသတ္တဝါနှင့်အပင်တိုင်း အသက်ရှင်သန်ရန်မရှိမဖြစ်အရေးကြီးလိုအပ်သည်ကို လူတိုင်းအသိပင်ဖြစ်သည်။ ရှေးလူကြီးများက ရေအသက်တစ်မနက်ဟုဆိုကာ သက်ရှိတို့ အသက်ရှင်သန်ရေးအတွက် ရေ၏အရေးပါပုံကို ဖော်ညွှန်းထားသည်။















ရေသည် ရေဝပ်ဒေသရှိမှသာရနိုင်သည်။ ရေဝပ်ဒေသမရှိလျှင် ရေမရနိုင်ပေ။ သက်ရှိတို့သည် သန့်စင်ပြီး၊ အရည်အသွေးကောင်းမွန်သည့် ရေကိုသုံးစွဲနိုင်မှသာ ကျန်းမာစွာရှင်သန်ကြီးထွားနိုင်မည်ဖြစ်သည်။ ရေကောင်းရေသန့်ရရှိရေးသည် ရေဝပ်ဒေသဂေဟာစနစ်ကောင်းမွန်ရမည်ဖြစ်သည်။ ရေဝပ်ဒေသဂေဟာစနစ်ကောင်းမွန်စေရန် ရေဝပ်ဒေသထိခိုက်ပျက်စီးမှုမရှိစေရေး၊ ယိုယွင်းပျက်စီးမှုမရှိစေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရန်လိုပါသည်။ ရေဝပ်ဒေသများပျက်စီးပျောက်ကွယ်မှုမရှိစေရေး၊ ရေရှည်တည်တံ့ရေး၊ ရေဝပ်ဒေသဂေဟာစနစ် အကျိုးကျေးဇူးနှင့်အရင်းအမြစ်များကို စဉ်ဆက်မပြတ် နည်းလမ်းမှန် စနစ်တကျထုတ်ယူသုံးစွဲနိုင်ရေးတို့ကို အတတ်ပညာရှင်များက နည်းလမ်းကောင်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ သက်ရှိလောက တည်မြဲရေးအတွက် ရေသည် အရေးကြီးလိုအပ်သည်။ ရေရရှိရေးအတွက် ရေဝပ်ဒေသအစဉ်ရှိရန်လိုသည်ဟု ရေဝပ်ဒေသကွန်ဗင်းရှင်းမှ အချိန်နှင့်အမျှ သတိပေးနိုးဆော်ပညာပေးစည်းရုံးနေပါသည်။




မြန်မာစာပေယဉ်ကျေးမှုတွင် ဖော်ပြထားသည့် ရေလှူဒါန်းခြင်းဖြင့် ရမည့်ကုသိုလ် ရေအကျိုး (၁၀)ပါးသည် ရေ၏တန်ဖိုးနှင့် ကုသိုလ်ယူလှူဒါန်းမှုကို အလေးထားသိရှိစေရန် နိုးဆော်ခြင်းဖြစ်သည်။ တန်ဖိုးထားသည့် ရေသည် ရေဝပ်ဒေသ၏ အဓိကအရင်းအမြစ်ဖြစ်သည်။ လူတို့သိနေသည့် ရေဝပ်ဒေသအကျိုးကျေးဇူး(၁၀)ကို ထပ်လောင်းဖော်ပြလိုပါသည်။

- ✦ တောရိုင်းတိရစ္ဆာန် သားပေါက်ရာနေရာ
- ✦ ရေလွှမ်းမှု ထိန်းချုပ်ခြင်း
- ✦ ညစ်ညမ်းမှု စစ်ပေးခြင်း
- ✦ မုန်တိုင်းဒဏ် ကြားခံပေးခြင်း
- ✦ လေဒဏ် ကြားခံပေးခြင်း
- ✦ စိုက်ပျိုးမြေ မြေဆီမြေနှစ်ကောင်းစေခြင်း
- ✦ အပန်းဖြေခြင်းနှင့် ခရီးသွားနေရာ
- ✦ ကာဗွန်စိမ့်ဝင်စေခြင်း
- ✦ အလုပ်အကိုင်အခွင့်အလမ်းများ ရစေခြင်း
- ✦ မြင့်တက်လာသည့် ရေလွှမ်းခြင်းဒဏ်ကို ကြားခံပေးခြင်း




ဖော်ပြပါ အချက်(၁၀)အား ရှင်းလင်းဖော်ပြရလျှင်–

၁။ ကုန်းမြေနှင့် ရေထု၊ရေငန်နှင့် ရေချိုအကြား သဘာဝပတ်ဝန်းကျင် ဒေသသည် တောရိုင်းတိရစ္ဆာန်များ သားပေါက်ကြီးပြင်းရာ ထူးခြားသည့်နေရာဖြစ်သည်။ Environmental Protection Agency အရ မျိုးသုဉ်းမှုအန္တရာယ်ခြိမ်းခြောက်ခံနှင့် မျိုးသုဉ်းမှုအန္တရာယ်ရှိ မျိုးစိတ်သုံးပုံတစ်ပုံကျော် အမိုးအကာပေးကြောင်း သိရသည်။ ရေဝပ်ဒေသမရှိပါက အရေအတွက်မြောက်မြားစွာသော တေးဆိုငှက်၊ ရေငှက်၊ ငါး၊ နို့တိုက်သတ္တဝါများ ရှင်သန်တည်ရှိမည်မဟုတ်ပေ။




၂။ ရေဝပ်ဒေသသည် ရေမြှုပ်ကဲ့သို့ ဒီရေနှင့်အတူတက်လာသည့် ရေ (သို့မဟုတ်) လျှံတက်လာသည့် မြစ်ရေကိုစုပ်ယူကာ ရေလွှမ်းခြင်းကို မည်သည့် ရေကြီးရေလျှံအတားအဆီးများထက် ပိုမိုထိရောက်စွာနှင့် စွမ်းအားကောင်းစွာထိန်းချုပ်ပေးသည်။

၃။ သစ်ပင်တို့သည် ကမ္ဘာကြီး၏ အဆုပ်ဖြစ်ခဲ့လျှင်၊ ရေဝပ်ဒေသသည် ကျောက်ကပ်ဖြစ်သည်။ Michigan တွင် Detroit အနီး Rouge River တွင်လုပ်ဆောင်သည့် ရေဝပ်ဒေသစီမံကိန်းမှ နိုက်ထရိတ်၊ ဖော့စဖောရပ်နှင့် အခြားသတ္တုဓာတ်များကို သိသာထင်ရှားစွာလျော့ကျစေကြောင်းပြသခဲ့သည်။

ကြည်လင်သန့်စင်ပြီး သောက်သုံးရေ အမြောက်အမြားသည် ကောင်းမွန်သည့် ရေဝပ်ဒေသအပေါ် မှီခိုနေပါသည်။

၄။ သိပ္ပံပညာရှင်တို့သည် (၃)မိုင်ရှည်လျားသော ရေဝပ်ဒေသတိုင်းသည် တစ်ရိုန်ထိုးတက်လာသည့် လှိုင်းအမြင့်တစ်ပေကို အလိုက်သင့်လျော့ကျစေသည်။ ရေဝပ်ဒေသတို့သည် မုန်တိုင်းကာကွယ်ခြင်း ဝန်ဆောင်မှုတစ်ခုတည်းအနေဖြင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ(၂၃.၂)ဘီလီယံ ထောက်ပံ့စီစဉ်ပေးသည်။

၅။ Nature Conservancy EarthShare အဖွဲ့ဝင်မှ ရေဝပ်ဒေသနှင့်ကမ်းရိုးတန်းဒေသတွင် ပေါက်ရောက်သည့် ဒီရေရောက်သစ်တောများ (မီတာ ၅၀၀)သည် လေနှင့် လှိုင်းဒဏ်ကို ၁၀၀% နီးနီး ထူးခြားစွာ လျော့ကျစေနိုင်ကြောင်း ထောက်ပြခဲ့သည်။

၆။ ကမ္ဘာ့လူဦးရေ ထက်ဝက်ကျော် နေ့စဉ်အခြေခံ အစားအစာဖြစ်သည့် ဆန်သည် ကမ္ဘာကြီး၏ များစွာသော ရေဝပ်ဒေသများတွင် စိုက်ပျိုးကြသည်။ များစွာသော စီးပွားဖြစ် အရေးပါသည့် ငါးမျိုးစိတ်၊ ကိုင်း၊ မြက်ရှည် ထုတ်ကုန်အရင်းအမြစ်များသည် ရေဝပ်ဒေသများမှ ရသည်။

၇။ ငှက်ကြည့်၊ စက်ဘီးစီး၊တောင်တက်နှင့်လှေလှော်ခြင်းတို့သည် ရေဝပ်ဒေသတွင် လူတို့၏နည်းအမျိုးမျိုးသော သဘာဝနှင့်ထိတွေ့ခံစားသည့်လုပ်ငန်းများဖြစ်သည်။

၈။ ရေဝပ်ဒေသ၏ မြေကြီးတွင် ကာဗွန် နှစ်ရာချီကာ သိုလှောင်ထားနိုင်၍ ရာသီဥတုပြောင်းလဲခြင်းတိုက်ဖျက်ရေးတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်သည်။

၉။ အမေရိကန် ကမ်းခြေဒေသတွင် နိုင်ငံ၏ အလုပ်အကိုင် (၄၀%) ထောက်ပံ့စီစဉ်ပေးသည်။ (၆၉)သန်းကျော် ကုန်သွယ်မှု၊ ဧည့်ဝန်ဆောင်မှုနှင့် စီးပွားဖြစ် ငါးဖမ်းလုပ်ငန်းများတွင် အလုပ်အကိုင်ရကြသည်။ ရေဝပ်ဒေသ ပြန်လည်ပြုစုရေးတွင် အလုပ်အကိုင်များစွာရကြသည်။ လေ့လာမှုအရ ကမ်းရိုးတန်းထိန်းသိမ်းရေးတွင် နှစ်စဉ် အမေရိကန်ဒေါ်လာ တစ်မီလီယံသုံးစွဲကာ အလုပ်အကိုင် (၁၇.၁%) ဖန်တီးပေးသည်။

၁၀။၂၁၀၀ တွင် နယူးယောက်မြို့သည် ပင်လယ်ရေ (၆) မီတာ မြင့်တက်လာနိုင်ကြောင်းဆိုသည်။ ရေလွှမ်းမိုးခြင်းဖြေရှင်းရန်မှာ ရေဝပ်ဒေသသာလျှင် ထူးခြားစွာ ကြားခံပေးနိုင်သဖြင့် (၆၈) ဧက ကျယ်ဝန်းသည့် ရေဝပ်ဒေသကမ်းခြေ MARSHES အစီအစဉ်ကို အကောင်အထည်ဖော်ရေး ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ရေဝပ်ဒေသများနေ့ ၂၀၂၀ အထိမ်းအမှတ်ပွဲနှင့် စပ်လျဉ်း၍ ရေဝပ်ဒေသများသည် ကုန်းပိုင်းကာဗွန်၏ (၃၀%) သိုလှောင်ထား၍ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအတွက် အရေးပါကြောင်း၊ သန္တာကျောက်တန်းများနှင့် ဒီရေတောများသည် ကမ်းရိုးတန်းကို တံတိုင်းသဖွယ် ကာကွယ်ပေးခြင်းဖြင့် မုန်တိုင်းဒဏ် ကာကွယ်ပေးကြောင်း၊ ညစ်ညမ်းစေသည့်အရာများကို ဖယ်ရှားပေးခြင်းဖြင့် ရေသန့်စင်ပေးကြောင်း၊ ကမ္ဘာတစ်ဝှမ်း လူဦးရေ တစ်ဘီလီယံကျော်တို့သည် ရေဝပ်ဒေသတွင် အသက်မွေးဝမ်းကျောင်းပြုကြ၍ လူတို့၏ အလုပ်အကိုင်အခွင့်အလမ်းကို ဖန်တီးပေးကြောင်း၊ ရေဝပ်ဒေသသည် ရေကို စုပ်ယူသိမ်းဆည်းကာ ရေထောက်ပံ့ပေးကြောင်း၊ အပန်းဖြေသဘာဝအခြေခံခရီးသွားခြင်းကို ဆွဲဆောင်မှုပေးကြောင်း၊ ကမ္ဘာ့သက်ရှိမျိုးစိတ်အားလုံး၏ (၄၀%)သည် ရေဝပ်ဒေသများတွင် သားပေါက်နေထိုင်ကြကြောင်း စသည်ဖြင့် ကမ္ဘာတစ်ဝှမ်း လူအများသိစေရန် နိုးဆော်ထားပါသည်။

ကမ္ဘာကြီး၏ သက်ရှိလောက တည်မြဲရေးအတွက် ရေသည် မဖြစ်မနေရှိရမည့် အရင်းအမြစ်ဖြစ်သည်။ ရေအရင်းအမြစ်ဖြစ်သည့် ရေဝပ်ဒေသများ ရေရှည်တည်တံ့ရေးအတွက် စနစ်တကျစီမံအုပ်ချုပ်ရေးနှင့် ထာဝစဉ်နည်းလမ်းမှန် ထုတ်ယူသုံးစွဲရေးတို့သည် အလွန်အရေးကြီးသည့် အချက်များ ဖြစ်သည်။ သဘာဝရေဝပ်ဒေသများကို ပျက်စီးစေခြင်း၊ ဖျက်ဆီးခြင်းတို့ကြောင့် ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းပျောက်ကွယ်စေမည် ဖြစ်ကြောင်း ကမ္ဘာ့ရေဝပ်ဒေသများနေ့ ၂၀၂၀ ဆောင်ပုဒ်ပါ နိုးဆော်ချက်ကို ရေးသားဖော်ပြလိုက်ပါသည်။




-ရာသီဥတုပြောင်းလဲခြင်းစာအုပ်မှ-

# ကိုယ့်ကိုယ်ကိုယ် နှင့် ကုက္ကိုကို

ကျော်သူရ(သိပ္ပံဘွဲ့.သစ်တော)

မူလတန်းကျောင်းသားဘဝ မနက်(၆)နာရီလောက်မှ အိပ်ရာကမထသေးရင် ကလေးတွေအကုန်လုံးကို ကြက်မွေးကြိမ်လုံးလေးနဲ့ တစ်ယောက်တစ်ချက်စီရိုက်ပြီး အဖေက ဘာစကားမှမပြောပဲ ရိုက်နှိုး၊ နှိုးလေ့ရှိပါတယ်၊ သူ့မှာ ကလေးက(၈)ယောက်ကိုး။ အိပ်ရာနိုးတာနဲ့ မနက်(၇)နာရီလောက်မှာ နေ့စဉ်နှင့်အမျှအကျယ်ကြီး ဖွင့်ထားလို့ကြားနေရတဲ့ ရေဒီယိုကသီချင်းလေး ယနေ့ထိအောင် နားထဲစွဲမှတ်မိနေဆဲပါ၊ ဘာတဲ့ 'အမေ့ဗိုက်ထဲက ထွက်လာကြ လက်မှာက ဘာမှုမပါဘူးဆို ... ဘာမှုမပါဘူးဆို... ပညာကလည်း ဆီးလို့မကြို... ရွှေငွေကလည်း ဆီးလို့မကြို... ပညာကလည်းဆီးလို့မကြို... ရွှေငွေကလည်း ဆီးလို့မကြို... မိဘဆွေမျိုး အားကိုးနေသလိုလို... သူငယ်ချင်းအပေါင်းအသင်း အားကိုးနေသလိုလို ကိုယ်ကတော့ ဘာမှုမလုပ်ချင်... ထာဝရအဟုတ်ထင်... ပျင်းရိနေတာ အပိုအပို... ပျင်းရိနေတာ အပိုအပို...''

နောက်ဆုံး သီချင်းအဆုံးမှာ... ''ကိုယ့်ကိုယ်ကိုယ် အားကိုးရင် ဘုရားတောင်ဖြစ်မယ် အဆို... '' ဆိုတဲ့ စာသားလေးပါတယ်။ တလွဲဆံပင်ကောင်း အတွေးချော်လေ့ရှိသူ ကျနော်က 'ကိုယ့်ကိုယ်ကိုယ်' ဆိုတဲ့အသံထွက်ကို 'ကုက္ကိုကို'လို့ ထင်ခဲ့မိပါတော့တယ်။ ကုက္ကိုပင်ကြီးကို အားကိုးရင် ဘုရားတောင်ဖြစ်နိုင်တယ်ပေါ့၊ အဲဒီလိုချော်တောငေါ့ မှတ်ယူလိုက်မိပါတော့တယ်။ ပဉ္စမတန်းရောက်တော့ ကွက်သစ်(အ–မ–က)ကျောင်းကနေ (အ–ထ–က) ကျောင်းကြီးကို ပြောင်းတက်ရပါလေရော၊ (အ–ထ–က) ကျောင်းနဲ့ဘောလုံးကွင်းကြား ဆေးရုံဘက်အခြမ်းမှာ ကုက္ကိုပင်ကြီးတစ်ပင်ရှိတယ်၊ နေ့တိုင်းခြေလျင်ကျောင်းသွားကျောင်းပြန် (၄)ခေါက်လောက် လမ်းလျှောက်ရတဲ့ အချိန်တိုင်း အဲဒီကုက္ကိုပင်ကြီးမြင်လို့ရှိရင် ရေဒီယိုထဲက သီချင်းအရဆို ငါ ဒီကုက္ကိုပင်ကို အားကိုးရင် ဘုရားဖြစ်လောက်တယ်လို့ အတွေးတွေ ဝင်လာမိပါတော့တယ်။ ဒါနဲ့ အတန်းကြီးတွေ ကျောင်းသွားဖော်တွေက တစ်ဆင့်စုံစမ်းကြည့်လိုက်တော့ အဲဒီ့ကုက္ကိုပင်မှာ သရဲရှိတယ်တဲ့၊ ဆေးရုံဝန်ထမ်း ကိုတင်အောင်မိုးတို့ ဦးဝင်းသောင်ကြီးတို့ စက်ဘီးနောက်က သရဲက ညဘက်ခွခွလိုက်လို့ ပြေးကြရတယ်ဆိုတာသိလိုက်ရတယ်၊ ငါဒီကုက္ကိုပင်ကို အားကိုးလို့မရတော့ဘူး သရဲကဦးသွားပြီ၊ အခြားကုက္ကိုပင်ရှာမှ ရတော့မယ်ဆိုပြီး သီချင်းထဲကအတိုင်း ဘုရားမဖြစ်ရင်တောင် သိကြားလောက်ဖြစ်ရင် မဆိုးဘူးဆိုပြီး ကုက္ကိုကိုအားကိုးဖို့ ကုက္ကိုပင်တွေကို သွားရင်းလာရင်း သတိထားကြည့်ရှာမိနေပါတော့တယ်၊ ---------------------

အလယ်တန်းကျောင်းသားဘဝကနေ (၉)တန်း(၁၀)တန်းရောက်တော့ Chemistry ဘာသာရပ်Periodic Table မှာ Element ဒြပ်စင်တွေဟာ Column အတိုင်းဒေါင်လိုက်အထက်အောက် ဘာကြောင့်စီထားတယ်၊ Role အတိုင်း ဘယ်မှညာစီထားတယ်ဆိုတာ ဆရာကအကြမ်းဖျင်းရှင်းပြပြီး Ionization Energy ဟာ Left to Right ဆို increase ဖြစ်တယ်တဲ့ ဘာလို့တုန်းဆိုတော့ electron အမ အချင်းချင်းတွန်းကန်တာရယ် Proton အများကြီးက electron အများကြီးနဲ့ ဆွဲငင်ကြတာတွေရယ်ကြောင့် Energy increase ဖြစ်လာတယ်လို့ ဆရာကဆိုလာချိန်ဒါဆို Atomic Size က ရွရွထထနဲ့ကြီးလာရမှာကို ဘဇာအရေးကြောင့် Atomic Size က Left to Right မှာ ကျုံ့ပြီး Decrease ဖြစ်ရရှာသတုန်း၊ အက်တမ်ခလယ်တည့်တည့်က Proton တွေကလည်း Neucleus မှာစုထိုင်နေပြီး ဘာလို့ Proton ကလည်းပဲ အချင်းချင်းမတွန်းကန်ကြသလဲလို့... ဆရာ့ကိုကျနော်မေးခဲ့တယ်၊စေတနာနဲ့ ကျောင်းပြင်ပမှာ စာသင်ပေးတဲ့ အိမ်နီးချင်းဆရာအစ်ကို Myo Zaw Tuu (Second year YIT ကျောင်းသား)ကို မေးတော့ သူကလည်း 'အေး... မင်းသိချင်ရင် ဒီတစ်ခေါက်ကျောင်းပြန်ဖွင့်လို့ပြန်ရောက်ရင် ငါမေးခဲ့မယ်...လောလောဆယ် စာမေးပွဲဖြေနိုင်ဖို့ ရှေ့ဆက်ရှင်းမယ်'လို့ ဆရာကဆိုပါတယ်၊ ကျောင်းသားဘဝက စိတ်ထဲမှာမကျေမလည် ဖြစ်လေ့ရှိတဲ့ မေးခွန်းတွေမေးချင်ပေမယ့် မေးခွင့်မသာတဲ့ မေးခွန်းတွေ မမေးရဲကြ၊ မမေးခဲ့ကြရပဲ ဘွဲ့တွေကိုယ်စီရခဲ့ကြတဲ့သူတွေ ဒုနဲ့ဒေးရှိပါလိမ့်မယ်၊ စာမေးတယ်ဆိုတာ ဆရာကနေ ကျောင်းသားကိုပဲ အမေးများတဲ့ ပညာခေတ်ကြီးမှာ၊ ကျောင်းသားတွေအများကြီးက ဆရာကို တစ်ယောက်တစ်ပေါက်မေးလေ့ရှိတဲ့ ပညာခေတ်ကြီးကို ရွေ့ရွေ့နေပြီလားလို့ မေးစရာရှိလာပြန်ရော။ ------

အရိပ်ကောင်းကောင်း စိမ်းမှောင်မှောင်နဲ့ ကုက္ကိုပင်ဆိုတာ ငယ်ငယ်တုန်းက လမ်းဘေးမှာတွေ့နေကြ သိပ်မထူးဆန်းသလိုပါပဲ၊ ကြွေကျနေတဲ့ ကုက္ကိုသီးမှည့်တွေကို ညက်နေအောင်ထု၊ စေးကပ်လာရင် အလုံးလေးတွေလုံး ဒုတ်ချောင်းထိပ်မှာထိုးပြီး ကလေးသဘာဝ အချင်းချင်း

ခေါင်းတွေလိုက်ရိုက်ကြတာ ပျော်စရာကောင်းတဲ့ အမှတ်ရစရာတွေပါပဲ။ အဲဒီကုက္ကိုစေးလုံးပေါ် ညောင်စေးကပ်ပြီး ငှက်ထောင်ထားတာ လာနားတဲ့ငှက် မပျံနိုင်မရုန်းနိုင် ကပ်နေပြီဆို အသာဖမ်းကြော်စားရုံပါပဲ။ ဒီနေ့ကုက္ကိုရွက်သုပ်စားမယ် ဈေးမှာတွေ့ရင်ဝယ်ခဲ့လို့ အမေကဈေးမှာလိုက်ရင် ကုက္ကိုရွက်များ လမ်းဘေးတွေမှာပေါလွန်းလို့... လို့ ခဏခဏတွေးမိတယ်၊ တစ်နေ့ ထမင်းဝိုင်းမှာ ကုက္ကိုရွက်သုပ်စားနေရင်း ‘ကုက္ကိုပင်တွေများ လမ်းဘေးမှာပေါလွန်းလို့အမေရာလို့’ပြောလိုက်မိတော့၊ အမေက ‘ဟဲ့... တို့သုပ်စားတာ အညာကုက္ကိုဟဲ့ နင်တွေ့တာ ကုလားကုက္ကိုပင်တွေ’လို့ဆိုလိုက်တော့... ‘ဒါဆိုအညာကုက္ကိုက ဘယ်လိုတုန်းအမေ’လို့ဆိုတော့ ‘ထမင်းမြန်မြန်စား နေ့ခင်းကျောင်းနောက်ကျမယ်’လို့ အမေဆိုလိုက်တော့ ... ဩော်... ဩော်... ဆိုပြီးစိတ်ထဲမယ် ကုက္ကိုနဲ့ပတ်သက်လို့အဖြေမရတဲ့ ဟာချက်ကြီးကိုတွေးပြီး စားလက်စထမင်းကို ခပ်သုတ်သုတ်ဆက်စား၊ နေ့လယ်ဘက်ကျောင်း စာသင်အချိန်ဇယားပါ ဘာသာရပ်စာအုပ်တွေကို လွယ်အိတ်ထဲထည့် ကျောင်းပြန်လိုက်တော့တယ်။

သစ်တောတက္ကသိုလ်တက်ပြန်တော့ Dendrology (အပင်ကြီးများလေ့လာခြင်း)ဆိုတဲ့ ဘာသာရပ်ကပါလာပြန်တယ်၊ အပင်သေးများလေ့လာခြင်းတို့ မြေထုအကြောင်း၊ မြေဆီလွှာအကြောင်း၊ အဝေးမှုစူးစမ်းလေ့လာခြင်း၊ ကောင်းကင်ဓာတ်ပုံ၊မှိုအကြောင်း၊ တောကောင်သတ္တဝါတွေ၊ ရေညှိတွေ၊ သစ်ခွပင်တွေအကြောင်း၊ စိမ့်စမ်းရေတွေအကြောင်းနဲ့ သစ်တောကြီးတစ်ခုလုံးရဲ့ အချင်းချင်းပတ်သက်ဆက်နွယ်မှုတွေကို စေ့စေ့ငငအသေးစိတ် Chemistry လို Physics လို Bio လိုသိအောင် ဘွဲ့ရသည်အထိ ဘာသာရပ်အချင်းချင်း ချိတ်ဆက်ပြီး သစ်တောပညာဘာသာရပ်ကို သင်ယူရမယ်လို့ ထင်ထားမိတာတော့အမှန်ပါ။ အတန်းကြီးစတုတ္ထနှစ်၊ ပဉ္စမနှစ်၊ ဆဋ္ဌမနှစ်တွေတက်ရလို့ ဂေဟဗေဒ (Ecology)ဘာသာရပ် သင်ယူခွင့်ရခါမှ ဘာသာရပ်တစ်ခုချင်းစီက အချင်းချင်းအပြန်အလှန် ပတ်သက်မှုရှိမှန်းအတော်အတန် ချိတ်ဆက်မိလာတယ်။

Dendrology မှာ အပင်ကြီးတွေရဲ့အကြောင်းသင်ကြားရတဲ့အချိန် အရွက်ကဘယ်လို၊ အကိုင်းအပွင့်၊ ပင်စည်အမြစ်က ဘယ်လိုစသဖြင့်သင်ယူရတယ်၊ အဲဒီ့မှာ အပင်တွေရဲ့ ရုက္ခဗေဒနာမည်(သိပ္ပံအမည်)တွေ အလွတ်ကျက်မှတ်ကြရပါလေရော၊ ကျိုးကြောင်းဆီလျော်မှုရှိတဲ့ သီအိုရီတွေ၊ညီမျှခြင်းတွေ၊ဖော်မြူလာတွေ၊ အင်္ဂလိပ်စာလို သဒ္ဒါနဲ့ ဝေါဟာရအဓိပ္ပါယ်သိရတဲ့ ဘာသာရပ်တွေကို နားလည်ရလွယ်ပေမယ့် ရုက္ခဗေဒ၊သတ္တဗေဒ၊သတ္တဝါနဲ့ အပင်တို့ရဲ့ သိပ္ပံနာမည်တွေက ကို့ရိုးကားယားကြီးတွေရေးထား၊ ကိုးရို့ကားယားကြီးတွေ အသံထွက်ရတော့မှတ်သား ကျက်မှတ်ဖို့ ကျနော့်မယ်ခက်ကုန်ပါရော၊ အတွက်အချက် သီအိုရီရေးရာမှာ ဝါသနာပါပြီးမှတ်သားနိုင်မှုစွမ်းအား နည်းသူကျနော့်အတွက် သိပ္ပံနာမည်တွေဟာ ခပ်ထောင့်ထောင့်ကြီး ဖွတ်ကုတ်ကပ်ကျက်မှတ်နေရတာကိုပဲ မလွယ်လှပါဘူး။ ကျောင်းပြေးချိန်တွေနဲ့ အတန်းလစ်ချိန်တွေဟာ ချေချေရာရာ နားမလည်ဘဲ ဘုမသိ ဘမသိ ဖွတ်မှတ်သားရတဲ့စာသင်ခန်းအတန်းထဲ ညည်းငွေ့စွာဇက်ကြောတက်ခြင်းက စတင်မြစ်ဖျားခံလာပါတော့တယ်။ (အမှန်ကတော့ ဂစ်တာတီး၊သီချင်းဆို၊ကဗျာရေး၊အပျော်ပါးဘက် ကိုယ့်ဟာကိုယ်ယိမ်းနေတာပါ) အဲဒီ့ဘာသာရပ်မှာပဲ ဗမာကုက္ကို Albizia Lebbeck ဆိုတာကြီးက ပါလာပြန်ပါလေရော၊ ဟောဗျာ ကုလားကုက္ကို၊ အညာကုက္ကိုပဲသိထားတာ ဘယ်က ဗမာကုက္ကို ရောက်လာပြန်ပါလိမ့်ပေါ့၊ တစ်ခါ သဘော်ကုက္ကိုလို့လည်းပါလာတော့ တစ်ယောက်ထဲ ဂျာလည်ပတ်ချာရိုက် တိုင်ပတ်ပြန်ပါပြီ။ နောက်မှ သိရတာက

ကုလားကုက္ကို = သဘော်ကုက္ကို

ဗမာကုက္ကို = အညာကုက္ကို ဆိုတာကိုပါပဲ၊

**အညာ/ ဗမာကုက္ကို**

ဗြိတိသျှ အင်္ဂလိပ် လို

- [x] siris tree/
- [x] lebbek tree/
- [x] women's tongue/
- [x] flea tree/
- [x] frywood tree စသည်ဖြင့် နာမည်(၅)မျိုး ခေါ်ဝေါ်တယ်၊ အဲဒီ့ထဲက Women's tongue (ကြိုထွိယတို့၏လျှာ)ဆိုတာ ကုက္ကိုအသီးကိုကြည့်ပြီး ခေါ်တာဖြစ်မယ်လို့ထင်မိတယ်၊ ကုက္ကိုသီးတွေက ပြားရှည်ပြီး လေတိုက်တိုင်းအမြဲလှုပ်ရမ်းနေတာကိုး။

Google မှာ ဒီလို သိပ္ပံနည်းကျမျိုးခွဲပြထားတယ်

Taxonomic Hierarchy Kingdom Plantae - plantes, Planta, Vegetal, plants

Subkingdom Viridiplantae - green plants

Infrakingdom Streptophyta - land plants

Superdivision Embryophyta Division Tracheophyta -vascular plants, tracheophytes

Subdivision Spermatophytina - spermatophytes, seed plants, phanérogames

Class Magnoliopsida Superorder Rosanae Order Fabales Family Fabaceae - peas, legumes Genus Albizia Durazz.

Species Albizia lebbeck(L.)Benth. - woman's tongue, lebbek, siris tree, raom tree, soros-tree, woman's-tongue tree အခုခေတ် ဒုတိယဘုရားသခင်လို့ တင်စားနေကြတဲ့, Google ဖော်ပြချက်တွေပါ ဒါတွေကို ခဏထားလိုက်ပါဦး၊

အညာကုက္ကို



သိပ္ပံအမည်၊ *Albizia Lebbeck* Benth(Fabaceae)

*Albizia Lebbeck* ပေါ့ဗျာထားပါတော့။

လက်တင်အမိပ္ပါယ်

*Albizia*(Albizzia)ဆိုတဲ့ အရှေ့ကနာမည်က (၁၈)ရာစုနှစ်များမှာ အပင်အသစ်ဆန်းတွေကို ဥရောပကိုသယ်ယူလာပြီး မိတ်ဆက်ပေးသူ အီတလီနိုင်ငံသား **IT**၊ ဖလော့ရင့်မြို့သား သဘာဝသိပ္ပံပညာရှင် **Filippo degli Albizzi** ကိုဂုဏ်ပြုထားတဲ့အမည်ဖြစ်ပါသတဲ့၊ သူ့နာမည်နောက်ဆုံးမှာပါတဲ့ Albizzi ဟာမျိုးနွယ်စုရဲ့အမည်ဖြစ်ပါသတဲ့။ သူဟာအီတလီနိုင်ငံ Tuscan ပြည်နယ် Florence မြို့နယ်စားမျိုးနွယ်မိသားစုက ပေါက်ဖွားလာသူတစ်ဦးပါ။ သူတို့(Albizzi) မျိုးနွယ်စုနဲ့အပြိုင် (Medici) မိသားစုမျိုးနွယ်တို့ဟာ ရာစုနှစ်အစဉ်အဆက် အာဏာလုပွဲတွေဖြစ်ကြတယ်တဲ့၊ အာဏာလုပွဲတော်တော်များများမှာ(Medici) မိသားစုကအနိုင်ရလေ့ရှိပါသတဲ့ သဘာဝသိပ္ပံသမား Filippo degli Albizzi ကတော့ သူ့မိသားစုနဲ့ အဲဒီအာဏာလုပွဲတွေကိုစက်ဆုပ်ပြီးမပါဝင်ခဲ့ပဲ သဘာဝသိပ္ပံသမားသက်သက်အဖြစ် ရပ်တည်ခဲ့သူတစ်ဦး ဖြစ်ပါတယ်တဲ့။ ဆင်တူကြောင်ကွဲ ခေါ်တဲ့အမည် Mimosa Lebbeck လို့လည်း ပြောပြန်တယ် Mimosa ဆိုတာကတော့ ထိကရုန်းမျိုးကြီးကိုပြောတာဖြစ်တယ်၊ ကုက္ကိုပင်တွေကလည်း အလင်းမရရင်၊ မိုးအုံ့ရင်ကိုပဲ အရွက်လေးတွေက ကုတ်ပြီးကပ်သွားတာမျိုးပါ။ ကုက္ကိုမျိုးပင်ငယ်လေးတွေက ပျိုးအိတ်ကိုကိုင်ပြီးနေရာရွှေ့လိုက်တာနဲ့တင် အရွက်ကလေးတွေ ကပ်သွားတတ်တယ်။

မျိုးကွဲများ

ကုလားကုက္ကို၊ သဘော်ကုက္ကို

ဗြိတိသျှ အင်္ဂလိပ်လို အခေါ်ဝေါ် (၄)မျိုးရှိတယ်၊

- [x] Samen
- [x] Rain Tree
- [x] Monkeypod
- [x] cow tamarind



ဒီမှာလည်း ထူးခြားတဲ့အဓိပ္ပါယ်က Cow tamarind ဆိုတော့ ''နွားတို့အတွက်ချောကလက်''လို့ ကျနော့်ဟာကျနော် ဝိဂြိုဟ်ပြုလိုက်တယ်၊ နွားတွေက ကုက္ကိုသီးကို အဓိကအစားအစာအဖြစ် စားတာမဟုတ်ဘဲ သရေစာလိုစားတာကိုး။ ရုက္ခဗေဒအမည်၊သိပ္ပံအမည်ကျတော့ နှစ်မျိုးကြီးလား၊ ကုလားကုက္ကိုကသပ်သပ် ၊သဘော်ကုက္ကိုက သပ်သပ်လားမပြောတတ်ပါဘူး DNA နဲ့ ထပ်ခွဲကြည့်မှသိနိုင်မယ်။ ရုပ်လက္ခဏာအသွင်အပြင်မှာ အပွင့်ကောအရွက်ကော အပင်ပုံကော တစ်ထပ်တည်းကျနေပါတော့တယ်၊ ဒါကြောင့် အတူတူလို့ပြောတာလား အခေါ်အဝေါ်ပဲကွဲသွားတာလား ရုက္ခဗေဒ အခေါ်သညာတွေကတော့ မျိုးကွဲ *Albizia saman* Merr(Fabaceae)၊ *Samanea saman* Muell(Fabaceae) ကုက္ကိုပင်တွေဟာ အပူပိုင်းဇုန်(အီကွေတာထက်အောက် Tropical)မှာ မူလကမ္ဘာအဟောင်းကတည်းက သစ်မျိုးကြီးတွေဖြစ်ပါသတဲ့၊ (ဒီနေရာမှာတွေးမိလိုက်ရတာက–ကုက္ကိုပင်တွေဟာ အံ့ဩဖို့ကောင်းတယ်နော် corona virus (COVID-19)လိုအခုမှ မျိုးကွဲ Diverse ဖြစ်လာတဲ့ မျိုးစိတ်အသစ်မဟုတ်ပါဘူး၊ ရှေးကမ္ဘာဟောင်းကတည်းကရှိခဲ့တာ၊ အခုလည်းကုက္ကိုတွေဟာ မျိုးပွားမျိုးဆက်နှုန်း ကျမသွားသေးတဲ့အပြင် လူနဲ့ယှဉ်ပါးစွာတိုးလာနေပါသေးတယ်။ ဖြစ်စဉ်နှုန်းမြင့်တက်လာတဲ့ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ် (Climate Change)ကြောင့် နောက်ထပ် ကုက္ကိုမျိုးစိတ်မျိုးကွဲအသစ်တွေပေါ်လာရင် ဘယ်သူကစတင်တွေ့ရှိလို့ ဘယ်လိုနာမည်ပေးကြမှာလဲ (စဉ်းစားစရာပါ) မြန်မာတွေရဲ့အယူအဆအရ အရှေ့ကျွန်းမှာကုက္ကိုပင်ကြီးတွေပေါက်တယ်လို့ အစဉ်အဆက်ဆိုကြတယ်၊ အရှေ့ကျွန်းဆိုတာ သီဟိုဠ်ကိုဆိုလိုတာလား၊ သူ့ဇာတိကတော့ အင်ဒို၊မလေးပါ။ သူဟာ သစ်မန်ကျည်းပင်တို့ စစ်ပင်တို့နဲ့

လည်းသဘာဝခြင်းတူပါသတဲ့၊ အမြင့်ပေ(၉၀) (၁၀၀)ထိ ရှိတတ်ပြီး ပင်စည်လုံးပတ်(၁၀)ပေကျော်ထိရှိပါတယ်။ ကျနော်တော့ စိမ်းညို့နေတဲ့ ကုက္ကိုပင်ကိုင်းကိုင်းကြီးတွေ မြင်ရရင် သစ်ပင်ကြီးတွေက ယိမ်းနွဲ့စွာကခုန်နေသလားလို့ သဘောကျစွာတွေးလိုက်မိတယ်၊ အညာကုက္ကိုအပွင့်လေးတွေက ကုလားကုက္ကိုအပွင့်ထက်သေးပြီး ဖြူဝါရောင်အဆင်းရှိတယ်၊ ကုလားကုက္ကိုပွင့်ကပိုကြီးပြီး မရမ်းရောင်ဖျော့ပန်းရောင်အရင့်လေးတွေဖြစ်တယ်၊ **အညာကုက္ကိုအသီး**က ကုလားကုက္ကိုအသီးလို အစေးမရှိ၊ပိုပြားပြီး မှည့်ရင် ဝါကျင့်ကျင့်အရောင်ဖြစ်လာတယ်၊ အသီးတစ်လျှောက် ဘုလေးတွေက အစေ့နေရာလေးတွေပါ။ **ကုလားကုက္ကိုသီးကတော့** ညိုတိုတိုသဃ်န်းရင့်ရောင်ပါ။ အသီးတွေမှာ အစေးအကပ်များတော့ ထုချေပြီး ပွဲညက်လိုလေ့တွေဖာတာ၊ အက်ကွဲတွေစေ့တဲ့နေရာမှာသုံးကြတယ်။ အညာကုက္ကိုပင်ကြီးရဲ့အကိုင်းတွေက အထက်ကိုလူတက်သွား(ဆန့်တက်သွား)ပြီး ရွက်အုပ်သိပ်မကောင်းပါဘူး။ သဘော်ကုက္ကို/ကုလားကုက္ကိုအကိုင်းတွေက ဖြာထွက်လျက် အထူးသဖြင့် အလျားလိုက်ဆန့်နေပြီး ရွက်အုပ်ကောင်းကောင်းနဲ့စိမ်းညို့နေပါတယ်။ ညဘက်မှာဒါမှမဟုတ် မိုးအုံ့မိုးရွာရင် အရွက်လေးတွေကကပ်ထားပြီး၊ နေပြန်ပွင့်မှ အရွက်တွေပြန်ဖြန့်ပြန်တတ်တဲ့အရွက်က ဒီလောက်စေ့ဆော်မှုတွေအပေါ်မှာ တုန့်ပြန်မှုတွေရှိနေတာ သစ်ရွက်လေးတွေရဲ့ အပါယံလွှာမှာ နေ၊ရေ၊လေသွင်းထုတ်စားတဲ့ ပါးစပ်ပေါက်သေးသေးလေးတွေ (Stomata)လို့ခေါ်တဲ့ အပေါက်လေးတွေက အာရုဏ်ခံကောင်းလို့ဖြစ်မယ်ထင်တယ်။ ဒါကြောင့်ကုလားကုက္ကိုအပင်အောက်မှာ အစိုဓာတ်ကောင်းကောင်းထိန်းထားနိုင်လို့ ကုလားကုက္ကိုပင်အောက်မှာ ပေါင်းပင်လေးတွေရှိရင် တော်တော်နဲ့မခြောက်တတ်ပါဘူး။ တောင်အမေရိကတိုက်ကနေ ပေါ်တူဂီတွေယူလာတဲ့အပင်ကို အင်္ဂလိပ်လူမျိုးတွေကယူပြီး စိုက်ပျိုးခဲ့ကြတယ်လို့လည်း ဆိုပါတယ်။ ကမ္ဘာတစ်ဝှမ်းအချို့က khok ကုတ်၊ Koko ကုက္ကိုပင်ကိုခေါ်ကြလို့ ဒါဟာသီဟိုဠ်ဘာသာစကား ဖြစ်တဲ့အတွက် သီဟိုဠ်ကတစ်ဆင့် ယူလာတယ်လို့လည်း ဆိုကြပြန်တယ်။ (စပ်မိလို့ပြောရဦးမယ် ရန်ကုန်က ကုက္ကိုင်းမီးပွိုင့်မှာ အရင်တုန်းက ကုက္ကိုပင်ရှိခဲ့ဟန်တူတယ်)အပင်ကြီးမျိုးဖြစ်ပေမယ့်လည်း အမြစ်ကုပ်အားမကောင်းတဲ့အတွက် လေကြမ်းမိုးကြမ်းပြင်းထန်ရင် ခံနိုင်ရည်မရှိလဲပြိုတတ်ပါတယ်။ (ဒါလည်း တောအုပ်ထဲမနေရဘဲ ထီးထီးနေရတဲ့ဘဝကြောင့်လား စဉ်းစားစရာပါ၊ သို့သော် ထီးထီးနေရမှာဆိုရင်လည်း အမြစ်ကို နက်နက်ဖောက်နေသင့်ပါတယ်။ ဘာကြောင့်လဲဆိုရင် ဗီဇနဲ့ဝန်းကျင်ဆိုတာ အပြန်အလှန်ပတ်သက်ပြီး အပြန်အလှန် လွှမ်းမိုးလေ့ရှိကြမှ ရှင်သန်မှုရှိကြရတယ် ဆိုသကိုး။) အလျင်အရှိန်နဲ့သက်ဆင်းလာတဲ့ မိုးရေစက်ပေါက်တွေက မြေဆီလွှာကို တိုက်ရိုက်ထိုးခွဲလို့ မြေဆီလွှာအပေါ်သားပျက်ဆီးမသွားဖို့ အရွက်တွေ၊အကိုင်းတွေနဲ့ ကုက္ကိုပင်ကြီးတစ်ပင်လုံးက ဘယ်လာက်အထိ ကာကွယ်ပေးနိုင်ပြီး၊ မြေဆီလွှာနဲ့အစိုဓာတ်ကို ဘယ်လိုထိန်းထားသလဲ၊ လေထုထဲကို အောက်ဆီဂျင် ဘယ်လောက်လောက်အထိ ထုတ်ပေးနိုင်ပြီး ကာဗွန်ဘယ်လောက်စုပ်ပေးထားနိုင်သလဲဆိုတာ သူရှင်သန်ရာဗီဇနဲ့ပတ်ဝန်းကျင်မှာ သူ့ရုန်းကန်မှုသာဖြစ်ပါတယ်။ (လက်တွေ့အသေးစိတ်တိုင်းထွာကြည့်နိုင်ပါတယ်) အပူအအေးချိန်တိုင်းကိရိယာ(Thermometer) မပါပဲ ပြင်ပအပူချိန်နဲ့ ကုက္ကိုပင်အရိပ်အောက်က အပူချိန်ကိုနှိုင်းယှဉ်သိချင်ရင် နွေရာသီ နေ့လယ်(၁၂)နာရီလောက်မှာ ခပ်သော့သော့၊ ခပ်ပြင်းပြင်းလေး(၈)မိုင်လောက် လမ်းလျှောက်ပြီး ကုက္ကိုအပင်ရိပ်မှာနားကြည့်ရင် သိသာပါလိမ့်မယ်။ အညာကုက္ကိုအရွက်နုက ဟင်းစားလုပ်လို့ရတယ်၊ အသားက မကွဲအက်တတ်လေ့ရှိတော့ အိုးစည်၊ဗုံ၊ဒိုးပတ်၊ ဆီဆုံထွင်းလုပ်ကြပါတယ်၊ သို့သော်လည်း အညာကုက္ကိုအသားကို ကိုင်တွယ်ထိတွေ့ရင် နှာခေါင်းတွေယားယံလာတတ်တယ်တဲ့ စမ်းကိုင်ကြည့်ကြပါ့လား။ ထူးခြားတာက ကုက္ကိုပွင့်တွေကပွင့်ရင် အကြာကြီးပွင့်တာပါ။ (၆)လ (၇)လလောက်ထိအောင်ကြာတတ်ပါတယ်၊ မတ်၊ဧပြီ၊မေလလောက်က ပွင့်လာလိုက်တာ နောက်နှစ်မိုးကုန်မှ အသီးစသီးတော့တာပါပဲ၊ အပွင့်နဲ့အသီးတစ်ပြိုင်တည်း ပွင့်၊သီးနေတာတွေ့ရရင်တော့ အသီးကအရင်နှစ်က အပွင့်ဟောင်းက မွေးဖွားလာလို့သီးခဲ့တာဖြစ်ပြီး၊ မြင်နေရတဲ့အပွင့်က နောက်နှစ် မိုးကုန်မှစတင်ပြီးသီးကြရမှာပါ။ ကျနော်ဟာ Zoological Name ,Botanical Name တွေကို အလွတ်ကျက်မှတ်သားနိုင်စွမ်း အားနည်းသူပါ။ အထူးသဖြင့် ကျိုးကြောင်းဆီလျော်စွာမသိရရင် ဦးနှောက်ကမမှတ်သားနိုင်ပါ။ စီနီယာအစ်ကို ကိုထွန်းထွန်းဇော်က ‘ဝင်းတင်ဝင်းတက္ကသိုလ်’ရဲ့ ‘သုတအဘိဓာန် မြန်မာအပင်များ’ စာအုပ်ဝယ်ဖတ်ဖို့တိုက်တွန်းလို့ ဖတ်ကြည့်ရင်းငယ်ဘဝ သတိတရလွမ်းဆွတ်ဖွယ် အကြောင်းအရာလေးတွေ ပြောပြမိတာပါ။ ကျန်တဲ့အပင်တွေတော့ Botanical Name ပြန်မကျက်ရ၊ မလေ့လာရ၊ပြန်မနွေးရသေးလို့ မသိသေးဘူး။ သစ်စေ့တွေ၊ ပျိုးပင်တွေလိုရင်တော့ ကျနော့်ကိုမေးလို့ရပါတယ်၊ အထူးသဖြင့် သစ်စေ့တွေပေါ့ နေရာဒေသအနှံ့ လျှောက်သွားနေတာကြာတော့ တောထဲက မိတ်ဟောင်းဆွေဟောင်းတွေ ပျံ့ပျံ့နှံ့နှံ့ရှိတယ်။ မြန်မာပြည်ကဒေသအလိုက် ပျမ်းမျှအပူချိန်၊ မိုးရေချိန်၊ စိုက်ပျိုးမယ့်သစ်မျိုးနဲ့ မြေမျက်နှာအသွင်အပြင်၊ရာသီဥတု၊မြေဆီလွှာကိုက်ညီမှုရှိမရှိ၊ စိုက်ခင်းလုပ်သားကိစ္စ၊ယန္တရားသုံးစွဲမှု၊ ဒေသအလိုက်ဈေးနှုန်း၊ရေနမူနာ၊

စာမျက်နှာ- ၂၄ သို့

# အရည်အသွေးမြင့်မားရေးရည်မှန်းချက်ဖြင့် ပြုပြင်ပြောင်းလဲမည့် မြန်မာနိုင်ငံသစ်တောကျောင်း



၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ သစ်တောကြေးမုံစာအုပ်မှ စာမူရှင်( ကျောင်းအုပ်ကြီး၊မြန်မာနိုင်ငံသစ်တောကျောင်း)၏ ဆောင်းပါးအား ပြန်လည်ပြင်ဆင် တင်ပြပါသည်။

မြန်မာနိုင်ငံသစ်တောကျောင်းကို ၁၈၉၈ ခုနှစ်၌ သာယာဝတီမြို့တွင် စတင်ဖွင့်လှစ်ခဲ့ကာ ပျဉ်းမနား၊ အင်းစိန်၊ ပြင်ဦးလွင်မြို့များသို့ အသီးသီးပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။ **မြန်မာပြည်သစ်တောကျောင်း၊ မြန်မာနိုင်ငံတော် သစ်တောကျောင်း၊ သစ်တောလုပ်ငန်းအတတ်သင်ကျောင်း၊ မြန်မာနိုင်ငံသစ်တောကျောင်း** စသည့်အမည်များဖြင့် သတ်မှတ်ခေါ်ဝေါ်ခဲ့ပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံသစ်တောကျောင်း၏ သက်တမ်းမှာ ၁၈၉၈ ခုနှစ်မှ ယနေ့အထိ (၁၂၂)နှစ်တိုင်ရှိခဲ့ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံသစ်တောကျောင်းမှ ဖွင့်လှစ်ပို့ချလျက်ရှိသော အခြေခံသစ်တောပညာ သင်တန်းများကို သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့မှ သတ်မှတ်အရည်အချင်းပြည့်မီသောဌာနတွင်း ဝန်ထမ်းများကို တက်ရောက်သင်ကြားစေခဲ့ရာ ၁၉၉၁ – ၁၉၉၃ ခုနှစ်၊ အမှတ်စဉ်(၈၇)မှ ၂၀၀၁–၂၀၀၃ခုနှစ်၊ အမှတ်စဉ်(၉၇)အထိ အခြေခံသစ် တောပညာ(၂)နှစ်သင်တန်းများ ဖွင့်လှစ်ပို့ချခဲ့ပါသည်။ သင်တန်းတက်ရောက်အောင်မြင်ပြီးပါက သစ်တောဦးစီးဌာန၏ အဓိကကျောရိုးဝန်ထမ်းများဖြစ်သော တောအုပ်ရာထူးသို့ တိုးမြှင့်ခန့်ထားပြီး သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်စေလျက်ရှိပါသည်။



မြန်မာနိုင်ငံသစ်တောကျောင်းတွင် ၁၈၉၈ မှ ၁၉၉၁ ခုနှစ်အထိ အခြေခံသစ်တောပညာ(၂)နှစ်သင်တန်းများ ဖွင့်လှစ်ပို့ချခဲ့ရာမှ သစ်တောဦးစီးဌာန၏ ဝန်ထမ်းအင်အားလိုအပ်ချက်များအရ ၂၀၀၂–၂၀၀၄ ခုနှစ်၊ အမှတ်စဉ်(၉၈)မှ ၂၀၀၈–၂၀၁၀ခုနှစ်၊ အမှတ်စဉ်(၁၀၄)အထိ (၁၁/၂)နှစ်သင်တန်းသို့လည်းကောင်း၊ ၂၀၀၉–၂၀၁၀ခုနှစ်၊ အမှတ်စဉ်(၁၀၅)မှ ၂၀၁၇ ခုနှစ်၊ အမှတ်စဉ်(၁၁၃)အထိ (၉)လသင်တန်းသို့လည်းကောင်း၊ သင်တန်းကာလများ လျှော့ချသင်ကြားခဲ့ပါသည်။ မြန်မာနိုင်ငံသစ်တောကျောင်း စတင်ဖွင့်လှစ်သည်မှ ၂၀၁၇ ခုနှစ်၊ အခြေခံသစ်တောပညာသင်တန်း၊ အမှတ်စဉ်(၁၁၃)ထိ သင်တန်းသား စုစုပေါင်း (၆၁၃၀)ဦးမွေးထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။

သင်တန်းကာလများ လျှော့ချသင်ကြားခဲ့သော်လည်း အခြေခံသစ်တောပညာ(၂)နှစ်သင်တန်း၊ သင်ရိုးညွှန်းတမ်းပါသင်ကြားရမည့် ဘာသာရပ်များနှင့် လက်တွေ့လုပ်ငန်းများကိုပြီးပြတ်အောင် သင်ကြားပို့ချနိုင်ခဲ့ပါသည်။ သို့ရာတွင် လျှော့ချခဲ့သော သင်တန်းကာလအတွင်း အခြေခံသစ်

တောပညာ(၂)နှစ်သင်တန်းကဲ့သို့ စာတွေ့၊ လက်တွေ့များကို ထိထိရောက်ရောက် သင်ကြားပို့ချနိုင်ခဲ့ခြင်းမရှိသောကြောင့် သင်တန်းသားများအနေဖြင့် ပညာကိုရယူလိုမှုအပေါ်မူတည်၍လည်းကောင်း၊ လက်တွေ့နယ်ပယ်တွင် သင်ခန်းစာများ ပြန်လည်ကိုးကားအသုံးချမှုအရလည်းကောင်း၊ သင်တန်းသားတစ်ဦးချင်းစီ၏ တတ်မြောက်မှုစွမ်းရည်ကွာခြားမည်ဖြစ်ပါသည်။ အထူးသဖြင့် အခြေခံသစ်တောပညာ(၉)လသင်တန်း၊ သင်တန်းဆင်းပြီး နယ်မြေဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော တောအုပ်များအနေဖြင့် လက်တွေ့တောတွင်းလုပ်ငန်းဆောင်ရွက်ချိန်ကာလအကန့်အသတ်အရ ပီပြင်စွာသင်ကြားနိုင်ခဲ့ခြင်း မရှိသဖြင့် လက်တွေ့သစ်တောလုပ်ငန်းများ ဆောင်ရွက်ရာတွင် အားနည်းမှုများရှိနေမည်မှာ ငြင်းဖွယ်ရာမရှိဟု ထင်မြင်မိပါသည်။ သို့သော်လည်း အဆိုပါ သင်တန်းဆင်းတောအုပ်များအနေဖြင့် လုပ်ငန်းအတွေ့အကြုံရင့်ကျက်သူ၊ အထက်အရာရှိအဆင့်ဆင့်၏ လမ်းညွှန်ပြသမှုဖြင့် ဌာနမှပေးအပ် သောလုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်မည့် ဝန်ထမ်းကောင်းများဖြစ်လာမည်ဟု ယုံကြည်မိပါသည်။

၂၀၁၆ ခုနှစ်၊ အခြေခံသစ်တောပညာ(၉)လသင်တန်း၊ အမှတ်စဉ်(၁၁၂)သင်တန်းဆင်းပွဲသို့ တက်ရောက်လာကြသော အငြိမ်းစားသစ်တောအရာရှိကြီးများ၏ အတွေ့အကြုံနှီးနှောဖလှယ်ပွဲ(Knowledge Sharing)တွင် သစ်တောအငြိမ်းစားအရာရှိကြီးများမှ အရည်အချင်း ပြည့်ဝသည့် အောက်ခြေဝန်ထမ်းများရရှိရေးသည် သစ်တောပြုစုထိန်းသိမ်းရာ၌ အရေးကြီးကြောင်း၊ သင်တန်းကာလအလိုက် အရည်အချင်းပြည့်ဝမှုရှိခြင်း/မရှိခြင်း ကွာခြားကြောင်း၊ (၂)နှစ်သင်တန်းဆင်းများသည် ကာလတိုသင်တန်းဆင်းများထက် အရည်အချင်းပိုမိုပြည့်ဝသည့်အတွက် လာမည့်သင်တန်းကာလကို(၂)နှစ် သို့မဟုတ် (၂)နှစ်ခွဲ သတ်မှတ်သင့်ကြောင်း ထည့်သွင်းအကြံပြုဆွေးနွေးခဲ့ပါသည်။ တစ်ဖက်တွင်လည်း နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေးလိုအပ်ချက်နှင့် နိုင်ငံရေးအခြေအနေများအရ သစ်တောများအရည်အသွေးကျဆင်းလာခြင်းနှင့် သစ်တောပြုန်းတီးခြင်းတို့ဖြစ်ပေါ်လာသဖြင့် နိုင်ငံ၏သစ်တောများကို ပြန်လည်ထူထောင်ရန် အရေးတကြီးလိုအပ်လာသည့် အလျောက် ယင်းလုပ်ငန်းကို ပီပြင်စွာဆောင်ရွက်နိုင်ရန် လုပ်ငန်းကျွမ်းကျင်သည့် ကွင်းဆင်းသစ်တောဝန်ထမ်းများ မွေးထုတ်ပေးရန်လည်း မဖြစ်မနေလိုအပ်လာပြီ ဖြစ်ပါသည်။ သို့ဖြစ်၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ၂၀၁၈ ခုနှစ်၊ အခြေခံသစ်တောပညာသင်တန်းမှစတင်၍ သင်တန်းကာလကို(၂)နှစ်အဖြစ်ပြောင်းလဲဖွင့်လှစ်ရန် လမ်းညွှန်မိန့်ကြားခဲ့ပါသည်။ ထို့ပြင် သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုအား သစ်တောဥပဒေတွင် ထည့်သွင်းရေးဆွဲပြီးသည့်အလျောက် ပုဂ္ဂလိကသစ်တောစိုက်ခင်းများကို တည်ထောင်ခွင့်ပြုပေးလျက်ရှိသော်လည်း ပုဂ္ဂလိကကဏ္ဍ၌ သစ်တောပညာကို စနစ်တကျတတ်ကျွမ်းသည့် ပညာရှင်နှင့်လုပ်သားများ လုံလောက်စွာမရှိသေးသဖြင့် လုပ်ပိုင်ခွင့်ပြုထားသည့် မြေနေရာများတွင်လျာထားသည့်အတိုင်း ဆက်လက်စိုက်ပျိုးရန် အခက်အခဲဖြစ်နေကြောင်း လေ့လာတွေ့ရှိလျက်ရှိပါသည်။ သို့ဖြစ်ရာ ပုဂ္ဂလိက သစ်တောကဏ္ဍ၌ ကျွမ်းကျင်လုပ်သားများ ဖြည့်တင်းပေးရန် လိုအပ်လျက်ရှိသဖြင့် ပြင်ပပုဂ္ဂိုလ်များအား သစ်တောပညာရပ်များ ဖွင့်လှစ်သင်ကြားပေးနိုင်ရန်၊ သစ်တောပညာရပ်ဆိုင်ရာ (၂)နှစ်ဒီပလိုမာသင်တန်း ဖွင့်လှစ်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ရာတွင် ဒီပလိုမာသင်တန်းဖွင့်လှစ်ရေးအတွက် အခြားဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းရမည့် လုပ်ငန်းအဆင့်ဆင့်မှာ အချိန်ကာလတစ်ခုကြာမြင့်နိုင်သောကြောင့် ဒီပလိုမာသင်တန်း၏ ရှေ့ပြေးအဖြစ် လက်ရှိအခြေခံသစ်တောပညာ (၉)လသင်တန်းအား မြန်မာနိုင်ငံသစ်တောကျောင်းမှ ၂၀၁၈ ခုနှစ်၊ အမှတ်စဉ်(၁၁၄)မှစတင်၍ အခြေခံသစ်တောပညာ(၂)နှစ်သင်တန်းအဖြစ် ပြင်ဆင်ဖွင့်လှစ်ခဲ့ပါသည်။ အခြေခံသစ်တောပညာ(၂)နှစ်သင်တန်း၊ အမှတ်စဉ်(၁၁၄)တွင် တက္ကသိုလ်ဝင်စာမေးပွဲကို (က)အဆင့်ဖြင့် အောင်မြင်ပြီး အသက်(၃၅)နှစ်အောက်၊ ဘွဲ့ရဖြစ်ပါက အသက်(၄၀)နှင့်အောက်၊ တောခေါင်းလုပ်သက်(၂)နှစ်ရှိပြီး ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ အောင်မြင်သောသစ်တောဦးစီးဌာနမှ တောခေါင်းသင်တန်းသား(၃၃)ဦး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တောခေါင်းသင်တန်းသား(၂၃)ဦး၊ စုစုပေါင်း(၅၆)ဦးအား လက်ခံသင်ကြားပို့ချပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံသစ်တောကျောင်းမှ အခြေခံသစ်တောပညာ(၂)နှစ်သင်တန်းအတွက် ဘာသာရပ်(၁၅)ခု သင်ကြားပို့ချလျက်ရှိပါသည်။ ဘာသာရပ်အလိုက် ပို့ချမည့်အချိန်များ၊ သရုပ်ပြမည့်အချိန်များ၊ လက်တွေ့ကွင်းဆင်းဆောင်ရွက်မည့် အချိန်များကိုလည်း ရေးဆွဲထားသည့်အပြင် ဘာသာရပ်အလိုက် ဆရာကိုင်လက်စွဲစာအုပ်များကိုလည်း ပြုစုထားရှိပြီးဖြစ်ပါသည်။ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Acedamy-C.S.A)နှင့် ဆက်သွယ်၍ မြန်မာနိုင်ငံသစ်တောကျောင်းရှိ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသောသင်တန်းသားများကို သင်ကြားရေးစွမ်းဆောင်ရည်မြင့်မားစေရေးအတွက် ဆရာဖြစ်သင်တန်းသား (T.O.T)တက်ရောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ သင်တန်းကျောင်းဆရာများ၏ အရည်အသွေးမြှင့်တင်ရန်

အတွက်လည်း စတင်ဆောင်ရွက်လျက်ရှိပါသည်။ အလား တူဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ သင်ရိုး ညွှန်းတမ်းများ အဆင့်မြှင့်တင်ရေးဆွဲ ဆောင်ရွက်လျက် ရှိပါသည်။ ခေတ်မီနည်းပညာများအသုံးချတတ်စေရန် ရည်ရွယ်၍ အမှတ်စဉ်(၁၁၃)မှစ၍ ကွန်ပျူတာဘာသာရပ် ကိုပါ ထည့်သွင်းသင်ကြားပို့ချလျက်ရှိပါသည်။

သစ်တောဦးစီးဌာနအနေဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ရေရှည် မျှော်မှန်းချက်များဖြစ်သော နိုင်ငံတော်၏ သယံဇာတများကို ထိန်းသိမ်းကာကွယ်ရန်၊ သယံဇာတများကိုသားစဉ်မြေးဆက် အထိ စနစ်တကျထုတ်ယူသုံးစွဲရန်၊ ပတ်ဝန်းကျင်ထိန်း သိမ်းရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ သဟဇာတဖြစ်အောင် ထိန်းညှိဆောင်ရွက်ရန်စသည်တို့ကို အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသစ်တောများ ပြန် လည်တည်ထောင်ရေးစီမံကိန်းကိုလည်း တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် အောင်မြင်အောင် ဆောင်ရွက် လျက်ရှိပါသည်။ ထိုစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သစ်တောဦးစီးဌာနအနေဖြင့် လုပ်ငန်း ပမာဏများပြားသည့်အလျောက် ဝန်ထမ်းအင်အားလည်း တိုးချဲ့ခန့်ထားရန် လိုအပ်လျက်ရှိပါသည်။

မြန်မာနိုင်ငံသစ်တောကျောင်းအနေဖြင့် အခြေခံ သစ်တောပညာ(၂)နှစ်သင်တန်းကို ၂၀၁၈ ခုနှစ်တွင် စတင် ဖွင့်လှစ်ပို့ချသည်ဖြစ်ရာ ၂၀၂၀ ခုနှစ်၊ မတ်လတွင်သင်တန်း တက်ရောက်အောင်မြင်ပြီးသူများကိုသာ တောအုပ်ရာထူး သို့တိုးမြှင့်ပေးနိုင်မည်ဖြစ်သဖြင့် ၂၀၁၈ ခုနှစ်အတွင်း သစ်တောဦးစီးဌာနတွင် တောအုပ်ရာထူးနေရာများ လစ် ဟာမှုများ ဖြစ်ပေါ်မည်ဖြစ်ပါသည်။ အဆိုပါတောအုပ်ရာထူး နေရာများကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အသက်(၄၀)နှင့် (၅၀)ကြား၊ ဘွဲ့ရရှိပြီး လုပ်သက်(၁၀)နှစ်နှင့်အထက်ရှိသော တောခေါင်းများကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှစ၍ အခြေခံ သစ်တောပညာ အထူး(၃)လသင်တန်း ဖွင့်လှစ်ပို့ချ၍ သင် တန်းအောင်မြင်ပြီးသူများကို တောအုပ်ရာထူးသို့ တိုးမြှင့် ခန့်ထားပေးနိုင်ခဲ့ပါသည်။

ကျောင်းဆင်းသင်တန်းသားများ၏ အရည်အသွေး မြင့်မားရေးအတွက် ပြုပြင်ပြောင်းလဲမှုများစွာဖြင့် ဖွင့်လှစ် ပို့ချမည့် မြန်မာနိုင်ငံသစ်တောကျောင်း၊ အခြေခံသစ်တော ပညာ(၂)နှစ်သင်တန်း တက်ရောက်နေသည့် သင်တန်းသား များအနေဖြင့် စာတွေ့၊ လက်တွေ့ပိုမိုပိုင်နိုင်ပြီး အရည်အ သွေးပိုမိုမြင့်မားသော မြန်မာနိုင်ငံသစ်တောကျောင်း၏ ဆောင်ပုဒ်ဖြစ်သည့် စိတ်ဓာတ်၊ စည်းကမ်း၊ ဝိဇ္ဇာပညာ၊ ဖွဲ့နှင့်အညီ ဌာန၏လုပ်ငန်းတာဝန်များကို စွမ်းစွမ်းတမံ ထမ်းရွက်နိုင်မည်ဟု အလေးအနက်ယုံကြည်မိပါသည်။

စာမျက်နှာ -၂၁- မှ

မြေနမူနာ ဓာတ်ခွဲခန်းရလဒ်၊ဈေးကွက်စသည်ဖြင့် အကြမ်း ဖျဉ်းမေးနိုင်ပါတယ်၊ ကျနော့်အတွေ့အကြုံအရ အမှန်နဲ့ အနီးစပ်ဆုံး ကျနော်သိသမျှ မျှဝေပါ့မယ်။ ကျနော်မသိရင် လည်း Action Plan ကို Milstone Schedule အတိုင်း အကောင်အထည်ဖော်တိုင်း အားကိုးနေရတဲ့ ကျနော့် အစ်ကိုကြီး ဦးဝင်းနိုင်(၁၉၇၉ သစ်တောသိပ္ပံဘွဲ့)၊အစ်ကို သန်းဦး(၁၉၉၅ သစ်တာသိပ္ပံဘွဲ့)တို့ အတူရုန်းကန်နေကြရ တဲ့ ကိုစိုးမင်းနိုင်(၁၉၉၉ သစ်တာသိပ္ပံဘွဲ့)တို့ညီ ရဲမြင့် (၂၀၀၂ သစ်တာသိပ္ပံဘွဲ့)တို့ဆီကို လှမ်းမေးပေးပါ့မယ်။ ပြောမယ့်သာ ပြောရတယ် အရှိန်အဟုန်နဲ့ ပြောင်းလဲနေပြီး ပညာပေါက်ကွဲနေတဲ့ ဒီခေတ်ကြီးမှာ သူတို့ခမျာလည်း မနည်းရုန်းကန်ကြိတ်ခဲ ကြိုးစားနေကြရတုန်း။ သစ်ပင်တွေ တစ်ခွင်တပြင် သောင်းချီသိန်းချီစိုက်ရတဲ့ အလုပ်ကလည်း ကံ၊ ဉာဏ်၊ ဝီရိယ၊ မိုးလေဝသ၊ ပရောဂ(၄)ချက်လောက် တိုက်ဆိုင်မှ အောင်မြင်တတ်တဲ့ တောင်သူလုပ်ငန်းမျိုးပါ။ အပင်တွေရဲ့ခန္ဓာဗေဒ Taxonomy ကို သိချင်ရင်တော့ မော်ဆရာလောက်သိတဲ့ အစ်ကိုကြီး ဦးဘသန်း (၁၉၇၉ သစ်တောသိပ္ပံဘွဲ့)ဆီမေးတာ အကောင်းဆုံးဖြစ်ပါလိမ့် မယ်။ ဩော်ဒါနဲ့ ကျနော်သိတဲ့ **'ကုက္ကို'** နဲ့ပတ်သက်တဲ့ ရွာလေးနှစ်ရွာရှိတယ်၊ **'ကုက္ကိုခွ'** ဆိုတဲ့ရွာလေးက တောင် တွင်း-မကွေးကားလမ်းပေါ်မှာရှိပြီး UNESCO World Heritage ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပန်ထွာဘုရင်မရဲ့ ဗိဿနိုးမြို့ဟောင်း အနောက်ဘက်နားက သောက်ရေ အိုး၊ မြေအိုးလေးတွေ ရောင်းတဲ့ရွာကလေး တစ်ရွာရယ်၊ နောက်တစ်ရွာက **'ကုက္ကိုကုန်း'** ဆိုတဲ့ရွာလေးပါ၊ ပျဉ်း မနား-ကြေးနီရထားလမ်းပေါ်မှာရှိပြီး သစ်သားမှာ အမည်း အစင်းပါတဲ့ သိပ်လှတဲ့ကျွန်းသစ်ထွက်ရာ တောင်တွင်း ကြီးမြို့နယ် အိုးပေါက်၊ကုလားမရွာရဲ့ တောင်ဘက်နားမှာ တည်ရှိတဲ့ရွာလေးပါ။ စိတ်တွေလန်းလို့စာဖတ်ရင် စာအုပ် တစ်အုပ်ဟာ ခဏလေးနဲ့ပြီးသွားတယ်၊ စိတ်တွေရှုပ်လို့ စာဖိဖတ်လေလေ စိတ်ပျံ့လွင့်လေလေပါပဲ။ ဘယ်လောက် ပဲစိတ်ပျံ့လွင့်လွင့်၊ လွင့်သမျှစိတ်ကို **'ကိုယ့်ကိုယ်ကိုယ်'** ထိန်းချုပ်ရင်း ဖတ်လက်စ **'ကုက္ကိုကို'** ပြန်ကောက်နိုင်တာ ကိုက မဆိုးလှပါဘူး။

**'ကုက္ကိုကုန်းက ကိုကံကောင်း၊ ကျွဲကိုကောင်း ကောင်းကျောင်း'** ဆိုတဲ့စကားပုံလို ကိုယ့်စိတ်၊ ကိုယ့်ကိုယ် စိတ်ရောကိုယ်ပါ ကုက္ကိုပင်ကြီးကိုပဲ ငေးမနေပဲ ကိုယ့်ဘဝ ကိုယ့်ဝမ်းရေးကို ကိုယ်ကျောင်းရေးအတွက် GPS/Laptop/ ပေကြိုးဘူး/ရေဘူး/ဦးထုပ်/ခါးချိတ်ဓားဆွဲလို့ ကိုယ့်ကိုယ် ကိုယ်ထိန်းကျောင်းလို့ ခရီးစထွက်ရင်း နှုတ်ဆက်လိုက်တယ်။ ကံကောင်းကြပါစေကြောင်း ဆုတောင်းလိုက်ပါတယ်။



ဒေါ်ခင်စန်းလှိုင် (ဦးစီးအရာရှိ)
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

# ပလတ်စတစ်ညစ်ညမ်းမှုကာကွယ်ရေး အသုံးပြုမှုလျှော့ချပေး (၂)

(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှအဆက်)

## ပလတ်စတစ်သုံးစွဲမှုအခြေအနေ

ယနေ့ကမ္ဘာတွင် အဓိက ဖြစ်ပွားနေသည့် ပလတ်စတစ်နှင့်ပတ်သက်သည့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာအများစုမှာ တစ်ခါသုံး ပလတ်စတစ်ကုန်ပစ္စည်းများကြောင့်ဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။ ကမ္ဘာတစ်ဝှမ်းတွင် တစ်မိနစ်လျှင် ပလတ်စတစ်သောက်ရေဘူး ၁ သန်းကျော် ဝယ်ယူသောက်သုံး၍ စွန့်ပစ်နေကြပြီး တစ်နှစ်လျှင် တစ်ခါသုံးပလတ်စတစ်အိတ် ၅ ထရီလီယံကျော်သုံးစွဲ စွန့်ပစ်နေလျက်ရှိပါသည်။ ပလတ်စတစ်ထုတ်ကုန်တစ်ဝက်ခန့်အား တစ်ကြိမ်တစ်ခါသာအသုံးပြုပြီး စွန့်ပစ်လျက်ရှိပါသည်။ ယနေ့ကမ္ဘာ၏ သဘာဝပတ်ဝန်းကျင် အနှံ့အပြားတွင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို တွေ့ရှိနေရခြင်းကြောင့် ပလတ်စတစ်သည် လူသားတို့၏ ခြေရာခံနိုင်သည့် ဘူမိဆိုင်ရာ အညွှန်းတစ်ခုကဲ့သို့ဖြစ်နေပြီး သိပ္ပံပညာရှင်များက (A Geological indicator of the Anthropocene era)ဟုပင် တင်စားခေါ်ဝေါ်ကြသည်။

၁၉၅၀ ခုနှစ်မှ ၁၉၇၀ ခုနှစ်များအထိ ပလတ်စတစ်ပမာဏ အနည်းငယ်သာလျှင် ထုတ်လုပ်အသုံးပြုနိုင်သည့်အတွက် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများအား စီမံခန့်ခွဲနိုင်ခဲ့ပြီး ၁၉၉၀ ခုနှစ်များတွင် လွန်ခဲ့သောဆယ်စုနှစ်နှစ်စုထက် ပလတ်စတစ်ထုတ်လုပ်အသုံးပြုမှု၊ စွန့်ပစ်မှု သုံးဆကျော်တိုးလာခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်အစောပိုင်းတွင် လွန်ခဲ့သောနှစ်ပေါင်း ၄၀ ထက် ပလတ်စတစ်ထုတ်လုပ်အသုံးပြုမှု၊ စွန့်ပစ်မှုတစ်ဟုန်ထိုးမြင့်မားလာပြီး ယနေ့ခေတ်တွင် နှစ်စဉ်ပလတ်စတစ်စွန့်ပစ်ပစ္စည်းပမာဏ တန်ချိန်ပေါင်းသန်း ၃၀၀ ခန့်စွန့်ပစ်လျက်ရှိရာ ကမ္ဘာတွင်ရှိသော လူအားလုံး၏ အလေးချိန်ပမာဏနှင့်တူညီလုနီးပါး ဖြစ်နေပါသည်။

ကမ္ဘာ့ပလတ်စတစ်ထုတ်လုပ်မှုနှင့် စွန့်ပစ်မှုအခြေအနေအား လေ့လာကြည့်မည်ဆိုပါက ကမ္ဘာ့ပလတ်စတစ်ထုတ်လုပ်မှုသည် နှစ်စဉ် ပလတ်စတစ်တန်ချိန်ပေါင်း သန်း ၂၀၀ ကျော်ထုတ်လုပ်နေပြီး တန်ချိန်ပေါင်း ၂၅ သန်းကျော် စွန့်ပစ်နေလျက်ရှိပါသည်။ ပလတ်စတစ်ထုတ်လုပ်မှုသည် နှစ်စဉ် ၉ ရာခိုင်နှုန်းခန့်တိုးနေသည်ကို တွေ့ရပါသည်။ ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့ပလတ်စတစ်ထုတ်လုပ်မှု၏ ၄၉ ရာခိုင်နှုန်းအား အာရှနိုင်ငံများမှထုတ်လုပ်ကြောင်း၊ တရုတ်နိုင်ငံမှ ၂၈ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံမှ ၄ ရာခိုင်နှုန်းနှင့် အခြားနိုင်ငံများမှ ၁၇ ရာခိုင်နှုန်း ထုတ်လုပ်အသုံးပြုကြောင်း လေ့လာသိရှိရပါသည်။ ပလတ်စတစ်ထုတ်လုပ်အသုံးပြုမှုအခြေအနေအား လေ့လာကြည့်မည်ဆိုပါက တစ်နှစ်လျှင် ထုတ်ပိုးမှုလုပ်ငန်းအတွက် တန်ချိန်ပေါင်း ၁၄၆ သန်းခန့်ဖြင့် အများဆုံးအသုံးပြုနေပြီး ဆောက်လုပ်ရေးလုပ်ငန်းများအတွက် တန်ချိန်ပေါင်း ၆၅ သန်းခန့် အဝတ်အထည်လုပ်ငန်းများတွင် တန်ချိန်ပေါင်း ၄၇ သန်းခန့် လျှပ်စစ်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများတွင် တန်ချိန်ပေါင်း ၁၈ သန်းခန့်နှင့် စက်ရုံများရှိစက်ကိရိယာများအတွက် တန်ချိန်ပေါင်း ၃ သန်းခန့်ထုတ်လုပ်အသုံးပြုနေကြောင်း လေ့လာသိရှိရပါသည်။

အိန္ဒိယနိုင်ငံတွင် ပလတ်စတစ်တန်ချိန် ၄ သန်းခန့်သုံးစွဲပြီး တန်ချိန် ၂ သန်းခန့်စွန့်ပစ်ကြောင်း အစိုင်အခဲစွန့်ပစ္စည်းများ၏ ၂၀ ရာခိုင်နှုန်းခန့်သည် ပလတ်စတစ်စွန့်ပစ္စည်းများဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ သုတေသနစစ်တမ်းများအရ ၂၀၁၀ ခုနှစ်တွင် ဂျာမနီနိုင်ငံ၌ နိုင်ငံသားတစ်ဦး၊တစ်ရက်လျှင် ပလတ်စတစ် ၀.၄၉ ကီလိုဂရမ်သုံးစွဲကြောင်း၊ နယ်သာလန်နိုင်ငံ၌ နိုင်ငံသားတစ်ဦး တစ်ရက်လျှင် ပလတ်စတစ် ၀.၄၂ ကီလိုဂရမ်သုံးစွဲကြောင်း၊

အိန္ဒိယနိုင်ငံ၌ နိုင်ငံသားတစ်ဦး၊တစ်ရက်လျှင် ပလတ်စတစ် ၀.၀၁ ကီလိုဂရမ်သုံးစွဲကြောင်း၊ တရုတ်နိုင်ငံ၌ နိုင်ငံသား တစ်ဦး၊တစ်ရက်လျှင် ပလတ်စတစ် ၀.၁၂ ကီလိုဂရမ်သုံးစွဲ ကြောင်း၊ မြန်မာနိုင်ငံ၌ နိုင်ငံသားတစ်ဦး တစ်ရက်လျှင် ပလတ်စတစ် ၀.၀၈ ကီလိုဂရမ်သုံးစွဲကြောင်း လေ့လာသိရှိ ရပါသည်။

ကမ္ဘာ့ပလတ်စတစ်ထုတ်လုပ်မှု တိုးတက်လာသည်နှင့်အမျှ ကမ္ဘာ့ပလတ်စတစ် စွန့်ပစ်ပစ္စည်းပမာဏတိုးတက် လျက်ရှိပါသည်။ မြို့ပြတွင်နေထိုင်သောလူများသည် ကျေးလက်ဒေသတွင် နေထိုင်သောသူများထက် စွန့်ပစ်ပစ္စည်း ၄၀ ရာခိုင်နှုန်းခန့် ပိုမိုစွန့်ပစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ စည်ပင်သာယာမှသိမ်းယူသည့် အစိုင်အခဲစွန့်ပစ်ပစ္စည်းများထဲတွင် ပလတ်စတစ်စွန့်ပစ်ပစ္စည်း ၁၁.၈ ရာခိုင်နှုန်းခန့်သာလျှင်ရှိကြောင်း လေ့လာသိရှိရပါသည်။ နှစ်စဉ် ပလတ်စတစ်ပမာဏတန်ချိန် ၈ သန်းခန့်သည် ပင်လယ်သမုဒ္ဒရာများအတွင်းသို့ရောက်ရှိနေပြီး ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၏ ၉၀ ရာခိုင်နှုန်းကျော်သည် မြစ်များမှ တစ်ဆင့် ပင်လယ်သမုဒ္ဒရာများသို့ ရောက်ရှိနေကြောင်း သုတေသနမှတ်တမ်းများအရ လေ့လာသိရှိရပါသည်။ ပင်လယ်သမုဒ္ဒရာများရှိ ပလတ်စတစ်စွန့်ပစ်ပစ္စည်းပမာဏ၏ တစ်ဝက်ခန့်အား အာရှနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ပင်လယ်သမုဒ္ဒရာများရှိ အမှိုက်သရိုက်အားလုံး၏ ၉၀ ရာခိုင်နှုန်းခန့်သည် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ ဖြစ်နေပြီး ၁ မိုင်ပတ်လည်ရေိယာတိုင်းတွင် ပလတ်စတစ်အပိုင်းအစ ၄၆၀၀၀ ခန့် ဖုံးလွှမ်းနေကြောင်း လေ့လာသိရှိရပါသည်။ လက်ရှိအခြေအနေအတိုင်း ဆက်လက်ဖြစ်ပွားနေမည်ဆိုပါက ၂၀၅၀ ခုနှစ်တွင် ပင်လယ်သမုဒ္ဒရာများ၌ ငါးထက် ပလတ်စတစ်များ ပိုမိုများပြားစွာရှိနေနိုင်ကြောင်း ကျွမ်းကျင်ပညာရှင်များက သုံးသပ်ထားပါသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာတွင် ကမ္ဘာ့ပလတ်စတစ် စွန့်ပစ်ပစ္စည်းများ၏ ၇၉ ရာခိုင်နှုန်းခန့်အား မြေမြှုပ်စွန့်ပစ်ခြင်း၊ သဘာဝပတ်ဝန်းကျင်တွင် စွန့်ပစ်ခြင်း၊ ၁၂ ရာခိုင်နှုန်းခန့်အား မီးရှို့ဖျက်ဆီးခြင်းတို့ပြုလုပ်ပြီး ၉ ရာခိုင်နှုန်းခန့်သာလျှင် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း (Recycle) ပြုလုပ်နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ နည်းပညာဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်သည့် အမေရိကန်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ဥရောပနိုင်ငံအများစုသည် ပလတ်စတစ်ပမာဏများစွာ ထုတ်လုပ်အသုံးပြုသည်နှင့်အညီ ပလတ်စတစ်စွန့်ပစ်များအား ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း(Recycle)၊ ပလတ်စတစ်စွန့်ပစ်များအား မီးရှို့ဖျက်ဆီးပြီး စွမ်းအင်ထုတ်လုပ်ခြင်း(Waste to energy)တို့ဖြင့် ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်နေပြီဖြစ်သော်လည်း မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများအား စီမံခန့်ခွဲမှု အားနည်းနေသေးသည်ကို လေ့လာတွေ့ရှိရပါသည်။ သို့သော် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း (Recycle)၊ ပလတ်စတစ်စွန့်ပစ်များအား မီးရှို့ဖျက်ဆီးပြီး စွမ်းအင်ထုတ်လုပ်ခြင်း (Waste to energy)တို့သည် ပလတ်စတစ်ညစ်ညမ်းမှုအား လျော့နည်းအောင်ပြုလုပ်ရာတွင် အရေးပါသော ကဏ္ဍများဖြစ်ကြသော်လည်း ပလတ်စတစ်ညစ်ညမ်းမှုအား ဖြေရှင်းနိုင်မည့် အဓိကကျသော နည်းလမ်းများ မဟုတ်ပါ။ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို စနစ်တကျခွဲခြား စွန့်ပစ်ခြင်းနှင့် တစ်ခါသုံးပလတ်စတစ်သုံးစွဲခြင်းကို ရှောင်ရှားခြင်းတို့သည် အဓိကအခြေခံကျသော ဖြေရှင်းနည်းများဖြစ်ပါသည်။

**ပလတ်စတစ်ညစ်ညမ်းမှုအား ဖြေရှင်းရန်နည်းလမ်းများ**

ပလတ်စတစ်ညစ်ညမ်းမှုအား ဖြေရှင်းရန်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးမှ လက်တွဲပူးပေါင်းဆောင်ရွက်ရန် လိုအပ်လှပါသည်။ နိုင်ငံတစ်နိုင်ငံချင်းအလိုက်လည်း မိမိတို့နိုင်ငံအတွင်းတွင် ပလတ်စတစ်ထုတ်ကုန်များ၊ စွန့်ပစ်ပစ္စည်းများတင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ သုံးစွဲခြင်း၊ စွန့်ပစ်ခြင်း ကဏ္ဍအသီးသီးတို့အတွက် သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်းများပြဋ္ဌာန်း၍ ကန့်သတ်ခြင်း၊ တားမြစ်ခြင်း၊ Extended Producer Responsibility System (EPR)စနစ်သတ်မှတ်ခြင်း၊ Polluter Pay Principle သတ်မှတ်ခြင်း၊ တစ်ခါသုံးပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်မှုကိုကန့်သတ်ခြင်းများ ဆောင်ရွက်ရန်လိုအပ်ပါသည်။ ပြည်သူလူထုနှင့် ပုဂ္ဂလိကကဏ္ဍသည် အဓိကကျသော အခန်းကဏ္ဍများတွင်ပါဝင်သဖြင့် အသိပညာဗဟုသုတပေးခြင်း၊ အသိပညာပေးဟောပြောပွဲများ၊အခြားသော ပလတ်စတစ်နှင့်ပတ်သက်သည့် စည်းရုံးလှုံ့ဆော်မှုများ ဆောင်ရွက်ရန်လိုအပ်ပါသည်။ ပလတ်စတစ်ထုတ်လုပ်သူများအနေဖြင့် ထုတ်လုပ်သည့်အချိန်မှ စွန့်ပစ်သည့်အချိန်အထိ ပတ်ဝန်းကျင်ကို မထိခိုက်စေသည့်နည်းဖြင့် စီမံဆောင်ရွက်စေခြင်း၊ သုံးစွဲသူများအနေဖြင့်လည်း ပလတ်စတစ်ထုတ်ကုန်များ အသုံးပြုရန်ငြင်းဆန်ခြင်း (Refuse)၊ လျှော့သုံးခြင်း(Reduce)၊ ပြန်လည်အသုံးပြုခြင်း(Reuse)၊ မိမိတို့သုံးစွဲသည့် ပလတ်စတစ်အပါအဝင် အခြားစွန့်ပစ်ပစ္စည်းများအား သတ်မှတ်ထားသည့်နေရာတွင် သတ်မှတ်ထားသည့်အတိုင်း စနစ်တကျစွန့်ပစ်ခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း(Recycle)နှင့် ပြန်လည်ပြုပြင်ထုတ်လုပ် အသုံးပြုမည့်နေရာများသို့ ပြန်လည်ပို့ဆောင်ခြင်း(Return)တို့အား အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့အပြင် ပလတ်စတစ်ကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများအား အခွန်အခများ တိုးမြှင့်ကောက်ခံခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း(Recycle)အား အားပေးခြင်း၊ ပြန်လည်ပြုပြင်

ထုတ်လုပ်ခြင်း ဆောင်ရွက်မည့်သူအရေအတွက် များပြားလာစေရန် ဆောင်ရွက်သူများအား မက်လုံးပေးဆွဲဆောင်ခြင်းတို့အားဆောင်ရွက်ရန် အထူးလိုအပ်လှပါသည်။

**ပလတ်စတစ်ညစ်ညမ်းမှုအား ကြိုးပမ်းဆောင်ရွက်ဖြေရှင်းနေမှုများ**

ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်မှလည်း ကမ္ဘာလုံးဆိုင်ရာပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ကမ္ဘာသူကမ္ဘာသားများ နားလည်သဘောပေါက်မှု တိုးမြှင့်လာစေရန်ရည်ရွယ်ပြီး အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားများကိုအခြေအနေနှင့် အချိန်အခါအလိုက် ဖြစ်ပေါ်နေသည့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများအပေါ်မူတည်ပြီး နှစ်အလိုက်မတူညီသော အထိမ်းအမှတ်ဆောင်ပုဒ်နှင့် ကြွေးကြော်သံဆောင်ပုဒ်များသတ်မှတ်ကာ နိုင်ငံအသီးသီးတွင် အလှည့်ကျစနစ်ဖြင့် လက်ခံကျင်းပလျက်ရှိပါသည်။ ပလတ်စတစ်ညစ်ညမ်းမှုသည် လက်ရှိအခြေအနေတွင် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပြီး ပလတ်စတစ်ညစ်ညမ်းမှု တိုက်ဖျက်ရေးသည် အလွန်အရေးကြီးသောအခန်းကဏ္ဍဖြစ်သောကြောင့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်အဖြစ် ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့ဟု သတ်မှတ်၍ ကမ္ဘာတစ်ဝှမ်းတွင် ပလတ်စတစ်ညစ်ညမ်းမှုများကို လျှော့ချနိုင်ရန်လုပ်ငန်းများကို အထူးအလေးပေးဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ပလတ်စတစ်ညစ်ညမ်းမှု လျှော့ချရေးလုပ်ငန်းစဉ်များမှတစ်ဆင့် ကမ္ဘာတစ်ဝှမ်း အကောင်အထည်ဖော်နေသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်–၁၄ (Sustainable Development Goal - 14 )တွင် ပင်လယ်သမုဒ္ဒရာများနှင့် အဏ္ဏဝါအရင်းအမြစ်များကို ရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်–၁၅ (Sustainable Development Goal – 15)တွင် ကမ္ဘာလုံးဆိုင်ရာ ဂေဟစနစ်အားရေရှည်တည်တံ့ရေး၊ မြေဆီလွှာဆုံးရှုံးမှုကို ရပ်တန့်ရေးစသည့် ရည်မှန်းချက်ပန်းတိုင်တို့ကို အရောက်လှမ်းနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတကာတွင် ပလတ်စတစ်ထုတ်ကုန်များ၊ စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုများကို လေ့လာကြည့်မည်ဆိုပါက ၁၉၉၀ နှစ်များကတည်းက တရုတ်နိုင်ငံသည် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများအား Recycle ပြုလုပ်၍ ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်း၊ တင်ပို့ခြင်းများပြုလုပ်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် ပတ်ဝန်းကျင်ဆိုင်ရာနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အကြောင်းအကျိုးများကို သုံးသပ်မိသောကြောင့် တရုတ်အစိုးရက "Green Fence" မူဝါဒကို စတင်ကျင့်သုံးခဲ့ပြီး ပလတ်စတစ်ပစ္စည်းများဝင်ရောက်လာမှုအား တားမြစ်ရန် စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး အရေးယူဆောင်ရွက်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ ကုန်သွယ်မှုမှာ လုံးဝရပ်တန့်နိုင်မည်မဟုတ်ဘဲ ပတ်ဝန်းကျင်နှင့် လူသားတို့၏ကျန်းမာရေးအား အန္တရာယ်ဖြစ်စေသည့် စွန့်ပစ်ပစ္စည်းများ ကျန်ရှိစေနိုင်သောကြောင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ တင်သွင်းခြင်းအားလုံးဝပိတ်ပင်တားမြစ်ခဲ့ပါသည်။ ထိုင်းနိုင်ငံတွင်လည်း ပလတ်စတစ်နှင့် အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းများ တင်သွင်းမှုကို ယာယီရပ်ဆိုင်းထားပြီး၊ တင်သွင်းမှုကို အမြဲရပ်ဆိုင်းနိုင်မည့် မူဝါဒ၊ဥပဒေ၊နည်းဥပဒေများ (၂)နှစ်အတွင်းပေါ်ထွန်းလာနိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ ဗီယက်နမ်နိုင်ငံတွင်လည်း ၂၀၁၈ ခုနှစ် ဇွန်လမှစတင်၍ ပြန်လည်အသုံးပြုနိုင်သော ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ တင်သွင်းခွင့်ပြုပေးခြင်းကိုရပ်ဆိုင်းခဲ့ပြီး မလေးရှားနိုင်ငံတွင်လည်း ပြန်လည်အသုံးပြုနိုင်သော ပလတ်စတစ်စွန့်ပစ်ပစ္စည်းများတင်သွင်းရန် ခွင့်ပြုမိန့်များကိုပင် ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံတွင်လည်း ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း(Recycle)ပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် ပြည်ပနိုင်ငံများမှ ပလတ်စတစ်စွန့်ပစ္စည်းများ တင်သွင်းမည့်ကိစ္စနှင့်ပတ်သက်၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပြည်ပမှတင်သွင်းခွင့်ပိတ်ပင်ထားသော ကုန်စည်များတွင်ထည့်သွင်းမည့် တားမြစ်ပစ္စည်းအမျိုးအစားများ၌ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများထည့်သွင်းရန်နှင့် သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သောစာရင်းတွင် ထည့်သွင်းမည့် ကန့်သတ်ပစ္စည်းအမျိုးအစားများတွင် ကုန်ကြမ်းအဖြစ် တိုက်ရိုက်အသုံးပြုနိုင်သော ပလတ်စတစ်အပိုင်းအစများအား ထည့်သွင်းရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ထားဆဲဖြစ်ပါသည်။ ထို့အပြင် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ နည်းပညာ အကူအညီများ၊ အကြံဉာဏ်များရယူပြီး ပလတ်စတစ်ညစ်ညမ်းမှုများ လျော့နည်းစေရေးနှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ရေးတို့အတွက် ခေတ်မီနည်းပညာများ၊ နိုင်ငံတကာတွင် ပြဋ္ဌာန်းကျင့်သုံးနေသည့် ဥပဒေ၊စည်းမျဉ်းစည်းကမ်းများအား လေ့လာ၍ မိမိတို့နိုင်ငံနှင့်လိုက်လျောညီထွေဖြစ်မည့် သင့်တော်သည့် ဥပဒေ၊စည်းမျဉ်း စည်းကမ်းများ ထုတ်ပြန်ပြဋ္ဌာန်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံအတွင်းတွင်လည်း ပလတ်စတစ်ညစ်ညမ်းမှုများလျော့နည်းစေရေးနှင့် ပလတ်စတစ်စွန့်ပစ် ပစ္စည်းများ ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ သက်ဆိုင်ရာဌာနများမှလည်း ပြည်သူလူထုအား အသိပညာပေးခြင်း၊ စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

စာမျက်နှာ–၃၃–သို့



# မြွကျွန်းဖြွင် မဟူရာဘုံ

၇

## မဟူရာဘုံ နှင်းဆီဖုန်ပြာ

မြတ်သင်း

(၇)

ဌာနအုပ် ဦးစိန်သွင်ကား အသက်သုံးဆယ်ခန့် ဖျတ်လတ်သော လူရွယ်တစ်ဦးဖြစ်၏။ သင်းအောင်၏ စကားများကို နားထောင်ပြီးနောက် ခေါင်းတဆတ်ဆတ် ညိတ်သည်။ ဦးစိန်သွင်၏ဘေးမှ ပင်နီတိုက်ပုံအင်္ကျီကိုဝတ်ထားသည့် လူရွယ်ကမူ သူတို့နှစ်ဦးပြောသောစကားများ၌ တစ်ခွန်းမျှဝင်မစွက်ဘဲ တည်ငြိမ်စွာနားထောင်နေသည်။

'အေးလေ တို့လည်း အစကတည်းက စဉ်းစားမိပါတယ်၊ မောင်သင်းအောင်ရဲ့ဖခင်ဟာ အေးငြိမ်းရွာရဲ့ လုံခြုံရေးကို အသက်ပေးပြီး ကာကွယ်သွားတဲ့ ကျေးရွာခေါင်းဆောင်တစ်ယောက်ပဲ၊ ကိုယ့်ဖခင်ရဲ့အသက်ကို လုပ်ကြံထားတဲ့ စိုးမောင်တို့လူသိုက်နဲ့တော့ မောင်သင်းအောင်ဟာ ဘယ်နည်းနဲ့မှ ဆက်သွယ်မယ်မဟုတ်ဘူး ဆိုတာအတွေးမိသား'

'အဖေရှိတုန်းကဆိုရင် ရွာမှာနေ့ကင်းညကင်းနဲ့မို့ စိုးမောင်တို့အဖွဲ့ဟာ ကျွန်တော်တို့ရွာနားကို သီတောင်မသီနိုင်ခဲ့ဘူး၊ ဒါကြောင့်လည်း အဖေ့ကို အငြိုးနဲ့လုပ်ကြံကြတာပဲ'

'အေးကွယ် မင်းဖခင်ကတော့ တို့နဲ့လက်တွဲပြီး လုပ်ခဲ့တဲ့ ပုဂ္ဂိုလ်ပါ၊ သူ့အတွက်လည်း တို့စိတ်မကောင်းပါဘူး'

'သူကြီး ဦးပေါလူကတော့ အဖေရှိတုန်းကလည်း အဖေ့ကိုသိပ်ပြီး လိုလားတာမဟုတ်ဘူး အစ်ကို၊ သူ့ကိုကျော်ပြီးလုပ်တယ် ထင်နေတာ။ ပြီးတော့ ဒီလူကြီးက လင်းနို့လိုလူမျိုး အစ်ကိုရဲ့၊ ကြွက်နဲ့တွေ့ရင် ခေါင်းကိုပြပြီးရောတယ်၊ ငှက်နဲ့တွေ့တော့လည်း အတောင်ကိုပြပြီး နှောလိုက်တာပဲ၊ အခုပဲကြည့်လေ အမှန်က အဖေမရှိတော့တဲ့နောက် စိုးမောင်တို့လူသိုက်ဟာ အေးငြိမ်းရွာကို ဥဒဟိုဖြတ်သန်းသွားနေခဲ့ကြတာပဲ။ ဖြတ်သွားတိုင်းလည်း သူကြီးအိမ်မှာတည်းကြတာပဲ၊ သူကြီးနဲ့တတွဲတွဲနေကြတာပဲ။ ဒီအထဲက ကျွန်တော် ကိုစိုးမောင်တို့နဲ့ ဆက်သွယ်တယ်ရယ်လို့ သူကပဲ ရဲဌာနမှာ သတင်းပေးပြန်တယ် မခက်လား အစ်ကို'

ဌာနအုပ် ဦးစိန်သွင်က သင်းအောင်၏စကားကို သဘောကျဟန်ဖြင့်ရယ်၏။ ထင်မြင်ချက်ကား မပေး။ ထို့နောက် စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်နေသည်။

'အစ်ကို့နေရာမှာ ကျွန်တော့်အကြောင်းမသိတဲ့ တခြားဌာနအုပ်သာဆိုရင် ကျွန်တော်ဒုက္ခရောက်မှာပေါ့၊ တစ်ခုတော့ ကျွန်တော်စဉ်းစားမိတယ် အစ်ကို၊ တလောက ကျွန်တော်တို့ရွာသား ကိုမြဒင်ရဲ့အိမ်မှာ စိုးမောင်တို့နဲ့ သူကြီးကပေါင်းပြီး ရွာသားတွေအပေါ် အနိုင်ကျင့်တဲ့အကြောင်း ကျွန်တော် ပြောမိတယ်၊ သူ့တပည့်မွေးနီလည်း ကြားသွားတယ်၊ ဒီကောင်က ပြန်ပြောလို့ ကျွန်တော့်အပေါ်အငြိုးထားပြီး ဒုက္ခရောက်အောင် လီဆယ်တဲ့သတင်းပေးတာပဲဖြစ်မယ်'

'ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ မောင်သင်းအောင် အခုလိုလာပြီးရှင်းပြတာကောင်းပါတယ်။ တို့လည်း အေးငြိမ်ရွာကိုအညိုရောင်နယ်မြေကနေ အဖြူရောင်နယ်မြေဖြစ်လာအောင် ကြိုးစားလျက်ပါ၊ဩော်... မိတ်ဆက်ပေးရဦးမယ်၊ ဟောဒါက ကိုကျော်စိန်ဝင်း တဲ့'

ဌာနအုပ် ဦးစိန်သွင်က တစ်ချိန်လုံး တိတ်ဆိတ်စွာထိုင်နေသည့် ပင်နီတိုက်ပုံအကျီနှင့်လူငယ်ကို ညွှန်ပြ၍ပြော၏။

'အေးငြိမ်ရွာ မူလတန်းကျောင်းအတွက် တာဝန်ကျတဲ့ကျောင်းဆရာလေ... အင်ကြင်းမြိုင်ပညာအုပ်က အကူအညီတောင်းထားတဲ့အတွက် သူ့ကိုမောင်သင်းအောင်နဲ့ပဲအပ်ပြီးထည့်လိုက်မယ်။ နယ်မြေအခြေအနေကတော့ အခုကြားခဲ့ရတဲ့အတိုင်းပဲ ကိုကျော်စိန်ဝင်းရေ...'

ရဲဌာနအုပ်၏ စကားအဆုံးတွင် ကိုကျော်စိန်ဝင်းကနေရာမှထလာပြီး သင်းအောင်၏လက်များကို ဖျစ်ညှစ်ဆုပ်ကိုင်သည်။

သူ၏မြဲမြံသန်မာသော လက်ချောင်းများဖြင့် ...

(၈)

ဖြူနွဲ့နွဲ့ လက်ချောင်းလေးများဖြင့် နှင်းရီသည် ရက်ကန်းစင်ထက်မှပြတ်သွားသော ချည်မျှင်ကိုဆက်၏။ ထို့နောက် လွန်းကိုအလှည့်ကျလဲလိုက်ပြီး ရက်ကန်းဆက်ခတ်၏။ လက်ခတ်မြောင်းထဲ၌ လွန်းကလေးသည် လက်ဝဲရောက်တုံ၊လက်ယာရောက်တုံ မမောတမ်းပြေးလွှားနေလေသည်။

ထိုအခိုက်တွင် သင်းအောင်သည် ရက်ကန်းစင်အနီးသို့ အရေးတကြီးရောက်ရှိလာ၏။ သင်းအောင်၏ အမူအရာက အလွန်ပျော်ရွှင်နေဟန်ရှိသည်။

'နှင်းရီရေ ဒီမှာကြည့်စမ်း၊ ကိုအောင် ဆယ်တန်းစာမေးပွဲအောင်ပြီ'

သင်းအောင်က လက်ထဲတွင်ဆုပ်ကိုင်လာသော သတင်းစာကိုပြသည်။

'ဟင်... ဟုတ်လား၊နှင်းရီဝမ်းသာလိုက်တာ ကိုအောင်ရယ်'

နှင်းရီသည် သင်းအောင်ထံမှ သတင်းစာကိုယူကြည့်၏။ သင်းအောင်၏ဝမ်းသာမှုသည် နှင်းရီထံသို့ကူးစက်သွားသည်။ နှင်းရီ၏မျက်နှာတွင် ပီတိသွေးတလျှမ်းလျှမ်းရှိ၏။

'ကိုအောင်တော့လေ တိရစ္ဆာန်ဆေးကုဆရာဝန်သင်တန်းဖြစ်ဖြစ်၊ မြေတိုင်းစာရေးသင်တန်းဖြစ်ဖြစ် တစ်ခုခုတက်ဖို့ စိတ်ကူးထားတယ်၊ကိုအောင်တော့လယ်သမားသားမို့လားမသိဘူး၊ တောရွာနဲ့လယ်သမား ဆက်စပ်နေတဲ့ ဒီအလုပ်မျိုးတွေကို သိပ်ဝါသနာပါတာပဲ'

ရွှင်ကြည် လန်းဆန်းနေသော နှင်းရီ၏မျက်နှာသည် လက်ဖြင့်ဆုပ်နယ်ခံရသော ကြာသဖွယ်ညှိုးနွမ်းသွား၏။

'ကိုအောင် အေးငြိမ်းရွာကို ခွာပြီး တခြားကိုသွားရတော့မယ်ပေါ့နော်'

သင်းအောင်က နှင်းရီအား ခွန်းတုံ့မပြေ။ နှင်းရီ၏ရက်ကန်းလက်ခတ်သံသည် လေးတွဲ့နေ၏။ နှင်းရီ၏ မျက်နှာကလည်းငိုတော့ မယောင်ညှိုးမည်းနေသည်။ နှင်းရီမလန်းသောအခါတွင်မူ သင်းအောင်လည်း ညှိုးနွမ်းရချေ၏။

'ကိုအောင်ကလည်း နှင်းရီအနားက ဘယ်ကိုမှခွာမသွားချင်ပါဘူးကွယ် နှင်းရီအနားမှာထိုင်ပြီး နှင်းရီရဲ့ အလှကိုပဲငေးမောပြီး နေချင်ပါတယ်'

နှင်းရီသည် ချည်ကုန်သွားသောလွန်းကို ယူလိုက်ကာရက်ဖောက်အသစ်လဲလှယ်တပ်ဆင်၏။ ထို့နောက် လွန်းပေါက်ငယ်၏အဝတွင် ပါးစပ်ဖြင့်ကပ်ပြီးရက်ဖောက်သစ်မှ ချည်မျှင်စထွက်လာအောင် စုပ်ယူလိုက်သည်။

'ဆုတောင်းလို့သာရမယ်ဆိုရင်လေ ကိုအောင်တော့ ဟောဒီရက်ကန်းလွန်းလေးရဲ့ဘဝကိုတောင် ယူချင်ပါတယ်'

'ဘာပြုလို့လဲ ကိုအောင်'

'ရက်ကန်းလွန်းကလေးက နှင်းရီရဲ့ အယုအယလည်းခံရတယ်၊ နှင်းရီအနားမှာလည်း အမြဲနေရတယ်၊ လက်ခတ်မြောင်းကြားမှာ ဟိုဒီပြေးနေတဲ့လွန်းကလေးကိုကြည့်စမ်း၊ နှင်းရီရဲ့မျက်နှာကို ဘယ်ညာပြောင်းပြီး အလှကြည့်နေတာနဲ့မတူဘူးလား။ ပြီးတော့ ချည်မျှင်စထွက်လာအောင် စုပ်ယူလေ့ရှိတဲ့ နှင်းရီရဲ့နှုတ်ခမ်းနီနီလေးနဲ့လည်း မကြာမကြာအနမ်းခံရတယ်၊ ဒီတော့ သူ့ဘဝကို ကိုအောင်အားမကျဘဲနေပါ့မလား'

လေဝှေ့လိုက်သဖြင့် ကောင်းကင်တွင် တိမ်တောင်ကြီးများသည် ပြန့်ကျဲလွင့်စဉ်သွား၏။ တိမ်တောင်များဖုံးကွယ်ရာမှ လွတ်မြောက်လာသော နေရောင်သည် ပြန်လည်တောက်ပလာကာ ရက်ကန်းစင်ပေါ်သို့ စောင်းရွေ့ကျရောက်၏။နှင်းရီ၏မျက်နှာသည် ပြန်လည်လန်းစင်၍လာ၏။ ရွှင်ကြည်လာဟန်ရှိသော နှင်းရီက သင်းအောင်အား မျက်စောင်းတစ်ချက် ထိုးလိုက်သည်။

'ကိုအောင်နော် တော်တော်ပို'

'နှင်းရီအပေါ်မှာ ကိုအောင်ချစ်တဲ့မေတ္တာနဲ့ပတ်သက်ပြီး နှိုင်းယှဉ်ပြောရရင် ဘယ်တော့မှမပိုနိုင်ပါဘူး၊ လိုတောင်လိုနေဦးမယ်'

အိမ်ရှေ့မန်ကျည်းပင်မှ အကိုင်းနွဲ့နွဲ့များသည် လေထဲတွင်ခေါင်းတညိတ်ညိတ်ရှိနေကြ၏။ မန်ကျည်းပင်ပေါ်မှ ချိုးငှက်များသည် မမောတမ်းကူခွဲနေရှာ၏။

'အရီးအေးတို့ ခုထိပြန်မလာကြသေးဘူးလား နှင်းရီ'

'ဆန်ကြိတ်သွားကြတာ ကိုအောင်ရဲ့၊ အမေရော အဖေရောနှစ်ယောက်လုံးလိုက်သွားကြရတယ်၊ ဆန်ကြိတ်လှည်းတွေများ သိပ်ပေါပါနေလို့စောင့်နေကြရတယ်ထင်ပါရဲ့၊ မနေ့က

တည်းကသွားကြတာ'

'ရွှေဘော်ရော'

'ရွှေဘော်လိုက်မသွားပါဘူး၊ ရွာမှာရှိပါတယ်၊ မြောက်ရပ်ကိုသွားလည်တာနဲ့တူတယ်၊ဒါနဲ့ဆရာ ဒီနေ့ထမင်းလာမစားဘူး ကိုအောင်ရဲ့၊အဲဒါကျောင်းကို ဆန်ပြုတ်သွားပို့ရဦးမယ်၊ ကိုအောင်လိုက်ဦးမလား'

ကိုကျော်စိန်ဝင်းသည် ရွာဘုန်းတော်ကြီးကျောင်းတွင် တည်းခိုနေထိုင်လျက်ရှိ၏။ထမင်းကိုကား သူကြီးဦးပေါ်လူ၏ စီစဉ်ပေးချက်အရ နှင်းရီတို့အိမ်မှာစားသည်။ နှင်းရီ၏ဖခင် ဦးပေါ်ဖြူကား သူကြီး၏ညီအရင်းတည်း။

'ဩော် ကိုအောင်၊ဒီရက်ကန်းဆင်ကလေးမလှဘူးလား'

'လှသားပဲ၊ ယောပုဆိုးအဆင်ပဲနော်၊မဲတိုင်ပြီး အပြာနဲ့ဖောက်ထားတယ်'

'ဟုတ်တယ် ကိုအောင်၊ ဒီပုဆိုးဆင်မှာ မဲချည်နဲ့အပြာရောင်ချည်နှစ်မျိုးပဲပါတယ်၊ ဒီချည်နှစ်မျှင်ဟာပုဆိုးထည်ပေါ်မှာ တစ်သားတည်းဖြစ်ပြီး အမြဲတမ်းအတူယှဉ်တွဲနေကြတော့မယ်၊ နှင်းရီနဲ့ ကိုအောင်တို့လည်း ဒီချည်နှစ်မျှင်လိုပဲ ထာဝရအတူတွဲနေရပါစေလို့ ရည်စူးပြီးခတ်နေတာ'

နှင်းရီ၏အသံသည် နွေဦးကိုတန်ဆာဆင်လျက်ရှိသော ဥဩငှက်မလေး၏အသံသဖွယ် သာယာနွဲ့ချွဲလျက်ရှိ၏။

'ပြီးတော့လည်းလေ ဒီတစ်ခါရက်ကန်းတန်းမှာ နှင်းရီအပင်ပမ်းခံပြီး သိပ်ကိုဂရုစိုက်ရတယ်။ ချည်တွေဆေးဆိုးရာမှာလည်း စွဲသထက်စွဲအောင်၊ အရောင် ခိုင်သထက်ခိုင်အောင်ဆိုးရတယ်၊ စင်ပေါ်ရောက်ပြန်တော့လည်း ချည်ကျော်မပါအောင် အပင်မများအောင် သတိထားလိုက်ရတာအမောပဲ၊အဲဒါဘာကြောင့်လဲ သိလား'

'ဆိုစမ်းပါဦး နှင်းရီ'

'ဒီပုဆိုးက နှင်းရီမြတ်နိုးတဲ့ကိုအောင့်ကိုပေးဖို့ရယ်လို့ ရည်စူးထားတာမို့ပေါ့ ကိုအောင်ရဲ့'

သင်းအောင်က ချည်ထည်ရေဖတ်တိုက်ရန်ထားသော အင်တုံထဲမှရေကိုယူ၍ နှင်းရီအား လက်ဖြင့်တောက်လိုက်၏။ နုညက်သောပါးပြင်ဝယ်ရေစက်ငယ်များက ပုလဲသဖွယ်တွဲခိုနေကြ၏။ နှင်းရီကခေါင်းငဲ့ရှောင်တိမ်းရင်း ပြုံးရယ်နေလေသည်။

(၉)

'ဆန်တစ်ပြည်လောက်တော့ချေးပါဦးအရီးဟန်၊ ဒီနေ့မနက်စာကိုချက်စရာမရှိတော့လို့ပါ'

'ဟဲ့ မိဆင့်၊ အခုအချိန်ထိတောင် မနက်စာ မချက်ရသေးဘူးလား၊နေကြီးမြင့်လှပြီ၊ကလေးတွေဆာရောပေါ့ဟယ်၊ စောစောကလာခဲ့ရောပေါ့ကွယ်၊ အရီးဟန်မှျပေးမှာပေါ့'

ညှိုးငယ်သော မျက်နှာနှင့်အိမ်ထဲသို့ဝင်လာသည့် မဆင့်အားဒေါ်ငြိမ်းဟန်က ဆီးကြိုပြောသည်။ သင်းအောင်သည် ယမန်နှစ်ကသင်ခဲ့ရသော ဦးပုည၏ ရေသည်ပြဇာတ်စာအုပ်ကို ဖတ်နေရာမှ အိမ်ရှေ့ခန်းသို့ထွက်လာခဲ့၏။

'မောင်သင်းအောင်လည်း တို့အိမ်ဘက်မရောက်တာကြာပြီ၊ ကိုမြဒင်ကတော့ တစ်မေးတည်းမေးနေတယ်၊ မင်းစာမေးပွဲအောင်တယ် ကြားလို့လည်း သူ့ဖြင့်ဝမ်းသာနေလိုက်တာ၊ မနေ့က မင်း ကျွဲဇင်းကိုသွားသေးတယ်ဆို'

'ဟုတ်တယ်မဆင့်ရဲ့၊ လာမယ့်အင်္ဂါနေ့မှာ အဖေ့ကိုရည်စူးပြီး ဆွမ်းကျွေးဖို့ ကျွဲဇင်းက ဆွေမျိုးတွေဆီကိုငွေနည်းနည်းသွားလှည့်တာ၊မရခဲ့ပါဘူး၊ ဒါနဲ့ အဲဒီကအပြန်မှာ အင်ကြင်းမြိုင်ကိုဆက်သွားရသေးတယ်'

'အင်း... မကြာသေးဘူးလိုလိုနဲ့ ကိုအောင်သော်ဆုံးခဲ့တာဟာ လာမယ့်အင်္ဂါနေ့ဆိုရင် သုံးနှစ်ပြည့်ပြီပေါ့'

ဒေါ်ငြိမ်းဟန်သည် ကွယ်လွန်သူ ခင်ပွန်းသည်ကို သတိရလွမ်းဆွတ်ဟန်ဖြင့်ပြောသည်။

'ကျွဲဇင်းသွားတာများ တစ်ယောက်တည်းသွားသလား ငါ့မောင်ရယ်၊ အဲဒီဘက်က တို့ရွာလောက်တောင် အေးချမ်းတာမဟုတ်ဘူး၊ နင့်အစ်ကိုမြဒင်ကို အဖော်ခေါ်သွားရောပေါ့'

'အစ်ကိုမြဒင်က အလုပ်များနေမယ်ထင်လို့ပါ မဆင့်ရာ၊ မဆင့်ပြောတာမဆိုးလှဘူးအမေ၊ ကျွန်တော်ကျွဲဇင်းရောက်တော့ စိုးမောင်တို့အဖွဲ့ကိုတွေ့ခဲ့သေးတယ်၊ ခုတလော ဒီကောင်တွေ တော်တော်ကိုခြေရှုပ်နေတယ်'

'ကိုယ်နဲ့မဆိုင်တဲ့စကားကို မပြောပါနဲ့သားရယ်၊ ဖအေ့အတွက်လောင်တဲ့မီးတောင် မငြိမ်းသေးပါဘူး'

ဒေါ်ငြိမ်းဟန်က သင်းအောင်အား စကားအများမပါစေရန် ဟန့်တား၏။မဆင့်သည် ဆန်တစ်ပြည်ကိုတောင်းငယ်တွင်ထည့်ယူပြီးပြန်၏။ သင်းအောင်က စည်းရိုးတံခါးအထိလိုက်ပို့သည်။

'နှင်းရီနဲ့ရောတွေ့သေးလားမဆင့်'

'မင်းနှင်းရီအကြောင်းတော့ မပြောစမ်းပါနဲ့ကွယ်၊ ဒီကောင်မက တို့ကို အဖက်လုပ်တာမဟုတ်ပါဘူး'

'ဘာလဲ... ကိုကျော်ခင်တို့အလှူတုန်းက ဆွဲကြိုးငှားမရတာနဲ့မဆင့်စိတ်ကောက်နေပြီထင်တယ်၊ သူက အပျိုလေးမဟုတ်လား မဆင့်ရ၊ ပြီးတော့ ရွှေသင်္ကန်း ကိုင်ရဦးမှာဆိုတော့ သူလည်းဝတ်ချင်ရှာမှာပေါ့၊ ဒါတော့ မဆင့် စိတ်မဆိုးသင့်ဘူးထင်တယ်'

ရွာလယ်လမ်းကြားဘေးမှ မန်ကျည်းပင်ရိပ်တွင် ကလေးအချို့သည် ပြေးလွှားကစားနေကြ၏။

'အမယ်လေး စိတ်မဆိုးဝံ့ပါဘူးတဲ့တော်၊ စိတ်မဆိုးဝံ့ပါဘူးတဲ့၊ဒါနဲ့ငါ့မောင်ကိုလည်း တစ်ခုသတိပေးရဦးမယ်'

'ဘာများလဲ မဆင့်'

'မင်းကောင်မ အခုတလော မူပျက်သနော်၊သတိထား'

'ဘယ်လိုဗျ'

'မင်းကတော့ စပါးကြီးညို့ခံထားရတဲ့ ယုန်ဆိုတော့ ဘယ်သိမလဲ ကွဲ့၊ အခုရောက်နေတဲ့ကျောင်းဆရာလေးနဲ့မင်းကောင်မ တတွဲတွဲလုပ်နေတာကို တစ်ရွာလုံးမြင်နေကြတာပဲ၊ ကောင်မကိုက နန့်တန့်တန့်နဲ့'

'ကိုကျော်စိန်ဝင်းနဲ့ ပြောတာလား'

'ကျော်ဝင်းစိန်လား၊ စိန်အောင်မင်းလားတော့ မသိဘူးမောင်ရေ့၊ အဲဒီဆရာကလည်း နှင်းရီတို့အိမ်ကပြန်တယ်ကိုမရှိဘူး'

မဆင့်ကမဲ့ရွဲ့၍ပြော၏။

'ဒါတော့ ကိုကျော်စိန်ဝင်းက နှင်းရီတို့အိမ်မှာ ထမင်းစားတာကို အိမ်ရှင်ဆိုတာ ဧည့်သည်ကိုပြုစုရမယ့် ဝတ္တရားရှိတယ် မဆင့်ရဲ့'

'အေးပါတော် ဧည့်ဝတ်ဧည့်ဝတ်နဲ့တော်ကြာနေမှ ကွမ်းအစ်ထဲက ထုံးဘူးနိုက်ယူသွားတယ်သာ မကြားပါရစေနဲ့'

စည်းရုံးခြံတိုင်ကိုကိုင်၍ ကျန်ရစ်သောသင်းအောင်သည် စိတ်အနည်းငယ်ရှုပ်ထွေးသွား၏။ အနှောင့်အသွားမလွတ်သော မဆင့်စကားကြောင့် အနည်းငယ်စိတ်မကောင်းဖြစ်မိသည်။

'သားရေလာ... လာ... အိမ်ထဲဝင်ခဲ့၊ သေနတ်သံတွေကြားတယ်'

အဝေးဆီမှ သေနတ်ပစ်သံများကို အဆက်မပြတ် ကြားနေရ၏။ ဒေါ်ငြိမ်းဟန်သည် သင်းအောင်အားလူမမည် ကလေးငယ်သဖွယ် စိုးရိမ်တကြီးခေါ်နေသည်။ သင်းအောင် သည် အိမ်ထဲပြေးဝင်သွား၏။

'ကျွဲဖင်းဘက်ကပဲ အမေ၊ တိုက်ပွဲများဖြစ်နေကြသလားပဲ'

'မတ်တပ်ကြီး မနေစမ်းပါနဲ့ ကွယ်၊ ဒီဆန်အိတ် နံဘေးမှာ ဝပ်နေစမ်းပါ'

'အဝေးကြီးကပါ အမေရဲ့၊ မစိုးရိမ်ပါနဲ့'

သေနတ်သံများ ပို၍ဆူညံလာသည်။

သင်းအောင်၏နားထဲတွင်မူ မဆင့်ပြောသွားသော စကားလုံးတို့သည် သေနတ်သံထက်ပင် ပိုမိုကျယ်လောင်စွာပဲ့တင်ထပ်နေကြ၏။ ရင်ထဲမှာ တအုံနွေးနွေးပင်ဖြစ်နေသည်။

စကားပြောလျှင် ပြုံးစစနှင့်ပြောတတ်သော ပညာတတ်လူရည်သန့်ကလေး ကိုကျော်စိန်ဝင်း၊ သဘောနုနယ်သော မိန်းမသားဖြစ်သည့် အရိုးခံမကလေး နှင်းရီ။

မဆင့်ပြောသွားသော စကားသည် ရိုင်းတော့မရိုင်း။

သို့သော် ယဉ်လည်းမယဉ်ပါချေတကား။

(၁၀)

သင်းအောင်သည် ရွာမြောက်ဘက်လမ်းကြားအတိုင်း လျှောက်လာခဲ့၏။ လမ်းဘေးတစ်ဖက်တစ်ချက်၌ ဆူးချုံထူထပ်စွာပေါက်နေသည်။ မိုးဥတုပင်ဖြစ်သော်လည်း သစ်ပင်ကြီးများကားနေပူရှိကြောင့် အရွက်များညှိုးဖျော့လျက်ရှိကြ၏။ ညှိုးနွမ်းသောမျက်နှာ၊ညစ်ထေးသော အဝတ်အစားတို့ဖြင့် လယ်တောတစ်ခုဝယ် နွားနှင့်အတူရုန်းနေကြသော မိမိတို့ရွာသားများအကြောင်းကို စဉ်းစားလာမိ၏။ အေးငြိမ်းဟုသမုတ်ခေါ်ဝေါ်သော်လည်း မိမိတို့ရွာကား အေးငြိမ်းသာယာခြင်းမရှိပေ။ သေနတ်သံများ၊ရိုက်နှက်ကြိမ်းဝါးသံများဖြင့် ပူလောင်လျက်ရှိသော ရွာတစ်ရွာသာဖြစ်၏။ ရွာသားတို့၏ ဝမ်းမီးကလည်း အေးမြငြိမ်းချမ်းခြင်းမရှိ။ စပါးစိုက်နေပါလျက် ဝမ်းစာလုံလောက်အောင် မထားနိုင်ကြသော ကိုမြဒင်လို လယ်သမားတွေအများကြီးရှိသေးသည်။ မိုးဦးကောင်းသည်မှန်စေ၊ သမန်းညက်သည်မှန်စေ ပေါင်းမြက်ရှုပ်ထွေးသောလယ်ပြင်၌ အဘယ်သို့သောစပါးကောက်ပင်တို့သည် ဖွံ့ထွားရှင်သန်နိုင်ပါအံ့နည်း။ ရွာနှင့်တော်တော်အလှမ်းဝေးလာသည်။ ကိုမြဒင်တို့ခြံအနီးသို့ရောက်လာ၏။ သင်းအောင် အံ့အားသင့်သွားသည်။ မိမိမျက်စိကိုပင် မိမိမယုံနိုင်အောင်ဖြစ်မိသည်။

ရွာမြောက်ဘက်တောတန်းအနီးရှိ သင်္ချိုင်းကုန်းသို့မရောက်မီတွင် ဥယျာဉ်ခြံနှစ်ခု ယှဉ်လျက်ရှိခဲ့သည်။ တစ်ဖက်တွင်ကျယ်ဝန်းသော သူကြီးဦးပေါလူ၏ဥယျာဉ်ခြံကြီးရှိသည်။ လမ်းအနီးဒီဘက်တွင်ကား တစ်ကေခွဲခန့်သာကျယ်သော ကိုမြဒင်တို့ ဥယျာဉ်ခြံငယ်ရှိသည်။ ဥယျာဉ်နှစ်ခုစလုံးသည် အုန်းပင်၊ သရက်ပင်၊ မာလကာပင်တို့ဖြင့် ဝေမြိုင်သောဥယျာဉ်ခြံများဖြစ်ကြ၏။ ခြံနှစ်ခုကိုဆူးစည်းရိုးဖြင့် အလယ်မှခြားကန့်ထား၏။ ယခုကား အလယ်မှစည်းရိုးဟောင်းသည်မရှိတော့။ သူကြီးဦးပေါလူက ဖျက်ပစ်လိုက်ဟန်ရှိသည်။ စည်းရိုးအသစ်ကား ကိုမြဒင်၏ မူလခြံမြေတစ်ဝက်ခန့်ကို ကျူးကျော်၍မားမားကြီးရံတားထား၏။ သရက်ပင်၊ မာလကာပင်၊အုန်းပင်နှင့် ပိန္နဲပင်ပေါင်းများစွာတို့သည် ဦးပေါလူ၏ခြံဘက်သို့ရောက်သွားကြ၏။ မျက်စိထဲတွင် တစ်မျိုးကြီးဖြစ်နေသည်။ ကျယ်ဝန်းသော ဦးပေါလူ၏ခြံကြီးသည် ပို၍ကျယ်ဝန်းသွား၏။ ကျဉ်းမြောင်းသော ကိုမြဒင်၏ခြံငယ်ကား ဧရိယာတစ်ဝက်ခန့်ကို ဖဲ့ပေးလိုက်ရသဖြင့်အနံကျဉ်း၍ အလျားရှည်သော ကျောက်ကာဗျက်ကလေးသဖွယ်ရှိ၏။ စည်းရိုးသစ်နှင့် ကိုမြဒင်ခြံသည် ပင်လယ်ကြီးအနီး၌ ရှိသေစွာဝပ်စင်းလျက်ရှိသော ရေအိုင်ငယ်သဖွယ်ငြိမ်သက်လျက်ရှိ၏။ သူကြီး ဦးပေါလူသည် အဘယ်သို့သောသဘောဖြင့် အစ်ကိုမြဒင်၏ခြံမြေကို ချဲ့ထွင်ယူလိုက်ပါလိမ့်။

သင်းအောင်သည် သုသာန်ဘက်သို့ ဆက်၍လျှောက်လာခဲ့၏။ သုသာန်မြေတွင်ကား ညောင်ရွက်လေခတ်သံမှတစ်ပါး ဆိတ်ငြိမ်နေသည်။

သုသာန်၏အစွန်းနေရာတွင် တောင်ပူစာယ်တစ်ခုရှိ၏။ တောင်ပူစာယ်၌ ငုရွှေဝါတစ်ပင်သည် ခပ်နွဲ့နွဲ့ပေါက်လျက်ရှိ၏။ ထိုငုရွှေဝါပင်၏အောက်တွင် သင်းအောင်၏ဖခင် ဦးအောင်သော်၏ အုတ်ဂူရှိသည်။ သင်းအောင်သည် ဖခင်၏ဂူရှေ့တွင်ထိုင်ပြီးရှိခိုး၏။ လေတေ့လိုက်တိုင်း ငုရွှေဝါပင်သည် ကိုယ်ကိုကိုင်းညွှန်လျက် မိမိ၏အရွက်အဖျားတို့ဖြင့် အုတ်ဂူကိုယုယစွာပွတ်သပ်ပေးသည်။

အပြန်တွင်မှ သင်းအောင်သည် မိမိတို့လယ်တောဘက်သို့ လျှောက်လာခဲ့၏။ လယ်ကြားကတွတ်ပေါက်များတွင် ရေဝင်ရေထွက်စစ်ဆေး၏။ အမှိုက်ပိတ်ဆို့နေလျှင် ဖယ်ပစ်၏။ ရေပြည့်သော လယ်ကွက်တို့မှ ကတွတ်ပေါက်များကို မြေကြီးခဲချ၍ပိတ်၏။ ထိုအခိုက်တွင် အညာမိုးသည် မဆင်ဘဲရွာချလိုက်၏။ သင်းအောင်၏ တစ်ကိုယ်လုံးစိုရွှဲသွားသည်။

ကန်သင်းခုံပေါ်မှ မာလကာပင်အောက်သို့ ခေတ္တဝင်၍မိုးခို၏။ မိုးရေစက်တို့သည် မာလကာရွက်ပေါ်မှ တဖြောက်ဖြောက် လျှောဆင်းနေကြသည်။ ခေါင်းပေါ်သို့ ပေါက်ယိုကျလာသော မိုးရေစက်ကိုမော့ကြည့်ရင်း မှည့်ဝင်းသော မာလကာသီးချောချောကြီးများကိုမြင်ရ၏။ သည်အပင်ကား အူဖြူမျိုးဖြစ်၏။ မှည့်သောအသီးတို့သည် ချိုမြိန်နည့်လှ၏။ စိမ်းရွှမ်းသောအသီးတို့ကလည်း ကြွပ်ရွပြီးအရသာရှိလှသည်။ ထူးမြတ်သော အစားအစာကို မြင်လျှင် မိမိကိုယ်တိုင်စားရဖို့ထက် မိမိချစ်သူကို အရင်သတိရမိကြသည်မှာ ဓမ္မတာပေတည်း။

နှင်းရီကိုသတိရသည်။ နှင်းရီကိုစားစေချင်သည်။ သင်းအောင်သည် မာလကာပင်ပေါ်သို့ ပေါ့ပါးစွာတက်လိုက်၏။ ကောင်းနိုးရာရာ မာလကာသီးတို့ကို ရွေးချယ်၍ခူးသည်။ လွယ်အိတ်ထဲမှ လောက်စာလုံးတို့ကို မြေပေါ်သို့သွန်ချလိုက်၍ မာလကာသီးများဖြည့်ထည့်၏။

ရွာပေါက်သို့ရောက်လျှင်ပင် မိုးစဲသည်။ သင်းအောင်သည် မာလကာသီးများပြည့်သော လွယ်အိတ်ကို လွယ်လျက် ရွှင်မြူးသောစိတ်ဖြင့် နှင်းရီတို့ အိမ်ဝင်းထဲသို့ဝင်ခဲ့၏။ နှင်းရီတို့အိမ်မှပြန်လာသည့် ကိုကျော်စိန်ဝင်းနှင့်ဆုံတွေ့သည်။ ကိုကျော်စိန်ဝင်းက သင်းအောင်အား ပျူငှာစွာနှုတ်ဆက်၏။ သင်းအောင်ကလည်း ပြန်၍ပြုံးပြရသည်။ သင်းအောင်သည် ကိုကျော်စိန်ဝင်း ဝတ်ဆင်လာသည့်ပုဆိုးကို စူးစိုက်ကြည့်လိုက်မိ၏။ မဲချည်နှင့်အပြာရောင်ချည်မျှင်နှစ်မျိုးတို့ တစ်သားတည်း ယှဉ်တွဲနေကြသောအဆင်။ ကိုကျော်စိန်ဝင်း ဝတ်လာသောပုဆိုးသစ်ကား မိမိအတွက်ပင်ပန်းကြီးစွာ ရက်လုပ်နေရပါသည်ဟု နှင်းရီပြောခဲ့သော ယောပုဆိုးပါတကား။

သင်းအောင်သည် နှင်းရီတို့အိမ်ရှေ့မှ ဝဲထဲသို့ဝင်လာခဲ့၏။ နှင်းရီသည် အဝတ်ညစ်တွေတစ်ပုံကြီးကို ဇလုံတစ်ခုထဲတွင် စုထည့်နေရာမှမော့ကြည့်၏။

'ဟင်... ကိုအောင်၊တစ်ကိုယ်လုံးလည်း မိုးရေတွေ စိုရွှဲလို့ပါလား၊ အဝတ်လဲလိုက်ပါလား ကိုအောင်'

'နေပါစေ နှင်းရီ၊ အဒေါ်တို့လည်းမမြင်ပါလား'

'လယ်ထဲကိုသွားကြရတယ်လေ ကိုအောင်ရဲ့'

'ဒါဖြင့် စောစောတုန်းကအိမ်မှာ နှင်းရီတစ်ယောက်တည်းပေါ့'

'နှင်းရီလည်း အခုမှအိမ်ပြန်ရောက်တာပါ၊ ရွာဦးကျောင်းကို ဘုရားပန်းလဲဖို့သွားရင်းနဲ့ ဆရာနေတဲ့အခန်းကိုဝင်ကြည့်မိတယ်၊ သူ့ခမျာ သနားစရာပါ ကိုအောင်ရယ်၊ လျှော်ဖွပ်ပေးမယ့်လူမရှိတော့ အဝတ်ညစ်တွေ ဗရပွနဲ့၊ အမြင်မတော်တာနဲ့နှင်းရီယူလာခဲ့ရတယ်'

'သူ့ခမျာတဲ့လား နှင်းရီရယ်၊ သနားစရာတဲ့လား၊ ပြီးတော့ သူစိမ်းယောကျ်ားလေးတစ်ယောက်နေတဲ့အခန်းထဲကိုရော နှင်းရီတစ်ယောက်တည်းဝင်ရသတဲ့လား'

သင်းအောင်၏ စကားကြောင့် နှင်းရီ၏မျက်လုံးလေးများ ဝိုင်းသွား၏။ 'ဒါတော့ကိုအောင်ရယ်... ဆရာက ဒီရွာကို ဆွေမရှိမျိုးမရှိလာနေရတဲ့ ညှို့သည်မဟုတ်လား၊ဒါကြောင့် ကရုဏာသက်မိတာပါ။ပြီးတော့ ဆရာ့အခန်းထဲကိုနှင်းရီဝင်တော့လည်း မောင်လေးရွှေဘော်ပါ ပါတယ်'

သင်းအောင်က ဘာမျှပြန်မပြောတော့ဘဲ ခုံရှည်တစ်ခုပေါ်တွင် ဝင်၍ထိုင်လိုက်၏။ သင်းအောင်ရှေ့ရှိ စားပွဲပေါ်မှ ပန်းကန်ပြားထဲတွင် စိမ်းညို့ရောင် သစ်တော်သီးအလုံးချောချောကြီးများကို မြင်တွေ့ရသည်။

'သစ်တော်သီးစားမလား ကိုအောင်...နှင်းရီခွာနဲ့စိတ်ပေးမယ်လေ၊ ဆရာလာပေးသွားတာ ကိုအောင်ရဲ့'

ကိုကျော်စိန်ဝင်းကား အရာရာတွင် မိမိထက်အလျှင် ဦးလျက်ရှိပါတကား။

'အလုံးချောသလောက် ချိုလည်းချိုပါတယ်... စားမယ်နော် ကိုအောင်'

'နေပါစေ နှင်းရီ... ကိုအောင်သစ်တော်သီးမကြိုက်ပါဘူး'

သင်းအောင်က ငြင်း၏။ မိမိလွယ်လာသော လွယ်အိတ်မှပန်းပွားလေးများကို ရည်ရွယ်ချက်မရှိဘဲလက်ဖြင့်တောက်နေမိသည်။

'ဩော်... ကိုအောင့်ကို တစ်ခုပြရဦးမယ်၊ ခဏလေးနော်'

နှင်းရီက သွက်လက်စွာနှင့် အိမ်အတွင်းသို့ဝင်သွား၏။ ထို့နောက် သေသပ်စွာခေါက်ထားသော ယောပုဆိုးတစ်ကွင်းကိုယူပြီးထွက်လာသည်။

'ဒါ ကိုအောင့်ဖို့ ရက်ထားတဲ့ ပုဆိုးလေးလေ မလှဘူးလားဟင်၊ ဒီမှာကြည့်ပါဦး ကိုအောင်ရဲ့၊ တကတဲ မျက်နှာကြီးက ဟိုဘက်လှည့်ထားလိုက်တာ'

နှင်းရီက ပုဆိုးခေါက်ကို ရင်မှာကပ်၍ပြ၏။ သင်းအောင်က ပုဆိုးကိုမကြည့်၊ နှင်းရီ၏ မျက်နှာကိုသာ စိမ်းစိမ်းကြည့်နေသည်။

'ရော့လေ… ကိုအောင် အင်ကြင်းမြိုင်ဘုရားပွဲကျရင် ဒီပုဆိုးကိုဝတ်ခဲ့ရမယ်နော်'

သင်းအောင်သည် ထိုင်ရာမှထ၏။ ထို့နောက် ပြန်တော့မည့်ဟန်ပြင်သည်။ သင်းအောင်၏မျက်နှာက တည်ငြိမ်ရင့်ရော်နေသည်။

'ကိုအောင်မယူချင်ပါဘူး… နှင်းရီ၊ နှင်းရီပေးတဲ့ပုဆိုးက ကိုအောင်နဲ့လည်းမထိုက်ပါဘူး'

'ဘယ်လိုပြောလိုက်တာလဲ ကိုအောင်ရယ် … နှင်းရီနားမလည်နိုင်ပါလား'

သင်းအောင်က ဝဲအပြင်ဘက်သို့ ထွက်လာခဲ့၏။ နှင်းရီက သင်းအောင်အား လက်ဖြင့်ဆွဲ၍တားသည်။

'နေပါဦး ကိုအောင်ရယ်… ကိုအောင်ဘယ်လိုဖြစ်နေတယ်ဆိုတာ နှင်းရီကိုလည်း ပြောပြပါဦးလား… ကိုအောင်ပြောမှသိရမယ့်သူပါ'

သင်းအောင်က နှင်းရီလက်ထဲမှ ရုန်းထွက်၏။ သင်းအောင်၏ပခုံးထက်မှ လွယ်အိတ်သည် နှင်းရီ၏လက်ကြောင့် လျောထွက်လျက်မြေသို့ ပြုတ်ကျသွား၏။ လွယ်အိတ်ထဲမှ မာလကာသီးတို့သည် နှင်းရီ၏ခြေရင်းသို့ ကစဥ့်ကလျားလိမ့်ထွက်လာကြ၏။ မြေပြင်ပေါ်မှ မာလကာသီးတို့သည် ညှိုးငယ်သောအသွင်ဖြင့် သင်းအောင်အားမော့ကြည့်နေကြသည်။ နှင်းရီသည်ပြန့်ကျဲနေသော မာလကာသီးတို့ကို အံ့သြစွာဖြင့်ငုံ့ကြည့်သည်။

'ဟင် မာလကာသီးတွေ'

'ကိုအောင်ပြန်မယ် နှင်းရီ'

လေဝှေ့လိုက်သဖြင့် သစ်ကိုင်းများလှုပ်ရှားသွားကာ မန်ကျည်းပင်ပေါ်တွင် တင်ကျန်နေခဲ့သော မိုးရေစက်တို့သည် သင်းအောင်၏ကိုယ်ပေါ်သို့ ကျဆင်းလာကြ၏။ မိုးစဲပြီဖြစ်သော်လည်း ကောင်းကင်ပြင်သည်ကား တိမ်ညိုတိမ်ခိုးတို့ဖြင့် အုံ့ဆိုင်းကာ သုန်မှုန်ရီဝေလျက်ပင် ရှိနေလေသည်။



ဆက်လက်ဖော်ပြပေးပါဦးမည်

စာမျက်နှာ–၂၇ မှအဆက်

အချုပ်အားဖြင့် ပလတ်စတစ်ထုတ်ကုန်များအား ဆက်လက်ထုတ်လုပ် အသုံးပြုနေသည်နှင့်အမျှ ပလတ်စတစ် စွန့်ပစ်ပစ္စည်းပမာဏမှာ ဆက်လက်တိုးနေမည်ဖြစ်ပြီး ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ခြင်းမရှိသေးပါက ပလတ်စတစ်နှင့်ပတ်သက်သည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများလည်း ဆက်လက်ရင်ဆိုင် ကြုံတွေ့နေရမည်ဖြစ်ပါသည်။ အဆိုပါကိစ္စသည် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့် ပုဂ္ဂလိကကဏ္ဍတို့ လက်တွဲပူးပေါင်းပါဝင် ဆောင်ရွက်မှုဖြင့်သာလျှင် ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်သူလူထုအနေဖြင့် မိမိတို့အသိစိတ်ဓာတ်ဖြင့် ပလတ်စတစ်ပစ္စည်းများအားသုံးစွဲရန် ငြင်းဆန်ခြင်း(Refuse)၊ လျှော့သုံးခြင်း(Reduce)၊ ပြန်လည်အသုံးပြုခြင်း(Reuse)၊ မိမိတို့သုံးစွဲသည့် ပလတ်စတစ်အပါအဝင် စွန့်ပစ်ပစ္စည်းများအား စနစ်တကျ သတ်မှတ်ထားသည့်နေရာတွင် သတ်မှတ်ထားသည့်အတိုင်းစွန့်ပစ်ခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း(Recycle)နှင့် ပြန်လည်ပြုပြင် ထုတ်လုပ်အသုံးပြုမည့်နေရာများသို့ ပြန်လည်ပို့ဆောင်ခြင်း(Return)တို့ကိုဆောင်ရွက်ခြင်းဖြင့် ကမ္ဘာမြေအား သန့်ရှင်းသာယာလှပအောင် ကူညီနိုင်ပြီး ပလတ်စတစ်ညစ်ညမ်းမှုပြဿနာအား တစ်ထောင့်တစ်နေရာမှ ကာကွယ်တားဆီးနိုင်မည်မှာ မလွဲကေန်ပင် ဖြစ်ပါသည်။

**ထို့ကြောင့် ဤဆောင်းပါးဖြင့် ကျွန်ုပ်တို့ကမ္ဘာမြေအား ပလတ်စတစ်ညစ်ညမ်းမှု အန္တရာယ်မှကာကွယ်ဖို့ ပလတ်စတစ်အသုံးပြုမှုကို လျှော့ချကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။**

**ကိုးကားချက်များ**

-https://www.unenvironment.org/interactive/beat-plastic-pollution/? fbclid=IwAR03iS1DWxNK2TWCE1JliJUWLc_FK-alukvCZrZ1a9 Vkky74WVXa- BJilUw

-https://en.wikipedia.org/wiki/Plastic

-https://www.unenvironment.org/news-and-stories/press-release/research-highlights-true-impacts-plastics-our-planet-ecosystems

-https://ourworldindata.org/plastic-pollution?fbclid=IwAR0pPc C2z0ab1ei1iWBwG7sD ARe9JbL8yjam_CS0DpvQFRKsUyWgLMeo8Es

-https://www.qualitylogoproducts.com/promo-university/different-types-of-plastic.htm

-https://www.slideshare.net/ biotechvictor1950/plastic-impacts-on-the-natural-environment? fbclid=Iw AR3u HqrbR6u102fZsdQ UUutzu1h0aJKs DOCO Eb FTDGk1JZD_q7cVHmtiYjU

## ကမ္ဘာ့ရေဝပ်ဒေသများနေ့တွင်
# မြန်မာနိုင်ငံမှ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား ငှက်ပျံသန်းရာလမ်းကြောင်းကွန်ရက်နယ်မြေအဖြစ်သတ်မှတ်ခြင်း

မောင်သဘာဝ
(ဝန်းကျင်/သားငှက်ဌာန)

၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင်ကျရောက်သည့် ကမ္ဘာ့ရေဝပ်ဒေသများနေ့၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား အရှေ့အာရှ–ဩစတြေးလျ အာရှ ရွှေ့ပြောင်းကျက်စားသည့် ငှက်ပျံသန်းရာလမ်းကြောင်း ကွန်ရက်နယ်မြေ–EAAF (အီးအေအေ အက်ဖ်အမှတ်၊ ၁၄၇)အဖြစ် သတ်မှတ်ကြောင်း ကြေညာလိုက်သည့်အတွက် အင်းလေးကန်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည် မြန်မာနိုင်ငံ၏ ဆဋ္ဌမမြောက် အရှေ့ အာရှ–ဩစတြေးလျအာရှ ရွှေ့ပြောင်းကျက်စားသည့် ငှက်ပျံသန်းရာလမ်းကြောင်း ကွန်ရက်နယ်မြေဖြစ်လာပါသည်။

''ဂေဟာစနစ်ဝန်ဆောင်မှု အမျိုးမျိုးပေးစွမ်းလျက်ရှိပြီး ဘေးမဲ့တောအနီးရှိ ဒေသခံလူဦးရေ ၂ သိန်းကျော်အား အစားအစာနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ပံ့ပိုးပေးရာနေရာတစ်ခုဖြစ်သည့် အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား မြန်မာနိုင်ငံ၏ ဆဋ္ဌမမြောက် အရှေ့အာရှ–ဩစတြေးလျအာရှ ငှက်ပျံသန်းရာလမ်းကြောင်းအဖြစ် သတ်မှတ်လိုက်သည်ကို အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါသည်။ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား ယခုကဲ့သို့ အသိအမှတ်ပြုထိန်းသိမ်းခြင်းသည် ရေပျော်ငှက်များ ရေရှည်ထိန်းသိမ်းခြင်းကို သာမကရေဝပ်ဒေသများ အကျိုးရှိစွာ အသုံးချခြင်းကိုလည်း အထောက်အကူပြုစေနိုင်မည်ဖြစ်ပါသည်။ ယခုလို အသိအမှတ်ပြုခြင်းအောက်တွင် အစိုးရအနေဖြင့် ဆက်စပ်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကွန်ရက်နယ်မြေဆိုင်ရာလုပ်ငန်းစဉ်များအား အကောင်


အင်းသားတို့၏ ရိုးရာနည်းဖြင့်ငါးဖမ်းပုံ


ရေပျော်ငှက်များ


ခရုစုပ်ငှက်များ


ကြိုးကြာခေါင်းနီ


ဘဲပို့ချပ်ခေါင်းစိမ်း

အထည်ဖော်မှု မြှင့်တင်သွားမည်ဖြစ်သည့်အပြင် နိုင်ငံအတွင်းသဘာဝထိန်းသိမ်းရေးနယ်မြေများ ကွန်ရက်ဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် ကွန်ရက်နယ်မြေအသစ်များ ထပ်မံ၍ သတ်မှတ်သွားမည်ဖြစ်သည်''ဟု ဒေါက်တာညီညီကျော် (ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ)က ပြောကြားပါသည်။

ငှက်ပျံသန်းရာလမ်းကြောင်းအဖြစ် သတ်မှတ်ခြင်းသည် အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ရေပျော်ငှက်များ၊ ဒေသခံများ၏ အကျိုးစီးပွားတို့အတွက် ရေရှည်တည်တံ့သော အုပ်ချုပ်လုပ်ကိုင်မှု၏ အစမျှသာ ဖြစ်ပါသည်။ အရှေ့အာရှ–ဩစတြေးလျအာရှ ရွှေ့ပြောင်းကျက်စားသည့် ငှက်ပျံသန်းရာ လမ်းကြောင်းပူးပေါင်းဆောင်ရွက်မှု (East-Asian Australasian Flyway Partnership-EAAFP) ကွန်ရက်အကြား စောင့်ကြည့်လေ့လာခြင်း၊ အသိပညာပေးခြင်း၊ သိမြင်နိုးကြားမှုမြှင့်တင်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် သတင်းအချက်အလက်များမျှဝေခြင်း စသည်လုပ်ငန်းစဉ်တို့အား စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်အရေးကြီးလှပါသည်။ EAAFP အနေဖြင့် ငှက်ပျံသန်းရာလမ်းကြောင်းရှိ ရေဝပ်ဒေသများကို ထိန်းသိမ်းကာကွယ်နိုင်ရေး မြန်မာနိုင်ငံအစိုးရနှင့် အတူ ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိနေပါသည်ဟုမစ္စတာဒေါက်ဝက်ကင်း (အမှုဆောင် အရာရှိချုပ်၊ EAAFP)က ဆိုသည်။

အင်းလေးကန်သည် မြန်မာနိုင်ငံအရှေ့ပိုင်း၊ ရှမ်းကုန်းပြင်မြင့်ပေါ်တွင်တည်ရှိသည့် ရေချိုကန်ဖြစ်ပြီး နိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်းတွင်းရေကန်ကြီးဖြစ်သည်။ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၏ စုစုပေါင်းဧရိယာသည် ၅၃၀၀၀ ဟတ်တာကျော် ကျယ်ဝန်း၍ အင်းလေးကန်၊ စကားအင်းနှင့် မိုးဗြဲဆည်တို့ ပါဝင်ပါသည်။ အပူပိုင်းသစ်တော၊ တောင်ပေါ်နှင့် သမပိုင်းအမြဲစိမ်း သစ်တောများစသဖြင့် သဘာဝတောနေရင်းဒေသအမျိုးအစား စုံလင်စွာ တွေ့ရှိရပြီး အင်းစပ်တစ်လျှောက် ရွှံ့နွံတော၊ မြေဆွေး၊ မြက်ခင်းပြင်၊ စိုက်ပျိုးမြေနှင့် အခြားအမျိုးအစားများကိုလည်းတွေ့ရှိနိုင်ပါသည်။

အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် အရှေ့အာရှ– ဩစတြေးလျအာရှ ရွှေ့ပြောင်းကျက်စားသည့် ငှက်ပျံသန်းရာလမ်းကြောင်းတစ်လျှောက် ဆောင်းခိုရေပျော်ငှက်မျိုးပေါင်း ၇၅ မျိုးကျော်၏ အကောင်ရေ ၂၀၀၀၀ ကျော်တို့အတွက်ရပ်နားရသည့် အရေးပါသည့် နားခိုရာနေရာတစ်ခုဖြစ်ပါသည်။ ၎င်းမျိုးစိတ်တို့အနက် ခြိမ်းခြောက်ခံ ဆောင်းခိုရေပျော်ငှက်များကို မှတ်တမ်းတင်ထားပြီးဖြစ်ပြီး ယင်းတို့မှာ ဘဲပို့ချပ်ခေါင်းစိမ်း (မျိုးသုဉ်းရန်လုံးဝအန္တရာယ်ကျရောက်နိုင်သောမျိုးစိတ်)နှင့် ကြိုးကြာခေါင်းနီ (မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နိုင်သောမျိုးစိတ်) တို့ဖြစ်ကြပါသည်။ ထို့အပြင် အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ငှက်ပျံသန်းရာလမ်းကြောင်းတွင် ပါဝင်သောမျိုးစိတ်များ၏ ကောင်ရေ ၁% ကျော်တွေ့ရှိရသည့် မျိုးစိတ်များမှာ ရေကြက်ဒုံ၊ တင်ကျီးကြီး၊ ခရုစုပ်အနက်၊ ဒေါင်းလန်းခြေထောက်၊ ခရုတုတ်နှင့်စင်ရော်ခေါင်းညိုတို့ ဖြစ်ကြပါသည်။

အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ဒေသမျိုးရင်းငါးများအတွက်အရေးပါပြီး အထူးသဖြင့် ငါးဖိန်း (Cyprinus intha) ၏ နေရင်းဒေသဖြစ်ပါသည်။ ငါးဖိန်းသည် အင်းသားတို့၏ လူမှုစီးပွားအတွက်သာမက ယဉ်ကျေးမှုအမှတ်အသားပြယုဂ်တစ်ခုဖြစ်ပါသည်။

အဖိုးတန်လှသော ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်များကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် ၁၉၈၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး၊ ၂၀၁၃ ခုနှစ်တွင်အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ်လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပထမဆုံးယူနက်စကို လူသားနှင့် ဇီဝအဝန်းနယ်မြေအဖြစ်လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် ရမ်ဆာဒေသအဖြစ်လည်းကောင်း သတ်မှတ်ခြင်းခံထားရပြီးဖြစ်ပါသည်။ Flyway Network Site အဖြစ် မြန်မာနိုင်ငံတွင် အင်းလေးကန် အပါအဝင် ၆ ခု (မိုးယွန်းကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မုတ္တမပင်လယ်ကွေ့၊ နံ့သာကျွန်းနှင့် မေယုကျွန်း၊ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော) ရှိပြီဖြစ်ပါသည်။

### ထပ်မံသိရှိလိုပါက-

ကမ္ဘာ့ရေဝပ်ဒေသများနေ့
https://www.worldwetlandsday.org/

EAAFP ပျံသန်းရာလမ်းကြောင်းကွန်ရက်
https://www.eaaflyway.net/about-us/the-flyway/flyway-site-network/

မြန်မာနိုင်ငံရှိ EAAFP ပျံသန်းရာလမ်းကြောင်းကွန်ရက်နယ်မြေများ
https://www.eaaflyway.net/myanmar/

**ကိုးကား**

https://www.eaaflyway.net/myanmar-designated-inlay-lake-as-fns-on-wwd2020/

## Ramsar Site အဖြစ် သတ်မှတ်ခံထားရသည့် မုတ္တမပင်လယ်ကွေ့၏ ဧရိယာအားတိုးချဲ့ခြင်း

**Subject:** Myanmar extends Gulf of Mottama
**From:** "Ramsar Exchange" <exchange@ramsar.org>
**To:** Permanent Mission of the Republic of the Union of Myanmar <mission@myanmargeneva.org>
**Date:** 07/02/2020 15:36:39

Myanmar has extended the boundaries of one of its five Wetlands of International Importance, the Gulf of Mottama, from 42,500 hectares to 161,030 ha. The Wetland (no. 2299 on the List of Wetlands of International Importance) is situated at the mouth of the Sittaung River. It now includes a much greater area of this unique estuarine mudflat environment.

The Gulf has a tidal range of between six and seven metres; the mouth, which is around 100 kilometres wide, narrows into a funnel-shaped bay to produce a powerful bore phenomenon that can reach heights of over a metre on spring tides in the upper estuary. As a result the tidal mudflats of the Gulf are among the largest in the world.

The Site supports a large number of species including marine fish, invertebrates and up to 150,000 migratory waterbirds in the non-breeding season. Among these waterbirds is the critically endangered spoon-billed sandpiper (*Eurynorhynchus pygmeus*), of which the Site perhaps hosts more than half of the remaining global population.

The Gulf of Mottama also supports the livelihoods of thousands of people by providing fish for local and regional consumption.

Ramsar
Secretariat of the Ramsar Convention on Wetlands
28 rue Mauverney, CH-1196 Gland, Switzerland
Tel. +41 22 999 0365; fax +41 22 999 0169
www.ramsar.org | Facebook | Twitter | Instagram







# မင်းစုံတောင်မှာ ၂ ပတ်တာ (၃)

ကိုငြိမ်း (တောင်သာ)



ယခင်လမှအဆက်

**လိပ်ဥသည့် မြင်ကွင်းများ**

ဆရာ့ကို ဦးမန်းကျော်ခေါ်နေတယ်…လိပ်မတွေ ဥ ကျင်းတူးနေတာလာကြည့်ပါတဲ့…

အော်…အေးအေး…အောင်ကျော်ငြိမ်း သွားလိုက်မယ်…။ ဖတ်နေသော စာရင်းစာအုပ်ကိုပိတ်လိုက်ပြီး လိပ်ခြံဘက်သို့လျှောက်ခဲ့သည်။

ကျွန်တော်သည် လက်ညှိုးလုံးအရွယ်ရှိသော မျှင်ဝါးတောင်ဝှေးလေးကိုကိုင်ရင်း လိပ်ခြံဘက်သို့လျှောက်ခဲ့သည်။ လိပ်ခြံအဝင်မှာ နေရောင်ဖြင့် ရွှေရောင်ဝင်းနေသော ကြေးပြားဆိုင်ဘုတ်ကိုတွေ့သည်။ ၂၀၀၈ ခုနှစ်က ဒီလိပ်ခြံကိုလှူဒါန်းခဲ့သော အဖွဲ့အစည်း TSA-EAZA Shellshock Champaign ၏ ကြေးပြာရောင်ကဗ္ဗည်းသည် ညနေ နေရောင်ခြည်အောက်တွင် အလင်းပြန်နေသည်။ ယင်းအဖွဲ့များသည် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (Wildlife Conservation Society, Myanmar Program)နှင့် ဆက်နွယ်အလုပ်လုပ်နေသော အမေရိကန်နိုင်ငံမှအဖွဲ့များပင်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန (Nature and Wildlife Conservation Division) ညွှန်ကြားရေးမှူး ဦးတင်ထွန်းလက်ထက်၊ လိပ်ခြံကိုအုပ်ချုပ်ရေးမှူးကိုမြင့်ဆွေက လိပ်ခြံဒီဇိုင်းဆွဲခဲ့ပြီးအုပ်ချုပ်ရေးမှူး ကိုမြလွင် အနီးကပ်ကြီးကြပ် အကောင်အထည်ဖော်ခဲ့တာဖြစ်သည်။ ကိုမြင့်ဆွေနှင့် ကိုခင်မောင်စိုးတို့လက်ထက်က ပေ ၅၀ ပတ်လည်ရှိသောလိပ်ခြံကို ဝါးကပ်၊ ကန္တာရဆူးကိုင်းများဖြင့် ကာရံမွေးမြူခဲ့ရတာဖြစ်သည်။ ထိုစဉ်က ညွှန်ကြားရေးမှူးမှာ ဦးခင်မောင်ဇော်ဖြစ်သည်။ သစ်တောဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (Wildlife Conservation Society)တို့ ဆောင်ရွက်နေသော မြန်မာ့ဌာနေဖွားလိပ်ထိန်းသိမ်းရေးလုပ်ငန်းများကို လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့(Turtle Survival Alliance) ပူးပေါင်းလာခြင်းကအရှိန်အဟုန်နှင့် ပိုမိုဆောင်ရွက်နိုင်ခဲ့ပြီ။

''ကြယ်လိပ်အစ၊ရွှေစက်တော်က''၊''စ.ဓ.ဗ.ဝ အစ၊ရွှေစက်တော်က''ဆိုရိုးရှိခဲ့သော်လည်း မင်းဘူး မကွေး ရောဝတီမြစ်ကူးတံတားမရှိသေးပါ။ တယ်လီဖုန်းဆက်သွယ်ရေးတွင်လည်း အဆင်မပြေသဖြင့် ရွှေစက်တော်သို့ ကျွန်တော်တို့အရောက်အပေါက်နည်းခဲ့ကာ မင်းစုံတောင်နှင့် ပုဂံမြို့လောကနန္ဒာဘေးမဲ့တောဥယျာဉ်တို့နှင့်သာအဆက်အသွယ်များခဲ့ရသည်။ အဆက်အသွယ်များခြင်းက မင်းစုံတောင်နှင့် လောကနန္ဒာတို့တွင် လိပ်ခြံများတည်ဆောက်နိုင်ရန် အကူအညီပေးရန် အခြေအနေများဖန်တီးဖို့ဖြစ်လာသည်။ ရွှေစက်တော်အတွက် ကျွန်တော်တာဝန်မကျေခဲ့ဟုခံစားမိခဲ့သည်။ ၂၀၁၃ ခုနှစ် နောက်ပိုင်းနှစ်များတွင်ရွှေစက်တော်ကိုပါ လုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ခဲ့သဖြင့် စိတ်သက်သာရာရခဲ့တော့သည်။ ရွှေစက်တော်အတွက် ကျွန်တော်ပြန်လည်ပေးဆပ်နိုင်သလောက် ပေးဆပ်နိုင်ခွင့်ရခဲ့တော့သည်။ ကျွန်တော်သည် အစာစားနေသော လိပ်များ၊ လှုပ်ရှားနေသောလိပ်များကို ခွကျော်ရင်း၊ ရှောင်ရင်းတိမ်းရင်း ကိုမန်းကျော်ထိုင်နေသောနေရာသို့ သွားခဲ့သည်။

ဟား…ဟာ…ဘယ်လိုလဲ… အဘတုတ်ထောက်နေရပြီလား…အဘလာ…လာ…ဒီကုလားထိုင်မှာ ထိုင်ပြီး…လိပ်မတွေကျင်းတူးနေတာ ပတ်ကြည့်ပေတော့…

တုတ်ကလုပ်စရာရှိလို့ပါကွ ဘယ်လိုလဲ…

ဒီနေ့ ၃ ကောင်တူးနေကြပြီ၊ကျန် နှစ်ကောင်က ရှားပင်အောက်မှာ…တစ်ကောင်က အပင်သမုံးပင်အောက်မှာ… တူးတဲ့ အချိန်တွေ မတူဘူး…အစာသွားကျွေးလိုက်ဦးမယ်…၃ကျင်းစလုံးလှည့်ပတ်ကာ ကြည့်ပေတော့…

မိကျောင်းမွေးမြူရေးတွင် လုပ်စဉ်ကတည်းက မိကျောင်းကန်တွေထဲသို့ဝင်တိုင်း တံမြက်စည်းဟောင်းမှဖြုတ်ထားသောဝါးတုတ်ကို အမြဲဆောင်ထားသည်။မိကျောင်းများ၏လှုပ်ရှားမှုကို တုတ်ဖြင့်စမ်းသပ်ကာ ကျန်းမာမှုအခြေအနေကိုသိနိုင်သည်။ အကောင်ကြီးများမွေးသည့် ကန်ထဲသို့သွားပါက မြွေပါးကင်းပါး အန္တရာယ်ကာကွယ်ရန်နှင့် ချော်မလဲစေရန်၊ မိကျောင်းအန္တရာယ်ကာကွယ်ရန်အတွက် အသုံးပြုခဲ့ပါသည်။ အနှစ် ၂၀ အတွင်း … တောထဲ…တောင်ထဲ သုတေသနလုပ်ရန်သွားသည့်အခါတိုင်းတွင်လည်း တုတ်တစ်ချောင်းအမြဲကိုင်ထားတတ်ပါသည်။အတက်အဆင်း ခန္ဓာကိုယ်ထိန်းရန်နှင့် အန္တရာယ်ကာကွယ်ရန်ဖြစ်ပါသည်။ အခုလည်း မျှင်ဝါးတုတ်ချောင်း ကိုင်ထားခြင်းမှာ လိပ်များ၏ကျောကုန်းကို တုတ်ဖြင့်ခေါက်ကြည့်ပြီး သူတို့၏တုံ့ပြန်မှုကို လေ့လာရန်အတွက်ဖြစ်သည်။ အထီး၏ နံဘေးအား ခေါက်ကြည့်သည့်အသံနှင့် အမ၏ နံဘေးခေါက်ကြည့်သည့်အခါကြားရသော အသံများမှာအတော်

ကွာခြားသည်။ စာနှင့်ရေးပြရသည် နားလည်ဖို့ခက်လှသည်။ လုပ်ငန်းတွင်ဝါးတုတ်ချောင်းမှာ အသုံးအလွန်တည့်ပါသည်။ အခုတော့ အိုမင်းမစွမ်းသိသိသာသာဖြစ်လာပြီမို့ နောင်နှစ် နောင်နှစ်များတွင် ဝါးတောင်ဝှေးမှာ ကျွန်တော့်ဘဝအဖေါ်မွန်အဖြစ် ပိုမိုရင်းနှီးလာတော့မည်မှာကတော့ သေချာပါသည်။

လိပ်တစ်ကောင်အား တုတ်နဲ့တို့ကြည့်လိုက်ပါက ရှူးကနဲအော်ပြီး ခေါင်းကို သူ့အခွံထဲသို့သွင်းကာ လိပ်ခွံအဝကို ရှေ့ခြေ ၂ဖက်ဖြင့် ပိတ်ထားလိုက်မည်သာ။ လိပ်အားလုံးအဲဒီအတိုင်းပြုမူကြသည်။ ဤသို့အခြေအနေမျိုးကိုကြည့်ပြီး လူတွေက ကိုယ်ဖက်ယက်တဲ့လိပ်မျိုးဟု ပြောကြတာဟုကျွန်တော်တွေးသည်။ မိကျောင်းကတော့ မထိမခံ၊ ထိလိုက်သည်နှင့်တုံ့ပြန်မှုက အင်မတန်မြန်သည်။ အထက်အောက်မေးရိုးဖြင့်ညှပ်ကာကိုက်လိုက်ရာမှ ဖောင်းကနဲအသံကိုပါ တစ်ပါတည်းကြားရသဖြင့် တဖက်ရန်သူအား အထိတ်တလန့်ဖြစ်သွားစေမည်ဖြစ်သည်။

ကျင်းတူးနေသောနေရာများသို့ အရင်သွားကြည့်သည်။ စတူးသောနေရာကို ပထမကျင်းဟုမှတ်ထားလိုက်သည်။ အချိန်က ညနေ ၃ နာရီ ၁၅ မိနစ် ရှိနေပြီ။ ရှားပင်အောက်ကအကောင်ဖြစ်သည်။ မြေပြင်ပေါ်တွင်အစင်းကြောင်းများတွေ့ရသည်။ ခြေသည်းခြစ်ရာများဖြစ်သည်။ ကျွန်တော်သည် ဖုန်းမှဗွီဒီယိုဖြင့်မှတ်တမ်းတင်ရန် အသင့်ချိန်ထားလိုက်သည်။ ခြောက်သွေ့မာကြောလှသော မြေကြီးအား ညာဘက်နောက်ခြေထောက်မှခြေသည်းများဖြင့်တူးကာ တွန်းထုတ်လိုက်သဖြင့် ဂျစ်...ဂျစ် မြည်သံနဲ့အတူ မြေကြီးတချို့တစ်ပေအကွာသို့လွင့်ကျလာသည်။ ညာခြေနှင့်ယက်ပြီး နောက်ဘက်သို့ မြေကြီးပက်လိုက်သကဲ့သို့ပင်...ဘယ်ခြေဖြင့်လည်း ပက်လိုက်ပြန်သည်။ ဘယ်တစ်လှည့်၊ ညာတစ်လှည့်တူးနေခြင်းဖြစ်သည်။ ကိုယ်ကိုစောင်းကာတူးပြန်သည်။ ခြေသည်းများဘယ်လောက်သန်မာသည်ကို မျက်မြင်တွေ့ရသဖြင့် အံ့သြလို့မဆုံး၊ ရှားပင်ကို ဖင်ပေးကာတူးနေခြင်းဖြစ်သည်။ ကျောခိုင်းကာ တူးနေခြင်းဖြစ်သည်။

ဒုတိယကျင်းရှိရာကိုသွားသည်။ ဒုတိယအမသည်လည်းရှားပင်အောက်မှာဖြစ်သည်။ သူလည်းပဲ မြေပြင်ပေါ်ပေါ်နေသော ရှားပင်မြစ် ၂ ခုကြားတွင် ကျင်းတူးနေခြင်းဖြစ်သည်။ သူလည်းပဲ သစ်ပင်ကိုကျောခိုင်းကာ ကျင်းတူးနေခြင်းဖြစ်သည်။ သစ်ပင်ကိုကြောခိုင်းတူးသည်မှာ ကျောဘက်မှ အန္တရာယ်ကို ကာကွယ်သားပြီးဖြစ်နေသည်။ ၃ လက်မလောက်အနက်...အကျယ်မှာ တစ်လီတာ ရေသန့်ဘူးဖင်လောက်ရှိလိမ့်မည်။ ဒုတိယကျင်းဟု မှတ်သားလိုက်သည်။ ကျင်းတူးချိန်မှာ တစ်နာရီလောက်တော့ ရှိလိမ့်မည်။ ဆိုတော့ ၂ နာရီ ၁၅မိနစ်လောက်ကတူးခဲ့တာဖြစ်နိုင်ပါသည်။

နောက်ကျင်းတစ်ခုရှိရာသို့သွားသည်။ တတိယကျင်းဟုသတ်မှတ်လိုက်သည်။ တူးထားသည့်အနက်မှာ ဒုတိယကျင်းနှင့် မတိမ်းမယိမ်းရှိသည်။ သူလည်း ဒုတိယအမကဲ့သို့ပင် ၂ နာရီ ၁၅မိနစ် လောက်ကပဲဖြစ်နိုင်ပါသည်။ အကောင်ငယ်ကလေးများထားသည့် အဆောက်အဦးဘေးမှ အုတ်ရိုးရှေ့တွင်ဖြစ်သည်။ ၃ ကောင်စလုံးမှာ အပင်နှင့် အုတ်ရိုးကိုကျောပေးထားကြသည်။ ကျွန်တော်တို့တစ်တွေ တောထိုင်သည့်အခါ...မစင်စွန့်တဲ့အခါ သစ်ပင်ခြေရင်းတွင် သစ်ပင်ကို ဖင်ပေးကာ တစ်ဖက်သို့ မျက်နှာမူထားသကဲ့သို့ပင်ဖြစ်သည်။ နောက်ဖက်...ကျောဖက်မှ လာမည့်အန္တရာယ်ကို အကာအကွယ်ယူထားပြီး ရှေ့မှလာမည့်အန္တရာယ်ကိုရင်ဆိုင်နိုင်ရန်ဖြစ်လိမ့်မည်။

အမဥကျင်းတူးနေသောနေရာသို့ အထီးတစ်ကောင်ရောက်လာသည်။ အမနားကပ်သည်။ အထီးသည် အမအားခေါင်းကို ညိတ်ကာ ညိတ်ကာလုပ်ပြသည်။ ပုတ်သင်ညို ခေါင်းညိတ်သကဲ့သို့ပင်ဖြစ်သည်။ ထို့နောက် သူ့ခေါင်းဖြင့်အမကိုယ်လုံးအား ပါးစပ်ဖြင့်ထိသည်။ အနံ့ခံသည်ဟုထင်သည်။ အမ ဥအုဖို့ဥကျင်းတူးနေသည်ကို သူ သိသွားပုံရသည်။ အထီးသည်အမအနီးမှခွာလျက် ကျွန်တော်ဆီရောက်လာကာ ကျွန်တော့်ခြေထောက်များကို လာနမ်းပြန်သည်။ ခြေထောက်ကိုမြှောက်ထားလိုက်မှ အခြားကိုထွက်သွားသည်။ သစ်ပင်ခြေရင်းတွင် ဖြာထွက်နေသောအမြစ်များမရှိအမြစ်ဆုံများသာရှိသည်ကို သူတို့သိသည်။ ဖြာထွက်နေသောအမြစ်များက ဥကျင်းတူးရာတွင် ဒုက္ခအလွန်ပေးသည်။ တတိယကျင်းနှင့် ဒုတိယကျင်းတို့၏ အနက်မှာ သိပ်မကွာလှပေ။ ကျင်းမှာရေဖျန်းထားသကဲ့သို့ ဖြစ်နေတာကိုတွေ့ရသဖြင့် လိပ်မကြီးသည် ဆီးစွန့်ကာ တူးနေတာဖြစ်ကြောင်းသိရသည်။

ဆီးစွန့်ပြီးတူးခြင်းမှာ မြေကြီးပျော့စေရန် လုပ်ခြင်းဖြစ်သည်။ ကျင်းမှတူးကာမြေကြီးဆုပ်လျက် အပေါ်သို့တင်လိုက်သောမြေသားပမာဏမှာ အသုံးမပြုရသေးသော ခဲတံချောင်းထိပ်ဖျားမှ ဖော့ဖျက်(ခဲဖျက်)ခန့်သာရှိလိမ့်မည်။ မနားတမ်းဘယ်၊ ညာတစ်လှည့်စီ၊ အလှည့်ကျတူးနေရင်းက ကျင်းအနောက်ဘက်တွင် မြေသားတွေမှာ တဖြည်းဖြည်းစုပုံလာတော့သည်။ နှမ်းတစ်စေ့ဖြင့် ဆီမဖြစ်သော်လည်း များလာသောအခါ ဆီဖြစ်လာသကဲ့သို့ အခု အခြေအနေမှာမြေတွေက ခြတောင်ပို့အငယ်စားဖြစ်လာသည်။ ဥမည့်ကျင်းမှာ တဖြည်းဖြည်းနှင့် နှုတ်ခမ်းအဝကျဉ်း၍ ကားနေသောအိုးသဏ္ဍာန်ဖြစ်လာသည်။ တူးနေစဉ် ကျင်းအတွင်းမှ ဖြောက်ကနဲ...ထောက်ကနဲအသံများကို ကြားရတတ်သည်။ ယင်းအသံများမှာ အမြစ်များကို လက်သည်းဖြင့် ဆွဲဖြတ်လိုက်သောအသံများပင်ဖြစ်ပါသည်။ အနီးကပ်ဓာတ်မီးဖြင့် ထိုးကာငုံ့ကြည့်လိုက်သည်။ ကျင်းအတွင်းမှထွက်လာသောလိပ်မ၏ ကျင်ငယ်ရေအနံ့ တ

နည်းဆိုရသော် သေးနံ့ကိုရလိုက်သည်။ အပ်ချည်မျှင်နှစ်ဆခန့်ရှိပြတ်တောက်နေသောအမြစ်များကိုတွေ့ရသည်။ လိပ်မသည် သူ့ခြေထောက်အား လှည့်ပတ်ကာခြေသည်းတို့ဖြင့် ကျင်းနံရံပတ်လည်ကိုစမ်းနေသည်ကိုတွေ့ရသည်။ ကျင်းမှတော်တော်နက်နေပြီဖြစ်ပါသည်။ အု လို့ရမည့်အနက်ရောက်ပြီဟုထင်ပါသည်။

ဆရာရေဒီမှာတော့... ဥကျင်းပျက်ပြီ...

ဟေ...

ကိုမန်းကျော် လှမ်းပြောလိုက်သောအသံကြောင့် ပျက်သွားသည်ဆိုသော ပထမကျင်းကိုသွားကြည့်သည်။ အောက်မှာအမြစ်ရှိနေတယ်...အမြစ်ကကြီးတယ်... အုတ်ကျိုး...ကျောက်ခဲကျိုးထင်လို့ ကျွန်တော် တုတ်နဲ့ ထောက်ကြည့်တော့မဟုတ်ဘူး၊ကောင်မလည်း ဆက်တော့တူးနေပါသေးတယ်...အခုတော့ ကောင်မ ဆက်မတူးတော့ဘဲထွက်သွားပြီ...



တခြားနေရာမှာရှာပြီးတူးအုံးမလား...

ဒီညအဖို့ မတူးတော့ဘူးအနားယူတော့မှာပေါ့... နောက်နေ့တခြားနေရာမှာ တူးလိမ့်မယ်...

သနားစရာပဲ...ဒါဆိုရင်မအုသေးဘဲ အောင့်ထားလို့ရတဲ့စွမ်းအားရှိတယ်လို့ ပြောလို့ရမယ်ထင်တယ်... ပြောလို့ရတာပေါ့ဆရာ အမျိုးသမီးတွေဆိုရင်... မမွေးနိုင်လွန်းလို့ အော်ဟစ်နေရတာလေ နာလွန်းလွန်းလို့လေ... မွေးချင်လွန်းလို့...

သေနာကြီး... အမလေးနာလိုက်တာ...နင့်ကြောင့်... နင့်ကြောင့်လို့ အော်...အော်ပြီး ဆရာကျော်တစ်ယောက် အဆဲခံခဲ့ရဘူးလား ...

ဟား...ဟား...ဟားအဆဲမခံရဘူးပေါင် ဆရာရယ်.. ဘယ့်နဲ့လည်း ဥကျင်းတူးတာ နဖူးတွေ့...ဒူးတွေ့... တွေ့ဖူးသွားပြီဟုတ်လား...

ဒူးနဲ့ ကျင်းနှုတ်ခမ်းဝ ခဏခဏတိုက်နေတာတော့ တွေ့တယ်...တိုက်လွန်းထိလွန်းလို့ ကျင်းနှုတ်ခမ်းဝက တော့ပြောင်ချောလို့... ဆရာကျော်ပြောတဲ့... နဖူးတွေ့... ဒူးတွေ့... နဖူးနဲ့ဒူးနဲ့တွေ့တာ ဘယ်လိုအခြေအနေမျိုးမှာလဲ...အလင်းပြပေးပါဦး...

ဆရာကဘယ်လိုထင်လဲ...တော်...တော်ပါ ဆရာရေ...နဖူးနဲ့ဒူးဒုတိယကျင်းနဲ့တတိယကျင်းသွားကြည့်ကြရအောင်လား...

ဒုတိယဥကျင်းကတော့ တော်တော်လေးနက်နေပြီ...အုခါနီးပြီ...

ညာဘက်ခြေထောက်အဖျားရှိ လက်သည်းများဖြင့် ကျင်းပတ်ပတ်လည်ကို စမ်းနေသည်ကိုတွေ့ရသည်။ ညာဘက်ခြေထောက်ကို ကျင်းအပေါ် နှုတ်ခမ်းအပေါ်သို့ ပြန်တင်လိုက်ပြီး၊ ဘယ်ဘက်လက်ဖြင့် ကျင်းပတ်ပတ်လည်ကိုစမ်းပြန်သည်။ ဘယ်ခြေထောက်ကို အပေါ်မှ ကျင်းနှုတ်ခမ်းပေါ်သို့တင်လိုက်ကာ လိပ်မသည်ငြိမ်သက်နေတော့သည်။ ခေါင်းကိုမော့ထားလျက်၊ လည်ပင်းသည် ဖောင်းလိုက်၊ ပိန်လိုက်ဖြစ်နေသည်။ သူမောနေတာလားမသိ။ သူ၏အမြီးသည် ကျင်းဝအလယ်တွင်နေရာယူထားပြီ။ ဘောလုံးစကားနှင့်ပြောရသော် အလယ်တွင် တည်ထားလိုက်ပြီဖြစ်သည်။ ညနေ ၄ နာရီ ၂၀မိနစ်လောက်ရှိနေပြီ။ ဥကျင်းတူးသည်မှာ ၂ နာရီကြာပါ့လား။ ကျွန်တော်သည် ဖုန်းမှဗွီဒီယိုဖြင့်မှတ်တမ်းတင်ရန် အသင့်ချိန်ထားလိုက်သည်။

အုတဲ့အချိန်မှတ်ထားဦးမှ ဆရာရေ...

ခေါင်းဝင်သွားပြီ...ကြည့်နေ...ကြည့်နေ အမြီးယမ်းနေပြီအုတော့မယ်...

ဟော..ဟော..အရည်ကြည်တွေ.. ကြွက်မြီးတန်းလာပြီဖြည်းဖြည်းကျလာပြီ...အရည်ကြည်တွေ...

အဲဒါ...ချောဆီပေါ့ကွာမင်းလဲသိသားနဲ့... အမျိုးသားတွေမှာအဲသလိုအရည်ကြည်တွေ ထွက်တယ်လေ... နောက်တစ်ခါထွက်တာက...ပါးစပ်က သားရေကျတဲ့အခါတွေ့ရတဲ့အရည်ကြည်မျိုး...

အမြီးရင်းရှိ တန်ဆာပေါက်မှ အဖြူရောင်အဝိုင်းသည် တဖြည်းဖြည်းကြီးလာကာ အချွဲတွေကပ်နေသောဖြူဖွေးနေသောဥသည် ကျင်းအောက်သို့ကျသွားသည်။ လိပ်မသည် အောက်သို့ကျသွားသောသူ့ဥကို ကျင်းဘေးသို့ခြေချောင်းများဖြင့်တွန်းပို့ပေးသည်။ ဥမှာ ဟိုမှသည်၊ သည်မှ ဟိုသို့ ဘောလုံးတစ်လုံးလို ဖြည်းဖြည်းလေး လိမ့်နေသည်။ နေသားတကျဖြစ်သွားသဖြင့် စိတ်ကျေနပ်သွားဟန်တူပါသည်။ လိပ်မသည်နောက်ထပ် ဥရန်အတွက် သူ၏တန်ဆာအား အဆင့်သင့်တည်ထားလိုက်ပြန်သည်။ တည်ဘောတစ်လုံးထပ်ညှစ်ထည့်လိုက်ပြန်ပြီ။ ဥတို့သည် ပျမ်းမျှအားဖြင့် ဒဏ်ကြေလိမ်းဆေးပုလင်းဖင်မှ အဝိုင်းခန့်၊ စားပွဲတင်တင်းနစ်ဘောလုံးလောက်ရှိပါသည်။

ခေါင်းဝင်လိုက်တာနဲ့ ဥချလိုက်တော့မယ်ဆိုတာ မှတ်ထားနော်...

ခေါင်းဝင်...လက်နှစ်ဘက်နဲ့ဖိညှစ်လိုက်တာ ထင်တယ်နော်...ဆရာမန်း...

ဖြစ်နိုင်ပါတယ်...

ဤသို့ဖြင့် ဒုတိယတစ်လုံး၊ တတိယတစ်လုံး. ရှစ်လုံး။ ရှစ်လုံးနဲ့ပင် ပြီးဆုံးသွားတော့သည်။ ဥအုပြီးတဲ့အချိန်ကို မှတ်ရပြန်သည်။

ဥအုချိန်ဘယ်လောက်ကြာလဲ ...ကိုမန်းကျော်

၁၃မိနစ်ဆရာဆက်ပြီးကြည့်လေ... ဥတွေကို မြေကြီးပြန်ဖုံးတာ ဘယ်လိုပြန်ဖုံးလဲသိရအောင်...

ဟိုကျန်တဲ့အကောင်အခြေအနေဘယ်လိုလဲ...

မအုသေးဘူးကျင်းတူးတာကတော့ ပြီးသလောက်တော့ ရှိနေပြီ... အုရင်လှမ်းခေါ်လိုက်မယ်...

ကျွန်တော်တစ်ယောက်တည်းကျန်ရစ်သည်။ လိပ်မသည် ဥကျင်းဘေးရှိမြေကြီးကိုတူးယူပြီး ဥပေါ်သို့ဖြည်းဖြည်းချသည်။ ဤသို့ ဘယ်၊ ညာတစ်လှည့်စီတူးယူပြီးဥများပေါ်သို့ မြေကြီးဖြူးချနေသည်ကိုအကြာကြီးလုပ်ရသည်။ ဥအားလုံးပေါ်သို့ မြေကြီးဖို့ပြီးသလောက်ရှိမှ ဥကျင်းတူးစဉ်ကတင်ထားသောမြေကြီးများကို ဝဲ၊ယာခြေထောက်ဖြင့် တစ်လှည့်စီဆုပ်ယူကာ ကျင်းထဲသို့ကျဲချတော့သည်။ မြေကြီးချလိုက်ပြီးသော်ခြေဖဝါးဖြင့်နင်း၏။ ဒူးနဲ့ဖိသည်။ ဒူးကို ကွေးကာခြေသလုံးဖြင့်ဖိသည့်မြင်ကွင်းသည် အနှိပ်သည် သူ၏လက်ဖျံရိုးဖြင့်လှည့်ကာ၊ အနှိပ်ခံသူ၏ပေါင်၊ ခြေသလုံး၊ ကျောကုန်းတို့ကိုဖိကာ ကြိတ်ချေပေးသလိုမျိုးဖြစ်သည်။ တစ်တောင်ဆစ်အရိုးဖြင့် ကြိတ်မိလို့ကတော့ အားကနဲအော်ကာ ဖြည်းဖြည်းဟ...ဖြည်းဖြည်းဟလို့ သတိပေးရတဲ့အခြေအနေမျိုးကိုလည်း စာဖတ်သူခံစားရဖူးပါလိမ့်မယ်။ လိပ်ဥကျင်းတူးခြင်း၊ ဖို့ခြင်းတွေကို အနီးကပ်အခုလိုမြင်ရသဖြင့် လိပ်မ၏ဒုက္ခကို ကရုဏာသက်ရပါသည်။ သနားစရာကောင်းလိုက်ပါဘိ။ ချက်ချင်းကျင်းတူး၊ ချက်ချင်း ဥသောလိပ်မမှာအလွန်ပင်ပန်းပါသည်။ ဥအုပြီးသွားပါက ဒီလိပ်ကောင်မတွေရော ကြက်မတွေလို ကတော်ကတော်နဲ့ အောင်မြင်စွာ ဥအုပြီးကြောင်း ဗျိုးဟစ်သေးလားမသိ။

ကြုံတုန်းပြောရဦးမည်။ မိကျောင်းမကတော့ အုမဲ့နေရာကို ရွေးချယ်ပြီးသည်နှင့် ပတ်ဝန်းကျင်မှချုံပင်များကို ကိုက်ဖြတ်သည်။ စုပုံသည်။ အပြည့်အမောက်စုပုံပြီးပါက ဖိသည်။ နင်းသည်။ အသိုက်ကိုလုံးသည်ဟု ကျွန်တော်တို့သုံးနှုန်းသည်။ ဤကဲ့သို့ လုပ်ဆောင်မှုကို ၂ ရက် ၃ရက်လောက်ကတည်းက ကြိုတင်ပြင်ဆင်ထားတာဖြစ်သည်။ ကျွန်တော်တို့လို ဗိုက်နာမှ အိမ်သာရှာခြင်းမျိုးမဟုတ်။ အိမ်သာရှာသူများမဟုတ်။ စိတ်ကြိုက်အသိုက် ဖြစ်ပြီဆိုမှ နောက်ခြေထောက်ကို အသိုက်အလယ်ခေါင်ခွလိုက်ကာ ဘယ်၊ ညာတစ်လှည့်စီအသိုက်ကိုတူးသည်။ ကျင်းဖြစ်အောင်လုပ်သည်။ ဥသည့်အခါ တစ်ကိုယ်လုံးတုန်နေသည်။ ဥကို ပြန်ဖုံးသည်။ ရှေ့ခြေ၊ နောက်ခြေများနှင့် အမြီးကိုသုံးကာ ဥကျင်းကိုဖုံးသည်။ အသိုက်ကို လုံးသည်။ လိပ်မတွေလည်း မိကျောင်းမကဲ့သို့ ဥကျင်းကို ဘာဖြစ်လို့ ကြိုကြိုတင်တင်တူးမထားတာလဲ။

ကိုမန်းကျော်ခေါ်ရာ ဒုတိယကျင်းသို့ သွားလိုက်သည်။

လိပ်မမှာ ဥအုခါနီးသည့်အခြေအနေတွင်ရှိနေပြီ။ အမောဖြေနေသည်။ ကျင်းထိပ်ကိုခွထိုင်ထားနေပြီ။ ညမှောင်နေပြီဖြစ်၍ ဥကျင်းထဲသို့လက်နှိပ်ဓာတ်မီးရောင်ဖြင့်ကြည့်လိုက်သည်။ ကျင်းပတ်လည်တွင် အမြစ်မွှာလေးများပြတ်တောက်နေသည်ကိုတွေ့ရသည်။ မီးရောင်အောက်တွင်ပိုပြီးထူးဆန်းသောမြင်ကွင်းကိုတွေ့လိုက်ရသည်။ လိပ်မစင်ကို လိပ်တစ်ကောင်စားနေသည့်မြင်ကွင်း။ လိပ်ချေးကိုလိပ်ပြန်စားနေသည်မှာ ကုန်သလောက်နီးပါးပင်ရှိနေပြီ။ မကြေညက်ဖြစ်နေသော ကန်စွန်းရွက်အရိုးလေးများကိုဆက်လက်စားဦးမည်မှာသေချာဖြစ်သည်။ အစာမဝလို့ အစာငတ်လို့ချေးစားခြင်းမဟုတ်ပါ။ ဘာဖြစ်လို့လဲဆိုတော့ အစာများပိုသဖြင့် မနက်တိုင်း တောင်းနှင့်ထမ်းထုတ်နေတာ နေ့စဉ်မြင်နေရသည် မဟုတ်ပါလား။ ချေးစားခြင်းမှာ ဇီဝကမ္မဖြစ်စဉ်တစ်ခုပင်ဖြစ်ပါလိမ့်မည်။

ကြံ့ချေးကိုစားသဖြင့် ရခိုင်တောင်လိပ်၊ ရခိုင်သစ်တောလိပ် Arakan Forest Turtle,*Heosemys depressa* ကို ပျံ့ချေးစား၊ ကြံ့ချေးစားလိပ်ဟုခေါ်တာကြားဖူး၊ သိခဲ့ဖူးတာ၊ မြင်တော့မမြင်ဘူးခဲ့၊ အခုတော့ကြယ်လိပ်မှာလည်း လိပ်ချေးကိုစားသည့်လိပ်ဆိုတာကို ကျွန်တော် အခုလက်တွေ့မြင်ဖူးခဲ့ပြီ။

ဟောဥချပြီ...မှတ်ပြီဟေ့ တစ်လုံး၊ ဥတဲ့အချိန်... နာရီက...

၂လုံး...၃လုံး၊...၄လုံး...၅လုံး၊၆လုံး... ၇လုံး။

လိပ်မအမောဖြေနေသည်။ မြေကြီးတူးပြီး ဥတွေပေါ် ဖြူးနေပြီမို့ ဥအုတာပြီးသွားပြီဆိုတာသိလိုက်ပါသည်။ မြေကြီးတူးခြင်း၊ ဥအုခြင်း၊ ကျင်းပြန်ဖုံးခြင်းစသည့်လိပ်မ၏ အခက်အခဲများကိုမျက်မြင်တွေ့လိုက်ရသည်။ ကျွန်တော်လည်းဆောင့်ကြောင့်ထိုင်ကြည့်ရသဖြင့် အတော်ညောင်းသွားတော့သည်။

ကိုမန်းကျော်..တော်တော်လေး ဗဟုသုတရတယ်. ဗွီဒီယို မှတ်တမ်းတွေရလိုက်တယ်... မှတ်စုရေးရဦးမယ်... နားပြီ... ကျေးဇူးတင်ပါတယ်...

အဆောင်ပြန်ပြီး မှတ်စုကျွန်တော်ရေးရန် ပြန်လာစဉ် တဲဘေးတွင် ကိုအောင်ကျော်ငြိမ်းမှာ ခွေးသားပေါက်ကလေးကို နို့ဘူးတိုက်နေတာတွေ့သည်။ ခွေးနာမည်မှာ အောင်မဲညို ။ အမိမဲ့ခွေးသားပေါက်လေး။

ဖြတ်ကနဲ သိလိုတာတစ်ခုပေါ်လာသည်။ စိတ်ထဲတွင် လိပ်မတွေ ဥအုတဲ့အခါ ကောင်းကင်က နေရောင်ခြည်ဘက်ကို ခေါင်းလှည့်ထားပြီး ဥအုတာက အများဆုံးဟုတ်မဟုတ် သိချင်တာဖြစ်သည်။ ဝန်ထမ်းတွေသတိထားမိကြရဲ့လားမသိ။

ဆက်လက်ဖော်ပြပါမည်

# ဂေဟဗေဒစည်းမျဉ်းများကိုဖောက်ဖျက်ကာ သမားရိုးကျမဟုတ်သောနည်းလမ်းများဖြင့် လိုက်လျောညီထွေရှင်သန်သောအပင်များသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကိုပိုမိုခံနိုင်ရှင်သန်နိုင်ခြင်း

ဘာသာပြန်ဆိုသူ -မေဇင်မြင့် (တောအုပ်ကြီး)၊ တိုးချဲ့ပညာ



Queensland တက္ကသိုလ်မှ သုတေသီများ၏ လေ့လာမှုတစ်ခုအရ ဂေဟဗေဒစည်းမျဉ်းတချို့ကို ချိုးဖောက်သောအပင်များသည် ရာသီဥတုပြောင်းလဲမှုကို သမားရိုးကျမဟုတ်သော နည်းလမ်းများဖြင့် လိုက်လျောညီထွေရှင်သန်ခြင်းဖြင့် အခြားအပင်များထက် ရှင်သန်မှုပိုမြင့်မားကြောင်း ၂၀၂၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ(၁၀)ရက်နေ့ အင်တာနက်သတင်းအရ သိရပါသည်။

အဆိုပါလေ့လာမှုတွင် သုတေသီများသည် ဥရောပမျိုးရင်းဖြစ်ပြီး ကမ္ဘာတစ်ဝှမ်းရှိ ပူပြင်းခြောက်သွေ့သောနေရာများ၌ပင် အအောင်မြင်ဆုံးပျံ့နှံ့ပေါက်ရောက်သော အပင်ငယ်မျိုးစိတ် humble plantain (*Plantago lanceolate*)၏ အောင်မြင်ရှင်သန်ရခြင်းအကြောင်းရင်းကိုလေ့လာခဲ့ကြပါသည်။ ကမ္ဘာတစ်ဝှမ်းမှ ဂေဟဗေဒပညာရှင်(၄၈)ဦးပါအဖွဲ့သည် နိုင်ငံပေါင်း(၂၁)နိုင်ငံတွင် စောင့်ကြည့်လေ့လာသည့်နေရာ (၅၃)နေရာသတ်မှတ်ကာ အဆိုပါ humble plantain အပင်ထောင်ပေါင်းများစွာကို အမှတ်အသားပြုကာ အပင်သေဆုံးမှုနှင့် အပင်ငယ်အသစ်ပေါက်ရောက်မှုကို မှတ်သားခဲ့ပါသည်။ ထို့နောက် ပန်းပွင့်နှင့် အစေ့များကိုရေတွက်ခြင်း၊ DNA ကိုကြည့်ကာ ဥရောပတိုက်ပြင်ပတွင် သမိုင်းကြောင်းအရ စတင်ပေါက်ရောက်ခဲ့သော အပင်အရေအတွက်ကိုဆန်းစစ်ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ရာ ဂေဟဗေဒသိပ္ပံပညာရပ်တွင် ယုံကြည်လက်ခံထားသော စည်းမျဉ်းတချို့သည် အဆိုပါမျိုးစိတ်တွင်အကျိုးသက်ရောက်မှုမရှိကြောင်း တွေ့ရှိခဲ့ကြပါသည်။ ဂေဟဗေဒပညာရှင်များသည် သဘာဝတရား၏အလုပ်လုပ်ဆောင်ပုံကို နားလည်သဘောပေါက်ရန် သီအိုရီအမျိုးမျိုးကိုသုံး၍လေ့လာခဲ့ကြပြီး တွေ့ရှိချက်များကို ဆယ်စုနှစ်ပေါင်းများစွာ ကွင်းဆင်းသုတေသနပြုစမ်းသပ်ကာ ဂေဟဗေဒစည်းမျဉ်းများအဖြစ် လက်ခံထားခဲ့ကြခြင်းဖြစ်ပါသည်။ ယင်းသီအိုရီများအနက်တစ်ခုမှာ population size တွင် အပြောင်းအလဲများဖြစ်ခြင်းသည် DNA ထဲတွင်ရှိနေသော မျိုးရိုးဗီဇစုံလင်မှု(သို့မဟုတ်) ကွဲပြားမှုကို ဖြစ်ပေါ်စေကြောင်းဖော်ပြထားပါသည်။ အပင်အရေ အတွက်နည်းသောမျိုးစိတ်တွင် မျိုးရိုးဗီဇကွဲပြားမှုအနည်းငယ်သာရှိနိုင်သော်လည်း အပင်အရေအတွက်များသောမျိုးစိတ်(ဥပမာ–အစေ့များစွာပါသောမျိုးစိတ်)များတွင် မျိုးရိုးဗီဇပိုမိုစုံလင်ကွဲပြားပါသည်။ မျိုးရိုးဗီဇစုံလင်ကွဲပြားလေလေ အပင်များသည် ရာသီဥတုပြောင်းလဲမှုကဲ့သို့ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုများကို ပိုမိုလိုက်လျောညီထွေရှင်သန်နေထိုင်နိုင်လေဖြစ်ပါသည်။

ယခုလေ့လာမှု၏တွေ့ရှိချက်အရ အပင်များ၏ဇာတိဒေသတွင် မျိုးရိုးဗီဇကွဲပြားမှုကို ပတ်ဝန်းကျင်က အဆုံးအဖြတ်ပေးပြီး ပတ်ဝန်းကျင်အသစ်တွင်မူ ဂေဟဗေဒစည်းမျဉ်းကိုဖောက်ဖျက်၍ လိုက်လျောညီထွေနေနိုင်သောအပင်များက ပိုမိုရှင်သန်နိုင်ကြောင်း သိရပါသည်။ ယခု လေ့လာခဲ့သော humble plantain ၏ ရှင်သန်အောင်မြင်ရခြင်းမှာ ကမ္ဘာတစ်ဝှမ်းသို့ပျံ့နှံ့ရောက်ရှိမှုများခြင်းကြောင့်ဖြစ်ကြောင်းသိရပါသည်။ DNA စစ်ဆေးချက်များအရ လက်ရှိဖြစ်ပေါ်လျက်ရှိသော သြစတြေးလျ၊ နယူးဇီလန်၊ ဂျပန်နှင့် တောင်အာဖရိကနိုင်ငံများသို့ ရောက်ရှိရှင်သန်မှုသည် မျိုးရိုးဗီဇကွဲပြားမှုကို လျင်မြန်စွာဖြစ်ပေါ်စေကြောင်းသိရပါသည်။ ထို့ကြောင့်လည်း ဤမျိုးစိတ်သည် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေနေထိုင်နိုင်စွမ်းမြင့်မားနေခြင်းဖြစ်သည်။ ဥရောပတိုက်တွင် ဤအပင်မျိုးစိတ်သည် ဂေဟဗေဒစည်းမျဉ်းများအတိုင်း ရှင်သန်ပြီး ဥရောပပြင်ပနေရာဒေသများတွင် ထိုစည်းမျဉ်းကိုဖောက်ဖျက်၍ရှင်သန်သဖြင့် မည်သည့်ပတ်ဝန်းကျင် အခြေအနေ၌ပင်ဖြစ်စေ မျိုးရိုးဗီဇစုံလင်ကွဲပြားမှုနှင့်လိုက်လျောညီထွေရှင်သန်နိုင်မှု မြင့်မားပါသည်။

ဤသုတေသနတွေ့ရှိချက်၏ အရေးကြီးရခြင်းအကြောင်းရင်း(၂)ချက်ရှိပါသည်။ ပထမအချက်မှာ နေရာဒေသအသစ်တစ်ခုသို့ မျိုးစိတ်သစ်တစ်ခုအများအပြားဝင်ရောက်လာခြင်းသည် မျိုးရိုးဗီဇများကိုရောနှောပေးကာ အသစ်ဝင်ရောက်လာသောအပင်များကို ပိုမိုလျင်မြန်စွာအောင်မြင်ရှင်သန်စေခြင်းဖြစ်ပါသည်။ အသစ်ဝင်ရောက်လာသော မျိုးစိတ်များသည် ဒေသမျိုးစိတ်များ မျိုးသုဉ်းမှုကိုဖြစ်စေပြီး အစိုးရကို ဒေါ်လာသန်းထောင်ချီ ကုန်ကျစေနိုင်ကြောင်း ထည့်သွင်းစဉ်းစားရမည့် တွေ့ရှိချက်တစ်ခုဖြစ်ပါသည်။ ဒုတိယတစ်ချက်မှာ ပြင်ပမှဝင်ရောက်လာသော မျိုးစိတ်များကို သုတေသနပြုခြင်းအားဖြင့် ဒေသမျိုးရင်းအပင်များ၏ ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေနေထိုင်မှုနှင့်ပတ်သက်၍လည်း သဲလွန်စများရရှိစေခြင်းပင် ဖြစ်ပါသည်။

Source: www.sciencedaily.com/releases/2020/02/200210091157.htm

# ဒီရေရောက်သစ်တောများနှင့် ဒေသခံများ



ခိုတောင်ကျေးရွာ၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင် ဒီရေတောဧရိယာ

စိန်ဝင်း
လက်ထောက်ညွှန်ကြားရေးမှူး

၂၀၁၉ခုနှစ် အောက်တိုဘာလ ၆ရက်။

ကျွန်းစုမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ မြိတ်မြို့ဆိပ်ငယ်စက်လှေဆိပ်မှထွက်ခဲ့ကြသည်။ ရည်ရွယ်ချက်က မြိတ်ခရိုင်ကျွန်းစုမြို့နယ်အတွင်း ဒီရေရောက်သစ်တောများ စစ်ဆေးကြည့်ရှုရန်၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ(Community Forest-CF)စစ်ဆေးပြီး အသုံးပြုသူများအဖွဲ့(Community Forest User Groups-CFUGs)နှင့် တွေ့ဆုံဆွေးနွေးရန်၊ ၎င်းတို့ဆောင်ရွက်နေသည့် ရွှံ့ကဏန်းမွေးမြူရေးခြံများ လေ့လာဆွေးနွေးရန်တို့ဖြစ်သည်။

သစ်တောသမားတို့ ထုံးစံအတိုင်း ခရီးသွားဟန်လွှဲလမ်းကြောင်းသင့်ရာများကို စစ်ဆေးကြမြဲမို့ လမ်းကြောင်းရှိ သဇင်ဘိနယ်စခန်းနှင့်ဘိနယ်စခန်း၌ ဒီရေတောသစ်တောမျိုးများ ပျိုးထောင်ထားရှိမှုစစ်ဆေးသည်။ ဒေသအတွင်းမှာ လက်တွေ့ကျကျအသုံးချနိုင်ရေးဆွေးနွေးသည်။ ထိုမှဆက်လက်ပြီး စမုန်ချောင်းအတိုင်းထွက်ခဲ့ကြသည်။ စမုန်ချောင်းသည် ကျွန်းစုဒီရေတောကြိုးပြင် ကာကွယ်တောနှင့် အောက်ကလန်ကွေ့ကြိုးဝိုင်းအကြား စီးဆင်းသည့်ချောင်းဖြစ်သည်။

ထို့နောက် ကျွန်းစုဒီရေတောကြိုးပြင်ကာကွယ်တောအတွင်း ဒီရေတောစိုက်ခင်း ၁၅ဧကကိုစစ်ဆေးသည်။ ၂၀၁၃ခုနှစ်က တည်ထောင်ထားပြီး ဗြူးအုပ်ဆောင်း၊ ဗြူးခြေထောက်အပင်များကို ၆ပေခြားဖြင့်စိုက်ပျိုးထားသည်။ လက်ခုပ်တစ်ဖောင်ကျော်အမြင့်များဖြင့် ရွက်အုပ်များက ထိစပ်နေသည်။ အပင်တွေမှာလည်း အဖူးအပွင့်တွေနှင့်။ အသီးဆောင်မျိုးဆက်နိုင်ပြီ။ အမြင့်ဆုံးအပင်များက ပေနှစ်ဆယ်ခန့်ရှိကြသည်။

ယခင်ကချုံပုတ်များဖြစ်ပြီး ဒီရေတောစိုက်ခင်းတည်ထောင်၊ ထို့နောက် တောကလေးဖြစ်လာတော့ ဒေသခံများ၏ရေစားကျက်ဖြစ်လာသည်ဟု ဝန်ထမ်းတစ်ဦးကဆိုသည်။ ယခုအခါမှာတော့ ဒေသခံများ၏ စားဝတ်နေရေးကို အထောက်အကူပြုလာပြီ။ ဒီစိုက်ခင်းကလေးအတွင်းမှာပုစွန်၊ ကဏန်း၊ ကဏန်းမဲ၊ ခရုကမာ၊ ကဏန်းချေးပုံး၊ ခရုများ ရရှိရာနေရာဖြစ်လာပြီ။

ထိုမှဆက်လက်ထွက်ခွာလာတော့ တစ်နေရာမှ အရှင်မြတ်တောင်ကိုလှမ်းမြင်ရသည်။ ယခုအချိန်၌ လှိုင်းလေငြိမ်သက်နေသော်လည်း မိုးရာသီတွင်လှိုင်းအလွန်ကြီးသည်။ တစ်နှစ်တစ်ခါ ဘုရားပွဲတော်ကျင်းပလေ့ရှိပြီး အလွန်စည်ကားသည်ဟုဆိုသည်။

CF တည်ထောင်သည့် ကျေးရွာများသို့မရောက်မီ အဆိုပြုခိုကျွန်း ဒီရေတောကြိုးပြင်ကာကွယ်တောသို့ ရောက်သည်။ ဒီရေတောအတွင်း ချောင်းအတိုင်းဝင်ရောက် စစ်ဆေးခြင်း၊ ဒီရေတောအပြင်ဘက် အနားအတိုင်း ပတ်ကြည့်ခြင်းတို့ကို ရနိုင်သမျှအချိန် အတွင်းဆောင်ရွက်ရသည်။ ဗြူးခြေထောက်၊ ဗြူးအုပ်ဆောင်း၊ ဗြူးပုတ်သမဲ့၊ သရော၊ လန်းဘဲ၊ မဒမစသည့် ဒီရေတော သစ်မျိုးတို့ပေါက်ရောက်သည်။ တောကလှသည်။ ဒီရေရောက်သစ်တောများ(အနှောင့်အယှက်၊အဖျက်ဆီးအချို့ရှိသော်လည်း) ကောင်းမွန်စွာရှင်သန်နေရပုံပေါ်သည်။ သဘာဝအတိုင်းဖြစ်ထွန်းနေသည်။

ထို့နောက် ကျွန်တော်တို့အဖွဲ့ သဘောင်းတောင် ကျေးရွာသို့ရောက်ပြီး ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောအသုံးပြုသူများအဖွဲ့နှင့်တွေ့ကြသည်။ ထို့နောက် ၎င်းတို့ လုပ်ထားသည့် ရွှံ့ကဏန်းမွေးမြူရေးခြံကိုသွားကြည့်ကြသည်။ လတာပြင်နှင့်စိမ့်မြေများမို့ ခြေတစ်လှမ်းတိုင်းက အားစိုက်ရသည်။ ခြေလှမ်းတိုင်းကရွှံ့နွံထဲခြေကျင်းဝတ်လောက်မြုပ်မြုပ်သွားသည်။

ကဏန်းခြံပေ ၅၀ပတ်လည်ကို နိုင်လွန်ပိုက်ဖြင့် ကာရံထားသည်။ ကဏန်းမျိုးကောင်ရေ ၁၀ပိဿာ၊ ခန့်မှန်းကောင်ရေ ၃၀၀ခန့်ကို (၈)လပိုင်းကတည်းက ထည့်သွင်းမွေးမြူထားသည်။ ကဏန်းတွေကိုတော့ တစ်ကောင်မှမမြင်ရ။

“ကဏန်းတွေကိုတော့ မြင်ရမှာမဟုတ်ဘူး။ သူတို့အကုန်လုံး ရွှံ့ထဲတိုးနေကြတာ”

(၄)လ ကြာအောင်မွေးထား

မည်။ ဒီဇင်ဘာလမှာ ဖော်မည်ဟုဆိုသည်။ အစာက ငါး သေးငါးနုတ်ကလေးများကို အတုံးကလေးတွေ လုပ်ကျွေး ပြီး ၃ရက်လျှင် တစ်ပိဿာကုန်သည်ဟုဆို၏။

''ဖေါ်ချိန်မှာ ဘယ်လောက်ရမယ်မှန်းလဲ''

''ပိဿာ ၃၀လောက်တော့မှန်းတယ်။ ရွာမှာတော့ တစ်ပိဿာ တစ်သောင်းနှစ်ထောင်၊ မြို့မှာတော့ တစ် ပိဿာ တစ်သောင်းလေးထောင်ရတယ်''

တစ်ခါဖေါ် ၄ သိန်းလောက်ပဲရမှာပေါ့၊ နည်းလှ ချည်လား''

''အရင်းလည်းသိပ်မများပါဘူး။ မျိုးဖိုးနဲ့အစာဖိုး က အားလုံးတစ်သိန်းဖိုးလောက်ပါပဲ။ ပိုက်ဖိုးတွေကတော့ အစကနဦးဆိုတော့ ကုန်တာပေါ့လေ။ နောက်အခါတွေမှာ တော့ ပိုက်ဖိုးမကုန်တော့ဘူးပေါ့''

''ပေ ၅၀ပတ်လည်အစား ခပ်ကြီးကြီးလုပ်ပါ လား''

ပြုံးလျက် ''လုပ်မယ်လေ၊ အခုက ကျွန်တော်တို့ လည်း စမ်းသပ်တာဆိုတော့ တွက်ခြေကိုက်ရင် တစ်ဧက အကျယ်လောက်ထိလုပ်မယ် မှန်းထားတယ်''

ကျွန်တော်တို့အဖွဲ့ နောက်တစ်ရွာသို့ဆက်ထွက်ကြ သည်။ စစ်ဘုရွာဖြစ်သည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောအသုံးပြုသူများအဖွဲ့က ကြိုတင်စောင့်နေသည်။ သူတို့ကလည်း ရွံ့ကဏန်းမွေးခြံကို ပေ၅၀ပတ်လည် လုပ် ထားသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောရေိယာ အတွင်းမှာ ဆောင်ရွက်ထားပြီး ငုတ်ဟောင်းတွေကိုပြရင်း–

'အရင်က ဒီနေရာတွေဟာ စည်းမဲ့ကမ်းမဲ့ ဒီရေ တောတွေကို အလွန်အကျွံခုတ်ခဲ့တဲ့နေရာတွေပေါ့၊ ကြိုးပြင် ကာကွယ်တောဖွဲ့လိုက်တော့ ထိန်းလို့ရသွားတယ်၊ကျွန်တော် တို့က CF လုပ်လိုက်တော့ ပိုထိန်းလို့ကောင်းသွားတာပေါ့'

သူတို့ကဏန်းခြံတစ်နေရာကို လက်ညှိုးထိုးပြရင်း–

'နိုင်လွန်ပိုက်ကိုကြွက်ဖောက်သွားတယ်၊ ကဏန်း တွေများထွက်သွားကြပြီလားမသိ၊ ကြွက်သွားတဲ့လမ်း ကြောင်းကျနေတယ်ထင်တယ်၊ ပြန်ဖာရဦးမယ်ဗျ'

သူတို့ကဏန်းခြံစလုပ်တာက သဘောင်းတောင် ရွာကလုပ်တဲ့အချိန်နဲ့ မတိမ်းမယိမ်း။ ကဏန်းဖေါ်မဲ့အချိန်၊ အရင်းအနှီးနဲ့အမြတ်ငွေခန့်မှန်းချက်တွေက သဘောင်း တောင်နဲ့သိပ်မကွာခြား။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောအကြောင်း၊ ကဏန်းမွေးမြူရေးအကြောင်းတွေ ဆွေးနွေးပြီးကြတော့ ကျွန်တော်တို့အဖွဲ့ ခိုတောင်ရွာသို့ ဆက်ကြသည်။

ခိုတောင်ရွာကိုရောက်တော့ သူတို့ရဲ့ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင်သစ်တောကိုကြည့်ကြသည်။ သူတို့ လည်း ရွံ့ကဏန်းမွေးမြူရေးခြံကို သူတို့ရဲ့ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောရေိယာအတွင်းမှာ လုပ်ကြမည်။ အခုထိတော့မစရသေး။ လိုအပ်သောပစ္စည်းတွေကိုတော့ ဝယ်ပြီးကြပြီ။

'ဘာလို့လုပ်ငန်းမစသေးတာလဲ'

'သဘောင်းတောင်နဲ့စစ်ဘုကိုသွားလေ့လာဦး မယ်၊ သူတို့လုပ်ထားတာကြည့်မလို့'

'ဘာလို့လုပ်ငန်းမစသေးတာလဲ'

'သဘောင်းတောင်နဲ့စစ်ဘုကိုသွားလေ့လာဦး မယ်... သူတို့လုပ်ထားတာကြည့်မလို့'

ကျွန်တော်တို့က ထိုရွာတွေမှာ တွေ့မြင်လေ့လာခဲ့ ရတာတွေ ပြောပြရင်း–

'ခင်ဗျားတို့လည်း ကဏန်းမွေးမြူရေးသင်တန်းကို သူတို့နဲ့အတူတူတက်ခဲ့ပြီးသားတွေပဲ'

သူကစဉ်းစားတွေးတောလျက်–

အင်း... သင်တော့သင်ခဲ့တာပဲ၊ သူတို့လုပ်ထားတာ တော့ လက်တွေ့သွားကြည့်ဦးမယ်'

အစဆိုတော့ သူတို့ချီတုံချတုံ၊ ကျွန်တော်တို့က ကဏန်းမွေးမြူရေးနည်းစနစ်များ ပြန်ဆွေးပေးသည်။ သူတို့ လုပ်ရဲလာအောင် အားပေးရသည်။

သူတို့ဆီကထွက်လာပြီးသော် ပြင်သာရွာကို ရောက်ကြသည်။ CFUGs နဲ့တွေ့တော့ သူတို့၏ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင်သစ်တောရေိယာကို ကြည့်ရှုကြသည်။ ငုတ်ဟောင်းမဲမဲတွေက အရင်ကဒီရေတောများ အနိုင်ကျင့် ခံရပုံကိုသက်သေပြနေသည်။ အပင်အသစ်များ ငုတ်တက် အသစ်များက ဒီရေတောများကို ထိန်းသိမ်းလာသည့် အခြေအနေကိုပြောပြနေသည်။

'အရင်က ဒီလိုဘယ်ဟုတ်လိမ့်မလဲ၊ ခုတ်လိုက် ကြတာ၊ ခုတ်လိုက်ကြတာများ၊ ကျုပ်တို့ရွာကလည်းခုတ်။ အခြားရွာတွေကလည်း လာခုတ်ကြတာပေါ့'

ခုတ်ကောင်းကောင်းနဲ့ခုတ်လိုက်ကြတာ၊ ရေလုပ် ငန်းနဲ့ အသက်မွေးကြသူအများမို့ ကြာတော့ သူတို့အခေါ် ရေစားကျက်များပျက်စီးလာသည်။ နေ့စဉ်ဝင်ငွေလျော့လာ သည်။ ငါး၊ ပုစွန်၊ ကဏန်းအရင်လိုဖမ်းလို့မမိတော့။ စား ဝတ်နေရေးအတွက်ခက်လာသည်။ သူတို့သိလာချိန်မှာ သူ တို့ရွာအနေနဲ့ထိန်းသိမ်းချင်သည်။ သို့သော်ထင်တိုင်းမ ပေါက်။ ကိုယ့်ရွာသားတွေက မခုတ်သော်လည်း အခြားရွာ တွေက လာခုတ်ကြမြဲ။ သူတို့တားသော်လည်း မရ။

အခြားရွာသားတွေလာခုတ်ရင်–'ကျုပ်တို့က တား တဲ့အခါ၊ မင်းတို့ပိုင်တာလားလို့မေးတော့ ကျုပ်တို့လည်း မဖြေတတ်ဘူး။ သစ်တောဌာနက ကာကွယ်တောလာလုပ် တော့ ကျုပ်တို့ကဝမ်းသာတာပေါ့။ အခြားရွာတွေက အရင် လိုလာမခုတ်တော့ဘူး၊ ကျုပ်တို့ကို CF ပြန်ပေးတော့ ပိုကြိုက်တာပေါ့'

ဒီရေတောများ ခုတ်ထွင်ပျက်စီးလာသောအခါ ဒီရေရောက်တောအပေါ်မှီခိုပြီး ဘဝစက်ဝန်းလှည့်ပတ် ရှင် သန်ရသည့် ငါး၊ပုစွန်၊ ကဏန်းစသော ရေသယံဇာတများ

လည်း လျော့နည်းပျက်စီးလာသလို၊ ရေလုပ်ငန်းအပေါ်မှီခိုရသည့်ဒေသခံများ၏ စားဝတ်နေရေးလည်းကျပ်တည်းလာသည်။ ဒီရေရောက်တောများသာ ကောင်းမွန်ပါက ကဏန်းဆိုတာ အလွန်ပင်ပေါက်ဖွားလွယ်သည်။

မြန်မာနိုင်ငံ၏ကမ်းရိုးတန်းဒေသများဖြစ်သော ရော၀တီတိုင်းဒေသကြီး၊ မြစ်၀ကျွန်းပေါ်ဒေသရှိ ဒီရေတောများ၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးရှိ ဒီရေတောများတွင် ဒီရေတောကဏန်းကို အများအပြားတွေ့ရှိရပြီး ရန်ကုန်တိုင်းဒေသကြီး ဒီရေဝင်ရောက်သောနေရာများတွင် အနည်းငယ်တွေ့ရှိရသည်။ မြန်မာနိုင်ငံ၌ ဒီရေတောကဏန်း(၃)မျိုးတွေ့ရှိသည့်အနက် Scylla Serrata သည် ရေငန်နှုန်းမြင့်မားသည့် ဒဏ်ကိုခံနိုင်ပြီး ရခိုင်ကမ်းရိုးတန်းဒေသနှင့် တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်တွင် အများဆုံးတွေ့ရှိရသည်။ Scylla oliveacea နှင့် Scylla tranquebarica မျိုးစိတ်တို့မှာ ရေအငန်နှုန်းနိမ့်သော ရော၀တီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် အများဆုံးတွေ့ရှိရသည်။ ဒီရေတောကဏန်းကို အခွံမာကဏန်းဖြစ်စေ၊ အခွံပျော့ကဏန်းဖြစ်စေ ဈေးကောင်းသော ရေထွက်ကုန်ပစ္စည်းအဖြစ် ပြည်ပသို့တင်ပို့လျက်ရှိပါသည်။ အရသာကောင်းမွန်ပြီး အလွယ်တကူချက်ပြုတ်စားသောက်နိုင်သော ကဏန်းအရည်ပျော့များကို တရုတ်၊ ကိုရီးယား၊ ဂျပန်နှင့်ထိုင်းနိုင်ငံများသို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိပါသည်။ ကဏန်းအမာပင်လျှင် အကောင်အကြီးအသေးရောရာ တစ်ပိဿာကို တစ်သောင်းခွဲဈေးဖြင့် မြိတ်ဒိုင်များမှ ၀ယ်သည်။

ဒီရေတောကဏန်းသည် အစုံစားသတ္တ၀ါအမျိုးအစားဖြစ်ပြီး ခရု၊ ကမာ၊ ရေညှိ၊ ရေမှော်နှင့်အဆီအနှစ်ရှိသောမြေဆီလွှာများကိုလည်းစားသည်။ ဒီရေတောများသည် ဒီရေတောကဏန်းများအတွက် အစာနှင့်နေထိုင်ကျက်စားရာအထောက်အပံ့ဖြစ်သည်။ အရွယ်ရောက်သော ဒီရေတောကဏန်းမများသည် တစ်နှစ်ပတ်လုံး ဥဆောင်သားပေါက်နိုင်ပြီး မိုးရာသီတွင် အများဆုံးဖြစ်သည်။ အရွယ်ရောက်ပြီးသော ကဏန်းမများသည် တစ်ကြိမ်မိတ်လိုက်ပြီးပါက တစ်နှစ်ပတ်လုံးသားပေါက်နိုင်သည်။

ဒီရေတောကဏန်း(mud crab)သည် မျိုးပွားချိန်ရောက်လျှင် အထီးနှင့်အမများသည် ပင်လယ်မြစ်၀သို့ဆင်းပြီး အမများသည် ဥ အုချရန် ပင်လယ်ထဲသို့ဆင်း၍ သားပေါက်လေ့ရှိသည်။ ကဏန်းမတစ်ကောင်လျှင် ဥ အရေအတွက်(၅၀၀၀၀)ကျော်မှ (၃၀၀၀၀၀)ကျော်အထိ ဥဆောင်နိုင်သည်။ ပင်လယ်ထဲတွင် ဥချသားပေါက်ခဲ့သော သားလောင်းများသည် ဒီရေစီးကြောင်းအတိုင်းမျောပါပြီး သားလောင်းအဆင့်ဆင့်ပြောင်းလဲကာ ဒီရေတောအတွင်း ပြန်လည်ရောက်ရှိလာကြပြီး အရွယ်ရောက်ကာ ဘ၀စက်ဝန်းလည်ပတ်ကြသည်။

သို့မှ ဘ၀စက်ဝန်းတွင်အရေးပါသော ဒီရေတောများပျက်စီးလျှင် ကဏန်းများဖမ်းဆီးရမိမှု နည်းလာခြင်းဖြစ်သည်။

ဒီရေတောများထိန်းလိုက်သည်နှင့် တောကတက်လာတာမြန်သည်။ သူတို့ရေစားကျက်လည်း အကောင်းဘက်သို့ဦးတည်လာသည်။ အရင်ကထက် ငါး၊ ပုစွန်၊ ကဏန်းများပိုမိုဖမ်းဆီးရမိလာသည်။ ၀င်ငွေပိုကောင်းလာသည်ဟုပြောသည်။ ရေယာအတွင်း လှည့်လည်ကြည့်ကြရင်း–

'CF အဖွဲ့တွေပဲ ဖမ်းခွင့်ပေးတာလား'

'အဖွဲ့၀င်မဟုတ်လည်း တစ်ရွာလုံးဖမ်းလို့ရပါတယ်၊ အခြားရွာက လာဖမ်းတာလည်းခွင့်ပြုထားတယ်၊ အပင်မခုတ်ရင်ဘယ်သူ့မှမတားပါဘူး'

CF ရေယာအတွင်း ရွံ့ကဏန်းမွေးမြူမည့်နေရာကိုကြည့်ကြသည်။ သူတို့လည်း ကဏန်းခြံလုပ်ရန်လိုအပ်သောပစ္စည်းများ ၀ယ်ပြီးပြီ။ သဘောင်းတောင်နဲ့စစ်ဘုကိုသွားပြီးလေ့လာဦးမည်ဟုဆိုသည်။

ကျွန်တော်တို့က ထိုရွာက ကဏန်းခြံတွေ၏ ဓာတ်ပုံတွေပြရင်း–

'တွေ့လား... ဒီမှာ... ခင်ဗျားတို့သင်တန်းမှာ သင်ခဲ့တဲ့အတိုင်းပဲ'

'ပထမဆုံးစလုပ်တာဆိုတော့ သေသေချာချာလေး ပြင်ဆင်ချင်လို့ပါ'

ကဏန်းမွေးမြူရေးနည်းစနစ်များကို သူတို့နဲ့လည်း ပြန်နွေးကြ၊ ဆွေးနွေးကြသည်။

သူတို့အားလုံးမျှော်လင့်ချက်တွေ ပြင်းပြသည်။ ရောက်ပြီးခဲ့သည့်ရွာတွေမှာလည်းထို့အတူ။ သူတို့ CFUGs တွေ ကဏန်းမွေးကြတာကို ရွာကလူတွေအားလုံးကစောင့်ကြည့်လေ့လာနေကြသည်ဟုဆိုသည်။

'ကျုပ်တို့အောင်မြင်မှ ဖြစ်မှာဗျ။ ရွာကကျုပ်တို့ကိုစောင့်ကြည့်နေတာ... ကျုပ်တို့အောင်မြင်ရင်တော့ တစ်ရွာလုံးလိုက်လုပ်ကြမှာ'

သဘာ၀ဒီရေတောများကောင်းမွန်သလို ဒေသခံပြည်သူအစုအဖွဲ့ပိုင်ဒီရေတောများလည်း ကောင်းကြသည်။ CF အဖွဲ့တွေကတက်ကြွသည်။ အဖွဲ့၀င်မဟုတ်သော်လည်း ဒီရေတောတွေကောင်းလာတာ၊ ရေစားကျက်တွေ ကောင်းလာတာကို ရွာသားတွေသဘောကျသည်။ အားလုံးအကျိုးကို။

ဒီရေတောများကတော့ တွေ့ရမြင်ရသမျှ နေရာတိုင်းမှာကောင်းမွန်စွာ ရှင်သန်လျက်ရှိနေပုံရသည်။ ဒီရေတောများ၏ ကောင်းမွန်စွာရှင်သန်မှုသည် ဒေသခံများ၏ လူမှုစီးပွားဘ၀ ကောင်းမွန်စွာ ရှင်သန်နေမည်ဟု ပြဆိုသည့် သင်္ကေတဖြစ်သည်။

# Adaptation Programme and Project to Climate Change in Myanmar

By
U Sein Thet
Director (Rtd), Chairman, FREDA

Adaptation is a process by which individuals, communities and countries seek to cope with the consequences of climate change. The process of adaptation is not new; the idea of incorporating future climate risk into policy-making and understanding of climate change, its potential impacts, and the availability of practical guidance on adaptation. Through Swiss, Canadian and Dutch funding, the National Communications Support Unit of the United Nations Development Programme has developed Adaptation Policy Frameworks for Climate Change: Developing Strategies, Policies and Measures. The development of the Adaptation Policy Framework (APF) is intended to help provide the rapidly evolving process of adaptation in policy-making with a much-needed roadmap. Ultimately, the purpose of the APF is to support adaptation processes to protect-and enhance-human well-being in the face of climate change. The APF will assist Parties in mainstreaming the development of national strategies for adaptation in the sustainable development policy context. Other features include the involvement level, and the integration of adaptation measures with natural hazard reduction and disaster prevention programmes. All of these elements are being developed in the dual context of capacity building and the need to strengthen adaptive capacity.

Recognizing that climate change represents an urgent and potentially irreversible threat to human societies and the planet and thus requires the widest possible cooperation by all countries, and their participation in an effective and appropriate international response, with a view to accelerating the reduction of global greenhouse gas emissions, Parties have to communicate their first nationally determined contribution no later than when the Party submits its respective instrument of ratification, accession, or approval of the Paris Agreement. If a Party has communicated an intended nationally determined contribution prior to joining the Agreement, that Party shall be considered to have satisfied this provision unless that Party decides otherwise. It is agreed that the information to be provided by Parties communicating their nationally determined contributions, in order to facilitate clarity, transparency and understanding, may include, as appropriate, inter alia, quantifiable information on the reference point (including, as appropriate, a base year), time frames and/or periods for implementation, scope and coverage, planning processes, assumptions and methodological approaches including those for estimating and accounting for anthropogenic greenhouse gas emissions and, as appropriate, removals, and how the Party considers that its nationally determined contribution is fair and ambitious, in the light of its national circumstances, and how it contributes towards achieving the objective of the Convention. The Adaptation Committee and the Least Developed Countries Expert Group need/have to jointly develop modalities to recognize the adaptation efforts of developing country Parties, and Parties to strengthen regional cooperation on adaptation where appropriate and, where necessary, establish regional centres and networks, in particular in developing countries.

As Myanmar is located in the centre of the southwest monsoon, heavy rain-induced floods occur in many parts of the country. The coastal area, with its shoreline covering more than 50% of the entire eastern side of the Bay of Bengal and the Andaman Sea, is particularly prone to cyclones and associated strong wind, heavy rain and storm surge. With an estimated population of 51.4 million (as of 2014), of which two-thirds reside in rural areas, Myanmar is the largest country in Southeast Asia and among the region's most ethnically-diverse. Categorised as one of the world's least-developed states, Myanmar ranks 149 out of 187 countries and territories assessed in the 2011 United Nations Development Programme (UNDP) Human

Development Report: with a Human Development Index (HDI) of 0.483, significantly below the regional average of 0.6713. Myanmar is exposed to various climate hazards such as cyclone, heavy rain, flood, extreme temperatures, drought and sea level rise. The events may be further complicated by climate change due to global warming. Regular exposure to environmental hazard and vulnerability to the effects of climate change also exacerbate existing constraints on socio-economic development in Myanmar. Coastal regions are exposed to cyclones, tropical storms and tsunamis, while hilly areas further north suffer from periodic landslides which are often associated with environmental degradation. Rainfall-induced flooding is a recurring phenomenon across the country, with the risk of earthquakes similarly widespread.

Despite being a relatively low greenhouse gas (GHG) emitter, Myanmar wishes to undertake a series of actions to demonstrate its commitment to climate change mitigation and options for adaptation. The Country has submitted its Initial National Communication and is processing to submit the 2nd National Communication. It has a National Adaptation Plan of Action (NAPA) prepared in 2012. A number of sectoral actions are being conducted to address climate change. Importantly, Myanmar has launched and is implementing the Myanmar Climate Change Alliance Programme (MCCA) within the Ministry of Environmental Conservation and Forestry (MoECAF) (Now Ministry of Natural Resources and Environmental Conservation -MONREC) executed by UN-Habitat and UNEP with funds from the European Union. Under this framework, and in order to promote sustainable growth and address both the challenges of climate change mitigation and adaptation, works has begun to develop a National Climate Change Strategy (NCCS) and sectoral action plans. Forest Department has endeavoured to conserve and rehabilitate forested areas inside watersheds to ensure sustainability of watersheds and to protect sedimentation inside dams and reservoirs by formulating Action Plans for establishing Watershed Plantations in Watershed area of Major Dams, Reservoirs and Water Sources based on five year intervals. The Disaster Risk Reduction Working Group (DRRWG) was formed in 2008, during the early recovery phase of cyclone Nargis, and has since grown into a diverse network of agencies working for DRR interventions in Myanmar. Nowadays, the Government of Myanmar has been promoting Green Economy Green Growth for the sustainable development of the country. At Union Level, Myanmar Climate Change Alliance (MCCA) was formed in October 2013 in order to handle climate change related issues effectively.

Myanmar is highly vulnerable to environmental pressure potentially in the socio-economic sectors such as agriculture, forestry, live-stock, public health, biodiversity, water resources, industry, transport and energy sectors and early warning system. Majority of the national population is engaged in one way or another on agriculture and livestock-raising. Extreme climate events mean unfavourable livelihood to the country. The impact is more severe in the higher population density area in coastal regions and flat plain areas along the Ayeyarwaddy, Chindwin, Thanlwin and Sittaung Rivers systems every year. Myanmar needs adaptation measures in various socio-economic sectors and stakeholders.

In 2011, Myanmar launched a NAP project with financial assistance from GEF/UNEP, a project management team and a multidisciplinary integrated assessment team was established to carry out the study. Department of Meteorology and Hydrology was the responsible agency for the project. Priority Adaptation Projects as well as sectors were selected^prioritized using participatory discussions and analyses including expert opinion as well as community and cultural^traditional knowledge. The project identified 32 adaptation projects. Capacity building, knowledge and monitoring requirements were considered and contrasted across all 32 Priority Adaptation Projects. Sectors in which Priority Adaptation Projects should be implemented first include: 1) Agriculture, Early Warning Systems and Forest (First Priority Level Sectors). This is followed by: 2): Public Health and Water Resources (Second Priority Level Sectors); 3) Coastal Zone (Third Priority Level Sector); and 4): Energy and Industry, and Biodiversity (Fourth Priority Level Sectors). The overarching goal of the NAPA is to identify and communicate priority activities to address Myanmar's immediate and

urgent adaptation needs for implementation in Myanmar that will assist the country to adapt to climate change impacts by building/ enhancing resilience of vulnerable communities. The objectives of the NAPA are to: i) communicate observed and projected climate change impacts in Myanmar; ii) prioritise adaptation projects for eight main sectors/ themes, namely Agriculture, Early Warning Systems, Forest, Public Health, Water Resources, Coastal Zone, Energy and Industry, and Biodiversity; iii) assist Myanmar in achieving its national development goals and strategies, including the Myanmar Agenda 21, the National Sustainable Development Strategy (2009), and the Millennium Development Goals; and iv) communicate NAPA Priority Adaptation Projects for implementation in Myanmar for addressing immediate climate change adaptation needs and thereby building the climate change resilience of vulnerable communities. It is important that Myanmar's existing goals, strategies, institutions, policies, plans and treaties/ agreements form the framework to support NAPA Priority Projects. Therefore, potential synergies between identified NAPA Project Options and the national development framework (e.g., strategies, institutions, policies, plans and treaties/agreements) was included as a selection criteria when prioritising projects for implementation. Myanmar has obtained limited funds for development and climate change initiatives, meaning that its level of activity in the areas of climate change adaptation is very low compared to other developing countries in East and Southeast Asia.

Developing countries such as Myanmar have low adaptive capacity to withstand the adverse impacts of climate change due to the high dependence of a majority of the population on climate-sensitive sectors, such as agriculture, forestry and fisheries, coupled with poor infrastructure facilities, weak institutional mechanisms and lack of financial resources. Integration of Climate Change Concerns (CCCs) into development plans and programs is of vital importance to Myanmar in view of further enhancing its low-carbon economy and reducing its vulnerability to climate change challenge. Both GHG emission mitigation and adaptation to climate change are indispensable and complementary.

The Government of Myanmar has taken several steps to address the impact of environmental stresses on socio-economic sectors. These include policies, strategies, plans and programmes that focus on i) sustainable development; ii) sustainable utilization of natural resources; iii) forest conservation; iv) disaster risk reduction; and v) environmental protection. Almost all the ministries have laid out policies, objectives and strategies for developing their respective socio-economic sectors. These strategies are indirectly related to climate change adaptation as they encourage sustainable development of socio-economic sectors and this "sustainable aspect" overlaps in general with adaptation strategies for reducing climate change impacts. Some activities undertaken primarily for mitigation purposes might be associated with adaptation benefits. Forestry is one of the sectors where there is a large recognized potential for adaptation co-benefits of mitigation actions. For example, forestry activities undertaken to deliver greenhouse gas impacts may also provide a range of ecosystem-based adaptation benefits and services depending on their location.

Information about current climate change and possible climate in the near future may be disseminated timely and effectively to the key socio-economic sectors and different stakeholders including public through various media available, but with special emphasis on the targeted region. To reduce the vulnerability to the possible climate change impacts, policies, legislations and other supporting tools are to be developed collectively. It will help identify and implement adaptation strategies, ensuring the continued progress of Myanmar towards a peaceful modern developed country. In this context, institutional strengthening, technology innovation and transfer, provision of advanced tools and equipment, enabling condition with adequate funds and collaboration with relevant institutions and agencies at the national, regional and international levels are indispensable.

# ကျီရီးယန်းသစ္စာ

အုန်းလွင်လေး







မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားလူမျိုးများပြားပြီး ရိုးရာဓလေ့ထုံးတမ်းစဉ်လာအစုံဖြင့် တောင်ပေါ်မြေပြန့် ပျံ့နှံ့စွာမှီတင်းနေထိုင်သကဲ့သို့ မြန်မာနိုင်ငံ၏မတူကွဲပြားသည့် မြေမျက်နှာသွင်ပြင် ပထဝီအနေအထား၊ ရာသီဥတု၊ မြစ်၊ ချောင်း၊ ပင်လယ်ကမ်းရိုးတန်းများနှင့် တောတောင်အနေအထားတို့အရ ဂေဟစနစ်မျိုးစုံလည်းတည်ရှိနေပါသည်။

ဖြစ်တည်နေသည့် ဂေဟစနစ်များပေါ်မူတည်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံအနှံ့အပြားတွင် သိပ္ပံကြိုးဝိုင်း၊ အမျိုးသားဥယျာဉ်၊ အဏ္ဏဝါအမျိုးသား ဥယျာဉ်၊ သဘာဝကြိုးဝိုင်း၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေ၊ ဒေသအစုအဖွဲ့သဘာဝ ထိန်းသိမ်းရေးနယ်မြေအမျိုးအစား (၇)မျိုးအား သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် ဖွဲ့စည်းသတ်မှတ်လျက်ရှိရာ ယနေ့အချိန် အထိ သတ်မှတ်ဖွဲ့စည်းပြီးသဘာဝထိန်းသိမ်းရေးနယ်မြေ(၄၅) ခု၊ ဧရိယာ (၉၇၈၃၃၁၂.၇၂)ဧက၊ (မြန်မာနိုင်ငံဧရိယာ၏၅.၈၅%)အား သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် ဖွဲ့စည်းသတ်မှတ်ခဲ့ပြီး ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေဖြင့် ထိန်းသိမ်းကာကွယ်လျက်ရှိပါသည်။

မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝပြီး ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေများရှိရာ သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် ထပ်မံဖွဲ့စည်းသတ်မှတ်ရန်အဆိုပြုထားသည့် ဧရိယာများ၊ သတ်မှတ်ဖွဲ့စည်းရန် ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားသည့်နေရာများလည်းရှိပါသည်။ မြန်မာနိုင်ငံအနောက်မြောက်ဘက် ရာသီဥတု၊တောတောင်၊မြေမျက်နှာသွင်ပြင်၊ ပထဝီအနေအထားထူးခြားသည့် ချင်းပြည်နယ်တွင် နတ်မတောင်အမျိုးသားဥယျာဉ်၊ဖွေ့ပါးတောင်အမျိုးသားဥယျာဉ်၊ ကီမိုတောင်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော သဘာဝထိန်းသိမ်းရေးနယ်မြေ (၃)ခုအား ဖွဲ့စည်းသတ်မှတ်ခဲ့ပြီး ကျီရီးယန်းတောင်၊ ကနေဒီ(ခေါ်)လေသာတောင်၊ မီအေပီတောင်၊ ဇိန်မူတောင်၊ စာမွှန်းတောင်တို့ကို အမျိုးသားဥယျာဉ်၊ မှူန်တောင် ဒေသခံအစုအဖွဲ့သဘာဝထိန်းသိမ်းရေးနယ်မြေနှင့် မိုးဆစ်တောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့အား သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် ဖွဲ့စည်းသတ်မှတ်နိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။

ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ထန်တလန်မြို့နယ်အတွင်း အိန္ဒိယနယ်စပ်နှင့် ကပ်လျက်တွင်တည်ရှိသည့် သီးကီးရ်ကျေးရွာ၏ မြောက်ဘက် ကျီရီးယန်းတောင်နယ်မြေအား သက်ဆိုင်ရာဒေသခံတို့၏ ဆန္ဒသဘောထားအရ မြို့နယ်/ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ချင်းပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်တို့ဖြင့် ကျီရီးယန်းတောင်အမျိုးသားဥယျာဉ်အဖြစ် ဖွဲ့စည်းသတ်မှတ်နိုင်ရေးအတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်



ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၈) ဖြင့် ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။

ကျီရိုးယန်းတောင်သည် ဟားခါးမြို့မှ (၆၆)မိုင် အကွာ သီးကီးရ်ကျေးရွာမြောက်ဘက်တွင်ရှိပါသည်။ သက်နုကျောက်သားများဖြင့် ဖွဲ့စည်းထားပြီး အမြင့်ပေ(၄၀၀၀) ဝန်းကျင်ရှိ၍ တောင်၏ပတ်ဝန်းကျင်တွင် ပြန့်ပြူးမြေပြင် အနည်းငယ်သာရှိပြီး ပေ(၃၅၀၀)မှ ပေ(၆၀၀၀)ကျော်ထိ တောင်များရှိ၍ ထူးခြားသည့်ဂေဟစနစ်မျိုးစုံနှင့် ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝသည့် အနေအထားရှိပါသည်။ ကျီးရိုးယန်းတောင်ပေါ်နှင့်ဝန်းကျင်တွင် ထင်းရှူး၊သစ်အယ်၊မိုင်းဘော၊ တောင်ဇလပ်၊ သစ်ခွ၊ ကြိမ်၊ ဝါးနှင့် မြက်အပင်မျိုးများ အပါအဝင် အပင်မျိုးစိတ်ပေါင်း (၉၂)မျိုး ပေါက်ရောက်၍ အောက်ချင်း၊ အောင်လောင်အပါအဝင် ငှက်မျိုးစိတ် (၆၄) မျိုးစာရင်းကောက်ယူရရှိပြီး ကျားသစ်၊ အင်းကျား၊ တောင်ဆိတ်၊ ဝက်ဝံစသည့် နို့တိုက်သတ္တဝါမျိုးစိတ်(၃၇)မျိုး ကျင်လည်ကျက်စားလျက်ရှိကြောင်း ဒေသခံများထံမှ စုံစမ်းသိရှိရပါသည်။ တောရိုင်းတိရစ္ဆာန်များအနေဖြင့် အိန္ဒိယ–မြန်မာနှစ်နိုင်ငံနယ်နိမိတ် ဖြတ်ကျော်၍ အိန္ဒိယနိုင်ငံအတွင်းရှိ တောတောင်များသို့လည်း ကူးလူးလှည့်လည်ကျက်စားလျက်ရှိပါသောကြောင့် ကျွမ်းကျင်ပညာရှင်များက ရာသီအလိုက်အချိန်ပေး၍ စုံစမ်းလေ့လာမှုများပြုပါက သားငှက်တိရစ္ဆာန်မျိုးစိတ်များ ထပ်မံမှတ်တမ်းတင်နိုင်မည်ဖြစ်သကဲ့သို့ အပင်မျိုးစိတ်များကိုလည်း ထပ်မံမှတ်တမ်းတင်နိုင်မည် ဖြစ်ပါသည်။

ကျီရိုးယန်းတောင်၏ တောင်ဘက်တွင် သီးကီးရ်ကျေးရွာအုပ်စု (သီးကီးရ် 'က'နှင့် 'ခ'ကျေးရွာ)၊ အနောက်ဘက်နှင့် အနောက်တောင်ဘက်တွင် ရှာလန်ကျေးရွာအုပ်စု (ရှာလန်၊ မွမ်ဟာ့ရ်၊ ဘနော့တလန်ကျေးရွာ)တို့၌ ဒေသခံချင်းတိုင်းရင်းသားလူဦးရေ(၂၀၀၀)နီးပါး နေထိုင်ကြပြီး တစ်ချိန်က တောင်ယာစိုက်ပျိုးခြင်း၊တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသော်လည်း ယခုအချိန်တွင် လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှဆောင်ရွက်လျက်ရှိပါသည်။

သီးကီးရ်'ခ'ကျေးရွာတွင် ပညာရေးကဏ္ဍ အတွက် အထက်တန်းကျောင်း၊ ကျန်းမာရေး ကဏ္ဍအတွက် (၁၆)ကုတင်ဆံ့ဆေးရုံ၊ စိုက်ပျိုးရေးအတွက်ရေ၊ သောက်သုံးရေနှင့် ရေအားလျှပ်စစ်ထုတ်ယူနိုင်ရန်အတွက် သီးကီးရ်ဆည်တို့ကို တည်ဆောက်ထားရှိပြီးဖြစ်ပါသည်။ ဆက်သွယ်ရေးအနေဖြင့် စာတိုက်လုပ်ငန်းနှင့်မိုဘိုင်းဖုန်းများ အသုံးပြုနေပြီး သီးကီးရ်(ခ)ရွာသို့ ပြောင်းရွှေ့နေထိုင်လာသည့် ချင်းတိုင်းရင်းသားများအတွက် စေတနာရှင်များက အိမ်ရာအသစ်များ ဆောက်လုပ်လှူဒါန်းပေးထားပါသည်။ ထန်တလန်–သီးကီးရ် တောင်ပေါ်တောင်ပတ်မော်တော်ကားလမ်းအား အဆင့်မြှင့်တင် တိုးချဲ့ဖောက်လုပ်လျက်ရှိရာ လမ်းဖောက်လုပ်ပြီးစီးပါက ကားဖြင့် ရာသီမရွေးသွားလာနိုင်မည်ဖြစ်ပါသည်။

သဘာဝထိန်းသိမ်းရေးနယ်မြေ ဖွဲ့စည်းသတ်မှတ်ရန် ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာထုတ်ပြန်ထားသည့် ဧရိယာအားဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးထိခိုက်နစ်နာမှုမရှိစေရန် ဒေသခံပြည်သူများအား လွတ်လပ်စွာ ကြိုတင်အသိပေးသဘောတူညီချက်ရယူခြင်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ကြေးတိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံတို့အတွက် မြေအသုံးချမှုများ၊ ဆိုင်ရာဆိုင်ခွင့်များနှင့် ဆက်စပ်ဌာနတို့၏ သဘောထားများရယူ၍ မူလ ရည်ရွယ်ထားသည့်ဧရိယာမှ ချန်လှပ်ခြင်း၊ ခွင့်ပြုနိုင်သည့် ဆိုင်ရာဆိုင်ခွင့်ပေးခြင်း၊ သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းတို့နှင့် ကြိုတင်ညှိနှိုင်းခြင်းတို့ကို အပြီးသတ်ဆောင်ရွက်ပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ၉ (က) အရ သဘာဝထိန်းသိမ်းရေးနယ်မြေဖွဲ့စည်း သတ်မှတ်ပါသည်။

ကျီရိုးယန်းတောင်အဆိုပြုအမျိုးသားဥယျာဉ် အားရည်ရွယ်ကြောင်းကြေညာရာတွင် မူလဧရိယာ(၈၃၇၈) ဧကဖြစ်သော်လည်း ကြေးတိုင်လုပ်ငန်းလုပ်ထုံးလုပ်နည်းအရ အဆင့်ဆင့်ဆောင်ရွက်ရပါသဖြင့် လုပ်ငန်းသဘောအရ ဒေသခံတို့အတွက် အခွင့်အရေးများမနစ်နာစေရန်အတွက် ရည်ရွယ်သည့်ဧရိယာမှ ချန်လှပ်ပေးရခြင်း၊ ကွင်းရှောင်ဖယ်ထုတ်ပေးခြင်းများ ရှိနိုင်သကဲ့သို့ ဒေသခံများတောင်းဆိုလာပါက ဆိုင်ရာဆိုင်ခွင့်များလည်း သတ်မှတ်ခွင့်ပြုရမည်ဖြစ်ပါသဖြင့် သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ဖွဲ့စည်းရာတွင် မူလရည်ရွယ်သည့် ဧရိယာအပေါ် အပြောင်းအလဲများရှိနိုင်ပါသည်။

မည်သို့ပင်ဆိုစေကာမူ သဘာဝထိန်းသိမ်းရေးနယ်မြေတစ်ခုဖွဲ့စည်းသတ်မှတ်ပြီးပါက နိုင်ငံအတွင်း သဘာဝထိန်းသိမ်းရေးနယ်မြေဧရိယာများ တိုးပွားလာခြင်း၊ ဒေသခံများ၏ ဘိုးဘွားစဉ်ဆက်ထိန်းသိမ်းခဲ့သည့်ဧရိယာကို ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေဖြင့် ကာကွယ်ထိန်းသိမ်းထားနိုင်ခြင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်းရှိ သစ်ပင်သစ်တောများအား ထိန်းသိမ်းကာကွယ်ထားပြီးဖြစ်၍ ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်ခြင်း၊ သဘာဝထိန်းသိမ်းနယ်မြေဧရိယာနှင့်ဝန်းကျင်တွင် ဇီဝမျိုးစုံမျိုးကွဲများ

ကြွယ်ဝလာခြင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုခြင်း၊ ဌာနေဒေသခံများအတွက် မိမိတို့ဒေသလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်ပင်သစ်တောများသည် အဓိကအခန်းကဏ္ဍမှပါဝင်နေကြောင်း အသိစိတ်ဓာတ်များရရှိပြီး သဘာဝထိန်းသိမ်းရေးနယ်မြေများတည်တံ့ရေးအတွက် ပူးပေါင်းပါဝင်လာခြင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများမှ တန်ဖိုးများကိုဒေသခံများခံစားရခြင်း၊ ဒေသခံများအတွက် ဝင်ငွေရလမ်းများဖော်ထုတ်နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများတိုးပွားလာခြင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေဖွဲ့စည်းရရှိသည့် အကျိုးအမြတ်များကို လက်ငင်းခံစားနိုင်သကဲ့သို့ နောင်လာနောင်သားတို့အား အမွေကောင်းများထားရှိပေးခြင်းစသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါသည်။

- အေးမြကြည်လင်တဲ့စိမ့်စမ်းရေစီးဆင်းပြီး တောင်စဉ်တောင်တန်းတွေ စုဝေးတည်ရှိတဲ့ ဘူမိရုပ်သွင်ထူးခြားရာ၊
- ရာသီအလိုက် တောင်ဇလပ်ပန်းတွေ ပင်လုံးကျွတ်မျှ ဖူးပွင့်လို့လှပရာ၊
- သက်ဆိုးတိုင် ဖိုမမောင်နှံထားရှိတဲ့ အောက်ချင်းငှက်သစ္စာ စတဲ့သင်္ကေတတွေနဲ့ ထင်ရှားတဲ့ချင်းပြည်နယ်–

အဲ့ဒီချင်းပြည်နယ်ထဲက ကျီရီးယန်းတောင်ဟာဆိုရင် ကျီရီးယန်းတောင်အမျိုးသားဥယျာဉ်ဖွဲ့စည်း သတ်မှတ်ပြီးပါက အမျိုးသားဥယျာဉ်ဆိုတဲ့ ဂုဏ်အင်္ဂါများဖြင့် ချင်းပြည်နယ်၏ နိမ့်မြင့်ကွဲပြားနေတဲ့မြေပြင်ပေါ်မှာ တင့်တယ်လှပဝင့်ကြွားစွာပွင့်လန်းနေသည့် တောင်ဇလပ်ပင်တွေရဲ့အထက် လွတ်လပ်လုံခြုံစွာကျင်လည်ကျက်စားပျံသန်းနေမည့် အောက်ချင်းငှက်တို့ အကျိုးအတွက်သာမက ညီနောင်သားရင်း ချင်းတိုင်းရင်းသားတို့ အကျိုးကိုလည်း ထာဝစဉ်သယ်ပိုးပါမည့်အကြောင်း ကျီရီးယန်းသစ္စာ ထားနေမည်မှာ မလွဲကေန်ပေ–



✱ ✱ ✱ ✱



# “ကမ္ဘာ့ရေဝပ်ဒေသများနေ့ (၂-၂-၂၀၂၀)” အထိမ်းအမှတ် အခမ်းအနားကျင်းပခြင်း




သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် မိုးယွန်းကြီးအပန်းဖြေစခန်း၊ မိုးယွန်းကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး၌ ကျင်းပပြုလုပ်ခဲ့သည့် “၂၀၂၀ ပြည့်နှစ်၊ ကမ္ဘာ့ရေဝပ်ဒေသများနေ့” အထိမ်းအမှတ်အခမ်းအနားကို တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

